## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး
## (၂၇)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက် )

[တနင်္လာနေ့]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

### အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ (၂၇)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

### အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၁၈)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၄၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၆၇.၄၃)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## **အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်။ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ (၂၇)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## **အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဒေါက်တာလှသိန်း၊ မွန်(၆)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောမြဝင်း၊ ကရင်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဂမ်ဆိုင်း၊ ကချင်(၂)၊ ကိုယ်ရေးကိုယ်တာ။ ဦးဂျေယောဝူ၊ ကချင်(၁၂)၊ မိသားစုလုပ်ငန်း။ ဒေါ်နန်းနီနီအေး၊ ကရင်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဌေးဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြင့်ကြည်၊ ရန်ကုန်(၈)၊ အခြေခံဥပဒေအစည်းအဝေး။ ဒေါက်တာဗညားအောင်မိုး၊ မွန်(၇)၊ အခြေခံဥပဒေအစည်းအဝေး။ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ အခြေခံဥပဒေအစည်းအဝေး။ ဦးထွန်းလွင်၊ ကချင်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြညိမ်း၊ ရန်ကုန်(၇)၊ အခြေခံဥပဒေအစည်းအဝေး။ ဦးမင်းမျိုးတင့်လွင်၊ ကရင်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက် ရန်။ ဦးစောအောင်ကျော်နိုင်(ခ)ရှားဘူးဖော့၊ ကရင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောသန်းထွန်း၊ ကရင်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမန်းကံညွန့်၊ ကရင်(၂)၊ ဖွံ့ဖြိုးရေး။ ဦးဝင်းမောင်၊ မန္တလေး(၂)၊ မိသားစုကျန်းမာရေး။ ဦးလှအေး၊ တနင်္သာရီ(၁၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးလှစိုး၊ တနင်္သာရီ(၉)၊ ဒေသ ဖွံ့ဖြိုးရေး။ ဦးနှင်းဝေ၊ ကယား(၁၂)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးညွန့်လှိုင်၊ ဧရာဝတီ(၄)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဒေါက်တာဌေးဝင်း၊ ဧရာဝတီ(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးထွန်းကျော်၊ ရှမ်း(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းဝင်းမောင်၊ ရှမ်း(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဦးရှုမောင်၊ ရှမ်း(၈)၊ ကျန်းမာရေး။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျားမောင်၊ တနင်္သာရီ(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ကျန်းမာရေး။ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်း(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဦးထွန်းမြင့်၊ စစ်ကိုင်း(၆)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးမြတ်ကို၊ စစ်ကိုင်း(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းတင့်၊ စစ်ကိုင်း(၁)၊ မိသားစု

ကျန်းမာရေး။ ဦးစတီဗင်သာဘိတ်၊ ချင်း(၄)၊ ကျန်းမာရေး။ ဦးပိုးရယ်အောင်သိန်း၊ ကယား(၈)၊ အခြေခံဥပဒေအစည်းအဝေး။ ဦးလှိုင်ဦး၊ ဧရာဝတီ(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဗိုလ်မှူးအောင်ကျော်ဇော၊ တပ်မတော်၊ သင်တန်း။ ဗိုလ်မှူးကျော်နေမော်၊ တပ်မတော်၊ သင်တန်း။ ဗိုလ်မှူးနေမျိုးကျော်၊ တပ်မတော်၊ သင်တန်း။ ဗိုလ်မှူးတင်မောင်ဝင်း၊ တပ်မတော်၊ သင်တန်း။ ဗိုလ်မှူးမောင်မောင်ငြိမ်း၊ တပ်မတော်၊ သင်တန်း။ ဗိုလ်မှူးဇော်ခင်ထွန်း၊ တပ်မတော်၊ တာဝန်။ ဗိုလ်မှူးစိုးမိုး၊ တပ်မတော်၊ တာဝန်။ ဦးခက်ထိန်နန်၊ ကချင်(၁)၊ လေ့လာရေးခရီး။ ဦးစံပြည့်၊ ကချင်(၇)၊ လေ့လာရေးခရီး။ ဦးထွန်းဇော်(ခ)ကိုပေါက်၊ ပဲခူး(၁၂)၊ လေ့လာရေးခရီး။ ဦးစောငြိမ်းသင်၊ ကရင်(၃)၊ လေ့လာရေးခရီး။ ဦးစောအေးမြိုင်၊ ကရင်(၈)၊ လေ့လာရေးခရီး။ ဦးကံညွန့်၊ စစ်ကိုင်း(၅)၊ လေ့လာရေးခရီး။ ဦးငွေးရယ်၊ ကယား(၇)၊ လေ့လာရေးခရီး။ ဦးအောင်မြင့်သိန်း၊ ကရင်(၉)၊ လေ့လာရေးခရီး။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ကော်မတီတာဝန်။ ဦးမင်းဦး၊ ပဲခူး(၇)၊ ကျန်းမာရေး။ ဗိုလ်မှူးချုပ်အောင်ကျော်၊ တပ်မတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အစည်းအဝေး။ ဗိုလ်မှူးချုပ်ခင်မောင်အေး၊ တပ်မတော်၊ ၎င်းအတိုင်း။ ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်(၃)၊ ကျန်းမာရေး။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အစည်းအဝေး။ ဦးသိမ်းဆွေ၊ ဧရာဝတီ(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးချုပ်သက်ထွန်းအောင်၊ တပ်မတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အစည်းအဝေး။ ဦးစောသောင်းဖေ၊ မွန်(၈)၊ ကျန်းမာရေး။ ဦးဇုန်လှယ်ထန်း၊ ချင်း(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဖုန်းမြင့်အောင်၊ ရန်ကုန်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ဝင်း၊ တနင်္သာရီ(၄)၊ မျက်စိခွဲစိတ်။ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အစည်းအဝေးတို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၇)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၆၄)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၇၁)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက် မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**နိုင်ငံတော်၏ အထွတ်အထိပ်ဖြစ်သော နိုင်ငံတော်သမ္မတ အား တပ်မတော်မှ နှစ်စဉ်ပုံမှန်အခမ်းအနားဖြင့် ချီတက်အလေးပြုသောနေ့အား မည်သည့်နေ့ရက်၌ သတ်မှတ်သွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ယခု မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ က နိုင်ငံတော်၏ အထွတ်အထိပ်ဖြစ်သော နိုင်ငံတော်သမ္မတ အား တပ်မတော်မှ နှစ်စဉ်ပုံမှန် အခမ်းအနားဖြင့် ချီတက်အလေးပြုသောနေ့အား မည်သည့်နေ့ရက်၌ သတ်မှတ်သွားမည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနဲ့ ဖိတ်ကြားထားသော ဧည့်သည်တော်များ ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံတော်မူကြပါစေလို့ ဦးစွာ ပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။ လေးစားအပ်သော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တင်သွင်းလိုတဲ့ မေးခွန်းကတော့ နိုင်ငံတော်၏ အထွဋ်အထိပ်ဖြစ်သော နိုင်ငံတော် သမ္မတ အား တပ်မတော်မှ နှစ်စဉ် ပုံမှန်အခမ်းအနားဖြင့် ချီတက်အလေးပြုသောနေ့အား မည်သည့် နေ့ရက်၌ သတ်မှတ်သွားမည်။ အဲဒီလို သတ်မှတ်ရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့နိုင်ငံအသီးသီးမှာ နိုင်ငံတော်သမ္မတတွေကို သူတို့ရဲ့ Army တွေက နှစ်စဉ်ပဲ အခမ်းအနားတွေနဲ့ ကျင်းပပြီးတော့ ချီတက်အလေးပြုတာကို ကျွန်တော် လေ့လာတွေ့ရှိရပါတယ်။ သမ္မတများကလည်း ဗိုလ်ရှုခံ စင်မြင့်ထက်ကနေ ပြန်လည်အလေးပြုကြောင်း တွေ့ရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၈ အရ နိုင်ငံတော်သမ္မတဟာ ပြည်ထောင်စုသမ္မတနိုင်ငံတော် တစ်ဝှမ်းလုံးတွင် နိုင်ငံသားအားလုံး၏ အထွဋ်အထိပ်နေရာ ရရှိသည်ဟု

ဖော်ပြထားတဲ့အတွက်ကြောင့် တပ်မတော်နေ့ဖြစ်စေ၊ အမျိုးသားနေ့ဖြစ်စေ၊ လွတ်လပ်ရေးနေ့ ဖြစ်စေ၊ ပြည်ထောင်စုနေ့ဖြစ်စေ စသည့် နေ့ထူးနေ့မြတ် တစ်ရက်ရက်မှာတော့ နိုင်ငံတော်သမ္မတကို စစ်ကြောင်းပုံနဲ့ ကြည်း၊ ရေ၊ လေ ပြည်ထောင်စုတပ်မတော်ကြီးက ချီတက်အလေးပြုသင့်တယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။

အချို့နိုင်ငံတွေမှာတော့ အဲဒီလို ကျွန်တော်တင်ပြတာကတော့ Presidents Day ပေါ့၊ ဒီသမ္မတကို Honour လုပ်တဲ့နေ့ရက် တစ်ရက်တော့ ရှိကြပါတယ်။ ယခင် ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ အစိုးရအဆက်ဆက်ကတော့ သမ္မတ၊ နိုင်ငံတော်အကြီးအကဲ ဒါကတော့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဖြစ်တဲ့အတွက်ကြောင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ချီတက်အလေးပြုတာဟာ နိုင်ငံတော်အကြီးအကဲကို ချီတက်အလေးပြုတာနဲ့ အတူတူပါ။ အခုအချိန်မှာတော့ ကျွန်တော်တို့ဟာ နိုင်ငံတော်သမ္မတဟာ အခြေခံဥပဒေပုဒ်မ ၅၈ အရ မြန်မာနိုင်ငံရဲ့ အထွဋ်အထိပ်နေရာမှာ ရှိတဲ့အတွက် သူ့ကိုရော ကျွန်တော်တို့ ကြည်း၊ ရေ၊ လေ ပြည်ထောင်စုတပ်မတော်ကြီးက အခမ်းအနားနဲ့ အလေးပြုဖို့ နေ့ရက်သတ်မှတ်ရန် အစီအစဥ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၀။**

**ဗိုလ်ချုပ်ကျော်ညွန့် (ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ ခင်ဗျား။ ကျွန်တော်ကတော့ ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့် ဖြစ်ပါတယ်။ ယနေ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ရဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ ကျွန်တော်တို့၏ နိုင်ငံတော်ရဲ့ အထွဋ်အထိပ်ဖြစ်သော နိုင်ငံတော်သမ္မတ အား တပ်မတော်မှ နှစ်စဥ်ပုံမှန် အခမ်းအနားဖြင့် ချီတက်အလေးပြုသော နေ့အား မည်သည့်နေရက်၌ သတ်မှတ်သွားမည့် အစီအစဥ် ရှိ/မရှိ နဲ့ ပတ်သက်လို့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်လို့ ဖြေကြားသွားရမယ်ဆိုရင် ကျွန်တော်တို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံ၏ ပထမဆုံးနှစ်ပတ်လည် လွတ်လပ်ရေးနေ့ဖြစ်တဲ့ ၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မှာ လွတ်လပ်ရေးအောင်ပွဲနဲ့ ဗိုလ်ရှုသဘင်ကို မြို့တော်ခန်းမရှေ့ အထူးမဏ္ဍပ်ဆောင်မှာ ကျင်းပခဲ့ပြီးတော့ အဲဒီအချိန်မှာ ပထမဆုံးသမ္မတကြီး ဖြစ်တဲ့ ကျွန်တော်တို့ စပ်ရွှေသိုက် က ကြည်း၊ ရေ၊ လေ၊ တပ်မတော်၊ စစ်ရဲ၊ ရန်ကုန်ရဲ၊ တပ်မတော်စစ်တီးဝိုင်းတို့က ရှေ့ဆောင်ပြီး ပြည်သူ့သူနာပြုတပ်ဖွဲ့နှင့် အပျော်တမ်းမီးသတ်တပ်ဖွဲ့များက ချီတက်အလေးပြု

ခဲ့ကြပါတယ်။ ဒါ့အပြင် တပ်မတော်လေယာဉ်ကလည်း ကျွန်တော်တို့ တိုက်လေယာဉ်များဖြင့် ကောင်းကင်မှာ ပျံဝဲပြီးတော့ အလေးပြုခဲ့ကြောင်း မှတ်တမ်းအရ သိရှိရပါတယ်။

သမ္မတကြီး ဦးဘဦး လက်ထက် ဆဌမနှစ်ပတ်လည် လွတ်လပ်ရေးအောင်ပွဲသဘင် အခမ်းအနားကို ၁၉၅၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မှာ ပြည်လမ်းရှိ ဗိုလ်ရှုခံသဘင်ကြီးမှာ ကျင်းပခဲ့ကြောင်း တွေ့ရှိရပြီးတော့၊ ၁၉၄၉ ခုနှစ် လွတ်လပ်ရေးအောင်ပွဲသဘင် အခမ်းအနားက နေပြီးတော့ ၁၉၆၁ ခုနှစ် လွတ်လပ်ရေးအောင်ပွဲသဘင် အခမ်းအနားအထိ ကျွန်တော်တို့ (၁၃)ကြိမ်ပဲ ဖြစ်ပါတယ်။ နှစ်အဆက်ဆက် ကျင်းပပြုလုပ်ဆောင်ရွက်သွားခဲ့တာပဲ ဖြစ်ပါတယ်။ ၁၉၆၁ ခုနှစ်မှာဆိုရင် ကျွန်တော်တို့ လွတ်လပ်ရေးအောင်ပွဲသဘင် အခမ်းအနားကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ သမ္မတ ချူအင်လိုင်း လည်း တက်ရောက်ဂုဏ်ပြုခဲ့ကြောင်း ကျွန်တော်တို့ အထောက်အထားအရ သိရှိရပါတယ်။ လွတ်လပ်ရေးသဘင် အခမ်းအနားများကို ၁၉၄၉ ခုနှစ်ကနေပြီးတော့ ၁၉၆၂ ခုနှစ်အထိ ကျင်းပပြုလုပ်တဲ့အခါမှာ သမ္မတကြီး စပ်ရွှေသိုက်၊ သမ္မတကြီး ဦးဘဦး၊ သမ္မတကြီး ဦးဝင်းမောင် တို့ သမ္မတအဆက်ဆက်လက်ထက်၌ လွတ်လပ်ရေးသဘင်နဲ့ ဗိုလ်ရှုခံသဘင်များကို ကျင်းပခဲ့ကြောင်း သိရှိခဲ့ရပါတယ်။ ကျွန်တော်တို့ ၁၉၆၂ ခုနှစ်မှာတော့ ကျင်းပခဲ့တဲ့ (၁၄)ကြိမ်မြောက် လွတ်လပ်ရေးသဘင် အခမ်းအနားမှာတော့ ယခင်နှစ်များကကဲ့သို့ စစ်လက်နက်အင်အားပြ ချီတက်အလေးပြုမှုမျိုး မလုပ်တော့ဘဲနဲ့ ငြိမ်းချမ်းရေးနဲ့ ပြန်လည်ထူထောင်ရေး၊ စည်းလုံးညီညွတ်ရေး သရုပ်ဖော်အဖွဲ့များ၊ သရုပ်ဖော်ယာဉ်များဖြင့် ချီတက်အလေးပြုခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရှိရပါတယ်။

ယခုလိုသမိုင်းကြောင်းကို ဖော်ထုတ်သိရှိနိုင်ရန်အတွက် မေးမြန်းပေးတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ ကာကွယ်ရေးဝန်ကြီးဌာန အနေဖြင့် ယခု မေးခွန်းပါကိစ္စကို တင်ပြရမယ်ဆိုရင် နိုင်ငံတော်သမ္မတအား အခမ်းအနားဖြင့် ချီတက်အလေးပြုခြင်းနဲ့ ပတ်သက်၍ဆောင်ရွက်မှု အစီအစဉ်မှာ နိုင်ငံတော်သမ္မတကြီး၏ စိတ်ဆန္ဒသဘောထားအတိုင်း ဖြစ်ပါကြောင်း ပြန်ကြားတင်ပြ ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**တရားမဝင် ကုန်သွယ်မှုလုပ်ငန်းများအား ထိရောက်စွာ တားဆီးနှိမ်နင်းရေးအတွက် Mobile Team အရေအတွက် တိုးချဲ့ဖွဲ့စည်းသွားရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသန်းထွန်းမြင့် က တရားမဝင် ကုန်သွယ်မှုလုပ်ငန်းများအား ထိရောက်စွာ တားဆီးနှိမ်နင်းရေးအတွက် Mobile Team အရေအတွက် တိုးချဲ့ဖွဲ့စည်းသွားရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဗိုလ်မှူးသန်းထွန်းမြင့် (တပ်မတော်သား ကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ကြွရောက်လာကြသော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနဲ့ ကော်မရှင်အဖွဲ့ဝင်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၃၁၄၀၁ ဗိုလ်မှူးသန်းထွန်းမြင့် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့

မေးမြန်းလိုတဲ့ မေးခွန်းကတော့ တရားမဝင်ကုန်သွယ်မှု လုပ်ငန်းတွေကို ယခုထက် ပိုမိုထိရောက်စွာ တားဆီးနိုင်ရေးအတွက် Mobile Team အရေအတွက်ကို တိုးချဲ့ဖွဲ့စည်းသွားရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ယခုအခါ ကျွန်တော်တို့ နိုင်ငံထဲကို တရားမဝင်ကုန်ပစ္စည်းတွေဟာ နည်းလမ်းအမျိုးမျိုးနဲ့ ဝင်ရောက်လျက်ရှိပါတယ်ခင်ဗျား။ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွေ၊ ပင်လယ်ရေကြောင်း ကုန်သွယ်မှုနဲ့ လေဆိပ်တွေကတစ်ဆင့် ဝင်ရောက်နေကြောင်း သိရှိရပါတယ်။ ဒီလိုတရားမဝင် ဝင်ရောက်လာတဲ့ ကုန်ပစ္စည်းတွေကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ ရသင့်ရထိုက်တဲ့အခွန်အခတွေ ဆုံးရှုံးနစ်နာခြင်း၊ ပြည်သူလူထုအတွက် အရည်အသွေးအာမခံချက် မရှိခြင်း၊ ပြည်သူလူထုအတွက် တရားမဝင် ဝင်ရောက်လာတဲ့ ကုန်ပစ္စည်းတွေ ဝယ်ယူသုံးစွဲတဲ့အခါမှာ အရည်အသွေးမပြည့်မီမှုကြောင့် ဖြစ်ပေါ်လာတဲ့ နစ်နာဆုံးရှုံးမှုတွေ ဖြစ်ပွားလာလို့ရှိရင် တရားဥပဒေရဲ့ အကာအကွယ်မရရှိနိုင်ခြင်း၊ နောက်တစ်ချက်ကတော့ တရားမဝင်ကုန်သွယ်မှုလုပ်ငန်းတွေဟာ အခွန်ပေးဆောင်စရာ မလိုတဲ့အတွက်ကြောင့်မို့လို့ တရားဝင် အခွန်ဆောင်ပြီးတော့ တင်သွင်းတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်း များ ကြုံတွေ့နေရလျက်ရှိပါတယ်ခင်ဗျား။

မြန်မာနိုင်ငံမှာ တရားမဝင်ကုန်သွယ်မှုလုပ်ငန်းတွေ ရှိနေကြောင်း သာဓကအချို့ကို တင်ပြရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံမှာ လစဉ်လစဉ် တယ်လီဖုန်းဆင်းကတ်တွေကို (၃၅၀၀၀၀)နဲ့ (၄၀၀၀၀၀)ကြား ချထားပေးလျက်ရှိပါတယ်။ တစ်နှစ်လုံးဆိုလို့ရှိရင် (၃)သန်းနဲ့ (၄)သန်းကြား ချထားပေးလျက်ရှိပါတယ်။ ဒီဆင်းကတ်တွေကို တယ်လီဖုန်းဟမ်းဆက်တွေမှာ ထည့်သွင်းသုံးစွဲလျက်ရှိ ကြောင်း တွေ့ရှိရပါတယ်။ သို့သော်လည်းပဲ ပြီးခဲ့တဲ့ ဘဏ္ဍာနှစ်မှာ တရားဝင်အခွန်ပေးဆောင်ပြီးတော့ တင်သွင်းခဲ့တဲ့ ဟမ်းဆက်အရေအတွက်ကတော့ (၈၀၀၀၀)ကျော်ပဲ ရှိတယ်လို့သိရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံကို တယ်လီဖုန်းဟမ်းဆက်တွေဟာ တရားမဝင်ဝင်ရောက်နေကြောင်း အလွယ်တကူ ခန့်မှန်းနိုင်ပါတယ်။

နောက်တစ်ချက်ကတော့ စက်သုံးဆီ တင်သွင်းမှု ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ၂၀၁၀ ခုနှစ်နောက်ပိုင်းမှာ မော်တော်ယာဉ်တင်သွင်းမှုဆိုင်ရာ မူဝါဒတွေကို ဖြေလျှော့ပေးပြီးတဲ့ နောက်ပိုင်းမှာ မော်တော်ယာဉ်စီးရေ စုစုပေါင်း (၄၀၀၀၀၀)ကျော် တင်သွင်းခဲ့ကြောင်း သိရှိရပါတယ်။ မော်တော်ယာဉ်တင်သွင်းမှာ မြင့်တက်လာတာနဲ့အမျှ စက်သုံးဆီလိုအပ်ချက်ဟာ ပိုမိုမြင့်မားလာမှာ ဖြစ်ပါတယ်။ သို့သော်လည်းပဲ ၂၀၁၀-၁၁ ဘဏ္ဍာနှစ်မှာ စက်သုံးဆီတန်ချိန် (၃၀၀၀၀၀)ကျော် တင်သွင်းခဲ့ပြီးတော့၊ ၂၀၁၁-၁၂ မှာတော့ တန်ချိန်(၂၀၀၀၀၀)ကျော်အထိ ပြန်လည်လျော့ကျသွားကြောင်း သိရှိရပါတယ်။ ဒါကြောင့်မို့လို့ စက်သုံးဆီတွေလည်း တရားမဝင် ဝင်ရောက်နေကြောင်း ခန့်မှန်းနိုင်ပါတယ်ခင်ဗျား။

ဒ့ါအပြင် ရန်ကုန်ဆိပ်ကမ်းမှာရှိတဲ့ သိုလှောင်ရုံအချို့ကို ဝင်ရောက်စစ်ဆေးတဲ့အခါမှာ ဝိုင်ပုလင်းပေါင်း(၈၀၀၀၀)ကျော်နဲ့ အအေးခဲအသားတွေ တရားမဝင် တင်သွင်းထားကြောင်း ဖမ်းဆီးရမိတဲ့ ဖြစ်စဉ်တွေ ဖြစ်ပွားခဲ့ကြောင်း သိရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံထဲကို တရားမဝင်ကုန်ပစ္စည်းတွေ တင်သွင်းတဲ့အခါမှာ လူသုံးကုန်အမျိုးမျိုး၊ ဆေးဝါးတွေ၊ စားသောက်ကုန်တွေအပြင် လိုင်စင်မဲ့ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်တွေပါ ဝင်ရောက်နေကြောင်း သိရှိရပါတယ်ခင်ဗျား။

ဒါကြောင့်မို့လို့ ဒီလိုဖြစ်စဉ်တွေကို ကျွန်တော်တို့ နိုင်ငံ အနေနဲ့ ထိထိရောက်ရောက်တားဆီး ပေးနိုင်ဖို့ လိုအပ်ပါတယ်ခင်ဗျား။ နိုင်ငံတစ်နိုင်ငံဟာ ရသင့်ရထိုက်တဲ့ အခွန်ဘဏ္ဍာတွေ ပြည့်ပြည့်ဝဝ ကောက်ခံရရှိမှသာလျှင် မိမိတို့နိုင်ငံရဲ့ အကျိုးစီးပွားကို ကောင်းမွန်ရာ၊ ကောင်းမွန်ကြောင်းတွေကို ထိထိ ရောက်ရောက် အသုံးပြုနိုင်မှာ ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ အခွန်ကောက်ခံရရှိမှုကို အိမ်နီးချင်း အာဆီယံနိုင်ငံအချို့နဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုလို့ရှိရင် ထိုင်းနိုင်ငံမှာဆိုလို့ရှိရင် အခွန်ကောက် ခံရရှိမှုဟာ GDP ရဲ့ (၁၆.၅)ရာခိုင်နှုန်း ကောက်ခံရရှိပါတယ်။ မလေးရှားနိုင်ငံမှာ ဆိုလို့ရှိရင် GDP ရဲ့ (၁၆.၁)ရာခိုင်နှုန်းကောက်ခံရရှိပါတယ်။ စင်ကာပူနိုင်ငံမှာဆိုလို့ရှိရင် GDP ရဲ့ (၁၄)ရာခိုင်နှုန်း ကောက်ခံ ရရှိပါတယ်။ နောက် ဖိလစ်ပိုင်နိုင်ငံမှာ ဆိုလို့ရှိရင်လည်း GDP ရဲ့ (၁၂.၉)ရာခိုင်နှုန်း ကောက်ခံရရှိ ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ အခွန်ကောက်ခံရရှိမှုကတော့ GDP ရဲ့ (၄.၄)ရာခိုင်နှုန်းပဲ ရှိတယ်လို့ သိရှိရပါတယ်ခင်ဗျား။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ နိုင်ငံအနေနဲ့ အခွန်ဘဏ္ဍာငွေ ပိုမိုတိုးတက်ရရှိဖို့အတွက် ဆိုလို့ ရှိရင် ပြည်သူတွေဟာလည်း မှန်မှန်ကန်ကန် အခွန်ပေးဆောင်ဖို့ လိုအပ်သလို၊ တစ်ဖက်ကလည်း တရားမဝင် ကုန်သွယ်မှုလုပ်ငန်းတွေကို ထိထိရောက်ရောက်တားဆီးပေးဖို့လိုအပ်မှာ ဖြစ်ပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့ မေးခွန်း ကတော့ တရားမဝင်ကုန်သွယ်မှု လုပ်ငန်းတွေကို ထိရောက်စွာ တားဆီးနိမ်နင်းနိုင်ရေးအတွက် Mobile Team အရေအတွက်ကို ယခုထက် ပိုမိုတိုးချဲ့ ဖွဲ့စည်းသွားရန် အစီအစဉ် ရှိ/မရှိနဲ့ အစီအစဉ် ရှိပါက မည်သည့်အချိန်တွင် မည်ကဲ့သို့ လုပ်ဆောင်သွားမည်ကို သိရှိလိုပါ၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး မှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၀။**

**ဒေါက်တာပွင့်ဆန်း (ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စီးပွားရေးနဲ့ ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း ဖြစ်ပါ တယ်။

တရားမဝင်ကုန်သွယ်မှု တားဆီထိန်းချုပ်ရေး ဗဟိုကော်မတီကို နိုင်ငံတော်သမ္မတရုံးမှ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာ ၁၂ ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ်၊ ၉၇/၂၀၁၂ ဖြင့် ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ ပါတယ်။ တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဗဟိုကော်မတီ အနေနဲ့ ဖွဲ့စည်းအမိန့်ပါ တာဝန်နဲ့ လုပ်ပိုင်ခွင့်များအရ ဆောင်ရွက်မယ့် လုပ်ငန်းစဉ်တွေကို စီမံချက်ရေးဆွဲ ဆောင်ရွက်ခဲ့ရာမှာ စီမံချက် အဆင့်(၃)ဆင့် ရေးဆွဲပြီးတော့ တစ်နိုင်ငံလုံး ဟန်ချက်ညီညီဖြင့် တရားမဝင်ကုန်သွယ်မှုများ တားဆီး

ထိန်းချုပ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီအနေဖြင့် စီမံချက်ပါ အဆင့်များအတိုင်း Mobile Team များ ဖွဲ့စည်းအကောင်အထည်ဖော် ဆောင်ရွက်ရာမှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ အဖွဲ့ခေါင်းဆောင်အဖြစ်တာဝန်ယူပြီးတော့ အဖွဲ့ဝင်များအဖြစ်အကောက်ခွန်ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထောင်စုသမ္မတနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနဲ့ မီဒီယာများ ပါဝင်သောအဖွဲ့ဖြင့် ပွင့်လင်းမြင်သာမှုရှိစေရန် စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။ လုပ်ငန်းများ မစတင်မီ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလမှာ ကြိုတင်အသိပေး ကြေညာခြင်း၊ လုပ်ငန်းစတင်သည့် ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှာ ဒီဇင်ဘာလ ၃၁ ရက်အထိကို ပညာပေးကာလအဖြစ် သတ်မှတ်ဆောင်ရွက်ပြီးတော့၊ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှာ စတင်အရေးယူကာလ အနေဖြင့် ဆောင်ရွက်ခဲ့ပါတယ်။

တရားမဝင် ကုန်သွယ်မှုများကို တားဆီးထိန်းချုပ် ဆောင်ရွက်ခဲ့တဲ့ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာ ၁ ရက်နေ့မှ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့အထိ ဗဟိုကော်မတီရဲ့ ကြီးကြပ်မှုဖြင့် အကောက်ခွန် အမှုတွဲ (၂၅၄၁)ခု ရှိပြီးတော့ ခန့်မှန်းတန်ဖိုးကျပ် (၁၅.၄၆၁)ဘီလီယံ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရများရဲ့ ကြီးကြပ်မှုနဲ့ အကောက်ခွန်အမှုတွဲ(၈၄၉)မှု ခန့်မှန်းတန်ဖိုး ကျပ်(၂.၀၅၁)ဘီလီယံ ရရှိခဲ့တာကြောင့် လပေါင်း(၂၀)အတွင်းမှာ စုစုပေါင်း ခန့်မှန်းကျပ် ဘီလီယံ(၁၇.၅၁၂)ထိ တားဆီးအရေးယူ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများအား ထိရောက်စွာ တားဆီးနှိမ်နင်းနိုင်ရေးအတွက် Mobile Team အရေးအတွက်များကို တိုးချဲ့ဖွဲ့စည်းလျက်ရှိပါကြောင်းနဲ့ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့မှ စတင်ပြီးတော့ ရန်ကုန်တိုင်းဒေသကြီးရဲ့ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း(၅)ခုဖြစ်တဲ့ ထီးတန်း၊ အေးရှားဝေါလ်၊ မြန်မာ့စက်မှုဆိပ်ကမ်း၊ ဗိုလ်အောင်ကျော်၊ ဆူးလေ စတဲ့ ဆိပ်ကမ်းများ အပြည်ပြည်ဆိုင်ရာ ရန်ကုန်လေဆိပ် လေကြောင်းကုန်စည်ပို့ဆောင်ရေး ပို့ကုန်/သွင်းကုန်ဌာနတို့မှာလည်း စတင်ဝင်ရောက် ဆောင်ရွက်လျက်ရှိပါတယ်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလား-ကျိုင်းတုံလမ်းကြောင်းနဲ့ ကျိုင်းတုံ-တာချီလိတ်လမ်းကြောင်းမှာ Mobile Team အဖွဲ့များနဲ့ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့မှ စတင်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ တာချီလိတ်မှာတော့ Mobile Team များအဖြစ် (မယ်ယန်း၊ လွယ်တော်ခမ်း၊ ဝေ့လေလန်၊ ဟွေ့ရဲ) တို့မှာ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့မှာ စတင်ဆောင်ရွက်လျက်ရှိပါတယ်။

ဆက်လက်ပြီးတော့ Mobile Team အဖွဲ့စုံနဲ့ တနင်္သာရီတိုင်း၊ ဧရာဝတီတိုင်း၊ မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ် ဂေါ်ဝန်ဆိပ်ကမ်းတို့မှာလည်း အင်အားစုဖွဲ့မှု အဆင်သင့်ဖြစ်တဲ့အချိန်တွေမှာ စတင်ဆောင်ရွက်ဖို့ စီမံဆောင်ရွက်လျက်ရှိပါတယ်။ တယ်လီဖုန်းဟန်းဆက်တွေနဲ့ ပတ်သက်ပြီးတော့ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာ ၁ ရက်နေ့မှ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့အထိ အကောက်ခွန်အမှုတွဲ (၃၁)မှု၊ အလုံးရေ (၁၇၂၀၆)လုံး၊ ခန့်မှန်းတန်ဖိုး ကျပ်သန်းပေါင်း(၉၇၁.၈၉၂)သန်းခန့် တားဆီးနိုင်ခဲ့ပါတယ်။ စက်သုံးဆီတင်သွင်းမှုနဲ့ ပတ်သက်ပြီးတော့ ပင်လယ်ရေကြောင်းမှ တင်သွင်းလာတဲ့ ဓာတ်ဆီ၊ ဒီဇယ် များကို Mobile Team အဖွဲ့စုံဖြင့် စစ်ဆေး၍ တရားမဝင် စက်သုံးဆီ တင်သွင်းမှုများ မရှိစေရေးနှင့် တရားဝင် ကုန်သွယ်မှုလမ်းကြောင်းပေါ်မှ ကုန်သွယ်မှု ပြုနိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

တရားဝင်ကုန်သွယ်မှုများ တိုးတက်ပါက နိုင်ငံတော်မှ ဆုံးရှုံးနေသော အခွန်အခများ အပြည့်အဝ ပြန်လည်ရရှိမှာ ဖြစ်တဲ့အတွက် ဈေးကွက်အတွင်းမှာ လမ်းကြောင်းပေါင်းစုံမှ တရားမဝင် ရောက်ရှိနေတဲ့ ကုန်စည်များနှင့်ပတ်သက်ပြီး သက်ဆိုင်တဲ့ဌာနများနဲ့လည်း တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ အရေးယူဆောင်ရွက်ဖို့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ တရားဝင်တင်သွင်းခွင့် ပြုထားသော်လည်း အခွန် ရှောင် တင်သွင်းလာသော ဟန်းဆက်၊ စက်သုံးဆီ အပါအဝင် အခြားကုန်စည်များအတွက်လည်း ဆက်လက်ဆောင်ရွက်သွားမယ့် လုပ်ငန်းစနစ်များကို ပွင့်လင်းမြင်သာစွာဖြင့် ကြိုတင်အသိပေး ထုတ်ပြန် ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**သွားလာရေးခက်ခဲသော ဒေသအသီးသီးတွင် လေယာဉ်ကွင်းကြီးများအစား ခရီးသည်တင် ရဟတ်ယာဉ်နှင့် လေယာဉ်ငယ်များ အသုံးပြုနိုင်မည့် လေယာဉ်ကွင်းငယ်များ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင် က သွားလာရေးခက်ခဲသော ဒေသအသီးသီးတွင် လေယာဉ်ကွင်းကြီးများအစား ခရီးသည်တင် ရဟတ်ယာဉ် နှင့် လေယာဉ်ငယ်များ အသုံးပြုနိုင်မည့် လေယာဉ်ကွင်းငယ်များ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။အားလုံးမင်္ဂလာပါ။ ရိုသေလေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်က ချင်းပြည်နယ် အမှတ်(၉) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါ်လျှံလွင် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ နိုင်ငံတော်အနေဖြင့် သွားလာရေးခက်ခဲတဲ့ ဒေသအသီးသီးတွင် လေယာဉ် ကွင်းကြီးများအစား ခရီးသည်တင် ရဟတ်ယာဉ်နှင့် လေယာဉ်ငယ်များ အသုံးပြုနိုင်မည့် လေယာဉ်ကွင်း ငယ်များ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့ပတ်သက်ပြီး မေးမြန်းမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့နိုင်ငံအချို့၌ သွားလာရေးခက်ခဲသော ဒေသများတွင် အရေးပေါ် ကိစ္စရပ်များ ဖြေရှင်းပေးနိုင်ရန် ရည်ရွယ်၍ M.A.F(Mission Aviation Fellowship )ကဲသို့သော အဖွဲ့အစည်း များရှိပါကြောင်း သိရှိရပါတယ်။ သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ စစ်ဘေးဒုက္ခသည် များ တွေ့ကြုံနေရသူများ၊ အရေးပေါ်လူနာများကို ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကမ္ဘာ့နိုင်ငံ (၅၅)နိုင်ငံတွင် MAF အဖွဲ့များရှိပြီး ASEAN ၌ ဖိလစ်ပိုင်နဲ့ မလေးရှားနိုင်ငံတွင်လည်း ရှိသည်ဟု သိရှိရ ပါတယ်။ မြန်မာနိုင်ငံတွင် သွားလာရေးခက်ခဲသော ဒေသအသီးသီး၌ နေထိုင်ကြသော ပြည်သူများ၊ ပြည်သူ့ဝန်ထမ်းများ၏အကျိုးကို ရည်ရွယ်၍ အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်။

မေးခွန်း။ အရေးပေါ်ကိစ္စ သဘာဝဘေးအန္တရာယ် ပြည်သူများ၊ ပြည်သူ့ဝန်ထမ်းများနှင့် နိုင်ငံခြား ခရီးသွားဧည့်သည်များ လွယ်ကူစွာ ခရီးသွားလာနိုင်ရေးကို ရည်ရွယ်၍ သွားလာရေးခက်ခဲသော ဒေသ များ၌ လေယာဉ်ပြေးလမ်း မလိုသော ခရီးသည်တင် ရဟတ်ယာဉ်နှင့် လေယာဉ်ငယ်များ အသုံးပြုနိုင်မယ့် လေယာဉ်ကွင်းငယ်များ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်တွင် စတင်

ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း ဒေသခံပြည်သူများ၏ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၀။**

**ဦးဇင်ယော် (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါ်လျံလွင်၏ မေးခွန်းကို ကျွန်တော် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဇင်ယော် က ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင် အပြည်ပြည်ဆိုင်ရာ လေဆိပ်(၃)ခုနဲ့ ပြည်တွင်းလေဆိပ်(၃၀)ခုအား တည်ဆောက်ပြီး ဖြစ်ပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာန လက်အောက်ရှိ မြန်မာ့လေကြောင်းနှင့် ပုဂ္ဂလိက လေကြောင်းလိုင်း(၈)ခုတို့က ရန်ကုန်နှင့်မန္တလေးတွင်အခြေပြု၍ မြန်မာနိုင်ငံမြို့ကြီး(၂၅)မြို့သို့ လေယာဉ်ခရီးစဉ်များ ပျံသန်းပြေးဆွဲလျက်ရှိပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာန လက်အောက်ရှိ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ဝေးလံခေါင်ပါးပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုရှိသော ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သွားလာရေး ခက်ခဲသောဒေသများတွင် လေယာဉ်ကွင်းငယ်များ ဖောက်လုပ်လျက်ရှိပါတယ်။

ပထမအစီအစဉ်အနေနဲ့ ကချင်ပြည်နယ်၊ နောင်မွန်းလေယာဉ်ပြေးလမ်း အရှည်(၄၅၀၀)ပေ၊ အကျယ်(၁၀၀)ပေ ကျောက်ကတ္တရာခင်း တည်ဆောက်ခြင်းအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေ ကျပ်(၄၀၀)သန်းဖြင့် အကြိုအင်ဂျင်နီယာ၊ မြေသားလုပ်ငန်းနှင့် ပစ္စည်းစုဆောင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေ ကျပ်(၁၀၀၀)သန်းဖြင့် မြေသားလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခြင်း၊ ကျောက်ကတ္တရာခင်းရန် ကျောက်စုဆောင်းခြင်းနှင့် ကတ္တရာစုဆောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။

အလားတူ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်အရ မြန်မာနိုင်ငံ၏ အနောက်ဘက် ရခိုင်ကမ်းမြောင်ဒေသရှိ မာန်အောင်ကျွန်းနေ ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရခိုင်ပြည်နယ်၊ မာန်အောင်မြို့၊ စမုံတဲလေယာဉ်ပြေးလမ်း အရှည်(၄၀၀၀)ပေ၊ အကျယ်(၁၀၀)ပေ ကျောက်ကတ္တရာခင်း တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေ ကျပ်သန်း(၃၀၀၀)ဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ တည်ဆောက်ရေးလုပ်ငန်းများ (၃၅.၇၁)ရာခိုင်နှုန်း ဆောင်ရွက်ပြီး ဖြစ်ပါတယ်။

ထို့အပြင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး Master Plan အရ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ထွန်းကားခဲ့သောဒေသဖြစ်သည့် မြောက်ဦးမြို့တွင် ကွင်းတိုဆင်း လေယာဉ်

ငယ်များ ဆင်း/တက်အသုံးပြုနိုင်ရန် မြောက်ဦးလေယာဉ်ကွင်း ပြုပြင်မွမ်းမံနိုင်ရေးအတွက် မြေမျက်နှာပြင်နဲ့ ပတ်ဝန်းကျင် အနေအထား စစ်ဆေးခြင်း၊ မြေတိုင်းတာခြင်းလုပ်ငန်းများကို ၃-၂-၂၀၁၄ ရက်နေ့မှ ၈-၂-၂၀၁၄ ရက်နေ့ထိ ဆောင်ရွက်ခဲ့ပြီး တိုင်းတာတွေ့ရှိချက်များအပေါ် အခြေခံ၍ လေယာဉ်ပြေးလမ်းအရှည် (၄၀၀၀)ပေ၊ အကျယ်(၁၀၀)ပေ ကျောက်ကတ္တရာခင်းပြေးလမ်း တည်ဆောက်ရန် ဒီဇိုင်းပုံစံထုတ်လုပ်ပြီး ဖြစ်ပါတယ်။ ခန့်မှန်းကုန်ကျစရိတ် တွက်ချက်၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေထည့်သွင်းတောင်းခံသွားမှာ ဖြစ်ပါတယ်။

ပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်ရှိ မြန်မာ့လေကြောင်းမှာ ကွင်းတိုဆင်း Cessna Grand Caravan လေယာဉ်ငယ်များဖြင့် မန္တလေးမြို့ ချမ်းမြသာစည်လေဆိပ်တွင်အခြေပြု၍ ဗန်းမော်၊ ကလေး၊ ဟုမ္မလင်း၊ ဟဲဟိုး၊ ညောင်ဦး၊ လွိုင်ကော်၊ ခန္တီး စသည့် မြို့များသို့ စင်းလုံးငှားခရီးစဉ်အဖြစ် ၁၂-၁၂-၂၀၁၃ မှစ၍ ပွင့်လင်းရာသီတွင် ခရီးစဉ်များ ပျံသန်းပြေးဆွဲခဲ့ပြီး လက်ရှိတွင် ရာသီဥတုကန့်သတ်ချက်နှင့် ခရီးသည်လိုက်ပါမှု အခြေအနေအရ ခရီးစဉ် ပြေးဆွဲမှုအား ခေတ္တရပ်ဆိုင်းထားပါတယ်။ ပွင့်လင်းရာသီဖြစ်သည့် အောက်တိုဘာလမှ စတင်၍ ခရီးစဉ်များ ပြန်လည်ပြေးဆွဲသွားမှာ ဖြစ်ပါတယ်။ ကွင်းတိုဆင်းလေယာဉ်ငယ်များ အနေဖြင့် ရာသီဥတု ဆိုးဝါးသောဒေသရှိ လေယာဉ်ကွင်းများတွင် (၁)နှစ်ပတ်လုံး ပျံသန်းပြေးဆွဲရန်အတွက် ရာသီဥတု ကန့်သတ်ချက်နှင့် အခက်အခဲများ ကြုံတွေ့ရပါတယ်။

သို့ဖြစ်ပါ၍ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါ်လျှံလွင် ၏ သွားလာရေးခက်ခဲသော ဒေသအသီးသီးတွင် လေယာဉ်ကွင်းကြီးများအစား ခရီးသည်တင်ရဟတ်ယာဉ်နှင့် လေယာဉ်ငယ်များ အသုံးပြုနိုင်မည့် လေယာဉ်ကွင်းငယ်များ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်၍ယခု ဆောက်လုပ်လျက်ရှိပါကြောင်းနဲ့ ပို့ဆောင်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အနေဖြင့် Transport Master Plan အရ လမ်းပန်းဆက်သွယ်ရေးခက်ခဲသောဒေသများတွင် လေယာဉ်ကွင်းငယ်များ ဆောက်လုပ်နိုင်ရေးအတွက် နှစ်အလိုက်ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမယ့် မေးခွန်းတွေဟာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**ရန်ကုန်-နေပြည်တော်-မန္တလေး အဝေးပြေးလမ်းမကြီးကို အသုံးပြု၍ သွားလာနေကြသော ယာဉ်များ၏ ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များ၊ ၎င်းတို့ကို ကြီးကြပ်တာဝန်ပေးသော ယာဉ်လိုင်းတာဝန်ရှိသူများနှင့် ဌာနတာဝန်ရှိသူ များသာမက အာမခံအဖွဲ့အစည်းကပါ ယာဉ်၊ စက် လူပုဂ္ဂိုလ်ပိုင်းဆိုင်ရာ အထောက်အထား စစ်ဆေးကြပ်မတ်မှုများ မည်သို့စီမံဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီက ရန်ကုန်-နေပြည်တော်-မန္တလေး အဝေးပြေးလမ်းမကြီးကို အသုံးပြု၍ သွားလာနေကြသော ယာဉ်များ၏ ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များ၊ ၎င်းတို့ကို ကြီးကြပ်တာဝန်ပေးသော ယာဉ်လိုင်းတာဝန်ရှိသူများနှင့် ဌာနတာဝန်ရှိသူများသာမက အာမခံအဖွဲ့အစည်းကပါ ယာဉ်၊ စက်၊ လူပုဂ္ဂိုလ်ပိုင်းဆိုင်ရာ အထောက်အထား စစ်ဆေးကြပ်မတ်မှုများ မည်သို့စီမံဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးခင်မောင်ရီ (ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးအား အမှူးထား၍ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုအဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ ကော်မရှင်အဖွဲ့ဝင်များ အားလုံးကို ကျွန်တော် လေးစားစွာ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော် ဦးခင်မောင်ရီ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)အနေနဲ့ မေးမြန်းခွင့်ရတဲ့ ဒီမေးခွန်းလေးကတော့ မေလ ၁၂ ရက်နေ့က Highway လမ်းမကြီးပေါ်မှာ မိုင်တိုင်အမှတ်၊ ၁၉၇/၆ ရာဇာမင်းမှန်လုံယာဉ်ဖြစ်ခဲ့တဲ့ မတော်တဆမှု အခြေခံပြီးတော့ ပေါ်ပေါက်လာတဲ့ မေးခွန်းဖြစ်ပါတယ်။ ထိုစဉ်ကတည်းက ဒီမေးခွန်း တင်ခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒီလို မတော်တဆမှု ဖြစ်ခဲ့တဲ့ ရာဇာမင်း ယာဉ်တိုက်မှုဟာ ယာဉ်တိုက်မှုမှတ်တမ်းများအရဆိုရင်တော့ အဆိုးဝါးဆုံး သေကြေပျက်စီးမှု အများဆုံး ဖြစ်ပါတယ်။ (၁၄)ဦး ပွဲချင်းပြီး သေပြီးတဲ့နောက် (၂၉)ဦး ဒဏ်ရာရပြီးတော့ ဆေးရုံတင်ရတယ်လို့ မှတ်ထားမိပါတယ်။ အဲဒီရှေ့မှာလည်းပဲ မကြာခင် သူ့တစ်လလောက်မှာ ရှေ့က သွားနေတဲ့ ခရီးသည် ပုဂ္ဂလိကယာဉ်ငယ်ကို နောက်က မှန်လုံက ဝင်တက်နင်းပြီး မီးလောင်တဲ့ကိစ္စမှာလည်း (၁၂)ယောက် လောက် သေသွားတဲ့ကိစ္စ ပေါ်ခဲ့ဖူးပါတယ်။ နောက်တစ်ခါထပ်ပြီးတော့ ဖြစ်ခဲ့တဲ့ ဒီကြားထဲမှာဖြစ်ခဲ့တဲ့ Accident အသေးလေးတွေ အားလုံးဟာလည်း ဘာနဲ့ပတ်သက်သလဲဆိုတော့ ယာဉ်မောင်းတွေရဲ့ ပုဂ္ဂိုလ်ရေးပိုင်းဆိုင်ရာ အင်္ဂလိပ်လို့ သုံးခွင့်ပြုပါ ခင်ဗျား။ Human Factor နဲ့ ပတ်သက်တယ်ဆိုတာ အချက်ကို သွားပြီး သတိထားမိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် ဒီမေးခွန်းကို တင်ပြရခြင်း ဖြစ်ပါတယ်။ ကျွန်တော့်မေးခွန်းထဲမှာ အင်္ဂလိပ် အသုံးအနှုန်းပါရင် ခွင့်လွှတ်ဖို့ ကြိုတင်ပန်ကြားပါရစေ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဟိုတုန်းကတော့ အဲဒီလို မတော်တဆမှု Accident တစ်စုံတစ်ရာဖြစ်ရင် လမ်းပေါ်ပဲ အပြစ်ပုံချလိုက်တာပဲ ဆောက်လုပ်ရေးဝန်ကြီးဌာနပေါ် ပုံချလိုက်တဲ့သဘော ရှိပါတယ်။ နောက်ပိုင်းကျတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနကလည်း လွှတ်တော်နှစ်ရပ်မှာ ဒုတိယဝန်ကြီးက အကြိမ်ကြိမ် လာဖြေတယ်။ ဘတ်ဂျက် တောင်းခံတဲ့ကာလ BE တို့ SG တို့ မှာဆိုလည်း အမြန်လမ်းမကြီးနဲ့ ပတ်သက်လို့ လိုအပ်ချက်တွေကို ကျွန်တော်တို့ တင်ပြတယ်။ လွှတ်တော်ကလည်း ပေးနိုင်တာတွေ

ပေးပါတယ်။ ဒါတွေ ပေးသွားတဲ့အတွက်ကြောင့် တတ်နိုင်သလောက်တော့ ဆောက်လုပ်ရေးစကားအရ တော့ Highway Furniture တွေ ပြည့်စုံနိုင်သလောက်တော့ ပြည့်စုံနေပြီဆိုတာလည်း သွားတွေ့ပါတယ်။ စစ်ဆေးနိုင်ဖို့အတွက် သတိပေးတဲ့ ဆိုင်းဘုတ်တွေ ဆိုလို့ရှိရင် နေရာမလပ် တင်ပြထားခိုင်းတာတွေ အချက်ပေးတဲ့ မီးလေးတွေ တပ်ထားတာလေးတွေ ညမှာ။ နောက်တစ်ခါ သတ်မှတ်ထားတဲ့ မိုင်းနှုန်းဖြစ်တဲ့ (100) Killometre Per Hour တစ်နည်းအားဖြင့် တစ်နာရီ မိုင်(၆၀)နှုန်းထက် မကျော်အောင် စစ်ဆေးထိန်းသိမ်းနိုင်တဲ့ ကွန်ပျူတာစနစ်ကိုလည်း တပ်ဆင်၊ ရန်ပုံငွေ ခွင့်ပြုချက်အရ ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

မနေ့ကပဲ ကျွန်တော်နဲ့ ဒေါက်တာကျော်ဌေး တို့ တောင်ငူက ပြန်လာတယ်။ ကျွန်တော်တို့ ရှေ့က မှန်လုံယာဉ်ဟာ အဲဒီကွန်ပျူတာရှေ့မှာ ခပ်တည်တည်ပဲ ဖြတ်မောင်းသွားတယ်။ မီးနီးပြနေတာကို မောင်းသွားတယ်။ ကွန်ပျူတာက (၁၀၀)ကျော်သွားတယ်။ (၁၀၅)လား (၁၀၆)လား ပြတယ်။ ကျွန်တော်တို့ ဟာ (၈၃)မိုင်နှုန်းနဲ့ ဖြတ်လာခဲ့တာ ဖြစ်ပါတယ်။ ဒီလိုတွေလည်း လုပ်ထားပြီးသား ရှိပါတယ်။ နောက်ပြီးတော့ ရဲတပ်ဖွဲ့အနေနဲ့လည်းပဲ Highway Patrol အမြန်လမ်းမကြီး ယာဉ်ထိန်းတပ်ဖွဲ့ သက်သပ်ဖွဲ့ပြီးတော့ ရှောင်တခင်စစ်ဆေးတာတွေ၊ လှည့်လည်စစ်ဆေးတာတွေ လုပ်ပါတယ်။ အရေးယူ တာတွေလည်း ရှိပါတယ်။ ကျန်းမာရေးဌာနကလည်း လိုအပ်တဲ့ စခန်းတွေမှာ Ambulance တွေနဲ့ သူနာပြုအဖွဲ့တွေ ထားပြီးတော့ Emergency နဲ့ Accident Response ပေါ့။ အရေးပေါ် အခြေအနေတွေ တုံ့ပြန်ဖို့လည်း သူတို့ဘက်က အချိန်မီ အသက်မပျောက်အောင် လူနာတွေကို ပို့ဆောင် နိုင်ဖို့ စီစဉ်ထားပြီး ဖြစ်ပါတယ်။ ကုန်ကုန်ပြောရရင်တော့ ဒီ လမ်းယာဉ် ရုပ်ပိုင်းနဲ့ပတ်သက်ရင်တော့ နိုင်ငံတော်သမ္မတအဆင့်က လမ်းစိစစ်တဲ့အဆင့်ထိဖြစ်အောင် လုပ်နိုင်တာတွေ အကုန်လုပ်ထားပြီး ဖြစ်တဲ့အတွက်ကြောင့် ပြည့်စုံနိုင်သမျှတော့ ပြည့်စုံနေတယ်လို့ ပြောလို့ရပါတယ်။ ရာနှုန်းပြည့် ပြည့်စုံလား ဆိုတော့ မပြီးသေးပါဘူး။ ကျွန်တော်တို့ သူတို့ရဲ့ Plan အရတော့ ရန်ကုန်-မန္တလေး လမ်းမကြီးကို နိုင်လွန်ကတ္တရာခင်းဖို့ ရှိပါတယ်။ ဒါကတော့ ဘတ်ဂျက်ခွင့်ပြုချက်အရ နှစ်ရှည်လုပ်သွားရမယ့်ကိစ္စ ဖြစ်ပါတယ်။

နောက်တစ်ခု အကွေ့ပေါ့။ လမ်းအကွေ့ တွေမှာ ရူပဗေဒ သဘောတရားအရ အမြန်နှုန်း တစ်ခုနဲ့ ရွေ့လျားတဲ့ ပစ္စည်းတစ်ခုဟာ အကွေ့တစ်ခုကို ကွေ့လိုက်ရင် Centrifugal Force လို့ခေါ်တဲ့ ဗဟိုခွာအားတစ်ခု ရှိပါတယ်။ အဲဒါကို တန်ပြန်ဖို့အတွက် လမ်းရဲ့ဒီဇိုင်း ဆွဲတဲ့အခါမှာ Gradient နဲ့ အတွင်းကို စောင်းထားတဲ့ နေရာမျိုးတွေ ရှိပါတယ်။ ဒီနေရာမှာတော့ တစ်ပြေးညီ ပြင်ညီလမ်းတွေပဲ ဖြစ်နေတာ တွေ့ရတယ်။ ဒီလောက်က လွဲရင်တော့ တတ်နိုင်သလောက် ပြည့်စုံနေပါတယ်။ အရေးကြီး တာတော့ ဘာလဲဆိုတော့ သတ်မှတ်မိုင်နှုန်း ထိန်းသိမ်းတာကို လိုက်နာဖို့ အဓိက ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကိုယ်တိုင်လည်းပဲ ပုသိမ်-ရန်ကုန်၊ ဟသ်ာတ-ရန်ကုန်၊ ရန်ကုန်-နေပြည်တော်-မန္တလေး စသည်ဖြင့် အမြန်လမ်းမကြီးပေါ်မှာ အကြိမ် ရာနဲ့ချီပြီး ကျွန်တော် ခရီး သွားခဲ့တာ ဖြစ်ပါတယ်။ သွားတဲ့အခါမှာလည်း ဒီလိုပဲ ထိုင်နေရတာဖြစ်တဲ့အတွက် ယာဉ်မောင်းနဲ့ ယာဉ်နောက်လိုက်တွေရဲ့ အမူအကျင့်တွေ၊ သူတို့ရဲ့ အလေ့အထတွေကို တော်တော်လေး လေ့လာမိ ပါတယ်။ လေ့လာကြည့်တဲ့အခါမှာ အထူးသဖြင့် အသက်ငယ်တဲ့ ယာဉ်မောင်းတွေဆိုရင် ပေါ့ပေါ့ဆဆ ပျော်ပျော်ပါးပါးပေါ့ နားကြပ်နဲ့ သီချင်းနားထောင်ပြီး မောင်းတာတို့၊ နောက်ပြီးတော့ စကားများနေတာတို့

တစ်ခါတစ်ခါ ငိုက်သွားတာတို့၊ အလေ့အထအရ သောက်စားတတ်တဲ့ အလေ့အထ ရှိတတ်တာတို့၊ တစ်ခါတစ်ခါ အိပ်ချင်တယ်ဆိုပြီး အရန်ကို မောင်းခိုင်းပြီး အိပ်နေတာတို့၊ ဒါလေးတွေလည်း ကြုံခဲ့ဖူးပါတယ်။ အဲဒီလို လူငယ်ပိုင်းတွေ ဖြစ်တတ်တဲ့အခါကျတော့ ဘာပြဿနာလဲရှိလဲဆိုတော့ ယာဉ်တွေကလည်း နှစ်ကြာလာတယ်။ သက်တမ်းကြာလာရင် စက်က ထုံးစံပါပဲ ကျသွားတယ်။ ကျတဲ့အခါကျတော့ ပိုပြီး သတိထားရမယ့်အချိန်မှာ ပေါ့ပေါ့ဆဆ လုပ်မယ်ဆိုရင်တော့ ဒါ အခက်အခဲ ရှိနိုင်ပါတယ်။

ယာဉ်မောင်းဘက်မှာလည်း ဘာ ဖိအား ရှိပြန်သလဲဆိုတော့ ဒီယာဉ်တွေ ကျလာတဲ့အတွက်ကြောင့် ခရီးကြောင်းတစ်ကြောင်း၊ လမ်းကြောင်းတစ်ကြောင်း ဆုံးသွားရင် ရပ်ထားပြီး ဒါ ယာဉ်ကြံ့ခိုင်မှု၊ စက်ကြံ့ခိုင်မှု စစ်ဆေးဖို့ တာဝန်ရှိပါတယ်။ ဒါပေမဲ့ ခရီးလမ်းကြောင်း လိုအပ်ချက်အရ၊ ယာဉ်ပိုင်ရှင်ဘက်က သို့မဟုတ် ယာဉ်လိုင်းပိုင်ရှင်ဘက်ကနေပြီးတော့ ဖိအားပေးချက်အရ ရောက်တာနဲ့ ပြန်ထွက်ရတာတွေ ရှိတယ်။ ဒါလည်း သူတို့အတွက်ကတော့ ဖိအားတစ်ခု ဖြစ်ပါတယ်။ ဒါ သူတို့ဘက်မှာလည်း ပင်ပန်းတာတွေ သွားတွေ့တာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ယာဉ်မောင်းဘက်က လိုအပ်ချက်ကို ဘာက တစ်ခါ ထပ်ပြီး ဖြစ်ပြန်လဲဆိုတဲ့အခါကျတော့ ရပ်နားစခန်းပေါ့။ ကျွန်တော်တို့ မိုင်(၁၀၀)အောက်ပေါ့။ ရန်ကုန်-ပုသိမ်၊ ရန်ကုန်-ဟင်္သာတပြီးတော့ အဲဒီလမ်းတွေကတော့ မိုင်(၁၀၀)အောက်ပါပဲ။ မိုင်(၁၀၀)အတွင်းမှာ မိုင်ကို(၂၀၀)(၃၀၀)သွားရတဲ့ Highway လမ်းမကြီးတွေကျတော့ ရပ်နားစခန်းတွေ ရှိပါတယ်။ အဲဒီမှာ ရပ်ပါတယ်။ ရပ်ပေမယ့် သူတို့ကို ဧည့်ခံကောင်းတဲ့ သူတို့နဲ့ ပြေလည်တဲ့ဆိုင်မှာ ရပ်ပေးတဲ့အတွက်ကြောင့် ခရီးသည်တွေ အဲဒီမှာပဲ စားရတယ်။ အဲဒီတော့ ယာဉ်မောင်းက Automatic ကျေးဇူးရှင်ဖြစ်သွားတယ်။ ပိုက်ဆံ တကယ်ပေးစားတဲ့ ခရီးသည်ထက် သူတို့ကို ပိုပြီးဂရုစိုက်တယ်။ လိုလေးသေးမရှိပြုစုတယ်။ လိုလေးသေးမရှိ ပြုစုတဲ့နေရာမှာ ယမကာ ပါပါတယ်။ အဲဒီတော့ သောက်ပါတယ်။ အဲဒီ ရပ်နားစခန်းက ပြန်ထွက်တဲ့အချိန်မှာ နည်းနည်းလေး အရင်ထက်ပိုပြီး ယစ်လာတာလေးတွေ တွေ့ဖူးပါတယ်။

နောက်တစ်ခုကတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ နဂိုကမှ သူ့မှာ အားနည်းချက် ရှိနေတာ အားနည်းချက်ဆိုတာ ဘာလဲဆိုတော့ လုပ်သက်ထဲမှာ အဲဒီလို Accident မှတ်တမ်းရှိခဲ့ဖူးတယ်။ အရေးယူခံရတဲ့ မှတ်တမ်း ရှိခဲ့ဖူးတယ်။ သူ့ရဲ့ဓလေ့က ပေါ့ပေါ့ဆဆ လုပ်တတ်တဲ့အလေ့ရှိတယ်။ သောက်စားတတ်တဲ့ဆိုတဲ့ ပုဂ္ဂိုလ်မျိုးဟာ အဲဒီလို ထက်သောက်လိုက်ရင်တော့ Accident ဖြစ်ဖို့အတွက် အလားအလာ ပိုများသွားကြောင်း တွေ့ရမှာ ဖြစ်ပါတယ်။

နောက်တစ်ခု ဒါကြောင့်မို့လို့ ကျွန်တော်တို့ဘက်က ဘယ်လို အကြံပြုတဲ့နည်းလမ်း မေးခွန်းပေးထားလဲဆိုတော့ လိုင်စင်ဝင်တဲ့အခါမှာ လိုင်စင်ကို အလွယ်တကူ မပေးဖို့၊ သက်တမ်းတိုးရင်လည်း အလွယ်တကူ သက်တမ်း မတိုးပေးဖို့၊ သူ့ကို ပြန်ပြီးတော့ Competency ယာဉ်မောင်းကျွမ်းကျင်မှုကို ပြန်ပြီးတော့ စစ်ဆေးပေးဖို့၊ နောက် သူ့ရဲ့ မှုခင်းတွေနဲ့ တိုက်ဆိုင်စစ်ဆေးပေးဖို့ စသည်ဖြင့် ဒါတွေကို ကျွန်တော်တို့က အကြံပေးထားပါတယ်။ ယာဉ်ပိုင်ရှင်၊ လိုင်းပိုင်ရှင်မှာ တာဝန်ရှိပါတယ်။ လူတွေရဲ့ အသက်နဲ့ လုပ်စားတာ ဖြစ်ပါတယ်။ သူတို့က ပိုက်ဆံယူထားတာဖြစ်တယ်။ သူတို့ကိုယ်တိုင်က တာဝန်ယူတဲ့အတွက်ကြောင့် ဒီ ယာဉ်မောင်းနဲ့ ယာဉ်နောက်လိုက်၊ အရန် စတာတွေကို တာဝန်ယူကြောင်း၊ ဒီအချက်အလက်တွေ ပြည့်စုံကြောင်း သူတို့ဘက်ကလည်း ထောက်ခံချက်ပေးထားဖို့ လိုမှာဖြစ်ပါတယ်။ ဒါမှသာလျှင် သက်ဆိုင်ရာဌာနက ဒီအပေါ်မှာမူတည်ပြီးတော့ လိုင်စင်တွေ ထုတ်ပေးလို့ရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ဒီမှာ Highway ပေါ်မှာ ဆိုလို့ရှိရင် ရုတ်တရက် ရှောင်တခင် စစ်နိုင်တဲ့ အစီအစဉ်လေးတွေပေါ့။ နိုင်ငံတကာမှာတော့ ကျွန်တော်တို့ တွေ့ဖူးပါတယ်။ အဲဒါ ဘာလဲဆိုတော့ Alcohol Detection ပေါ့။ သောက်ထားလား၊ မသောက်ထားလား ဘာမှ မလုပ်ဘူး။ ပါးစပ်ဝမှာတော့ပြီး အသက်ရှူထုတ်ခိုင်းလိုက်တဲ့အခါ ဒီကရတဲ့ Alcohol အနံ့က ချက်ချင်းဒီဂရီနဲ့ပေါ်တာ ဖြစ်ပါတယ်။ လိမ်လို့ မရပါဘူး။ Indoctrination ရှိတယ်ဆိုရင် ချက်ချင်းသတ်မှတ်ပြီး အရေးယူ လိုင်စင်သိမ်းတာတွေ ရှိပါတယ်။ ဒါမျိုးလည်း ကျွန်တော်တို့ လိုအပ်လာရင် ငွေကုန်ကြေးကျရှိတယ် ဆိုပေမယ့်လည်း လူ့အသက်နဲ့ စာရင် တန်ဖိုးမရှိနိုင်ပါဘူး။ ဒါလည်း လုပ်သင့်ရင် လုပ်ဖို့ လိုမယ်လို့ မြင်ပါတယ်ခင်ဗျား။

နောက် ယာဉ်ကို စစ်တဲ့အခါမှာ Driver လိုင်စင် စစ်ရုံမကဘဲနဲ့ ယာဉ်ကိုလည်း ရုတ်တရက် စစ်ဖို့ လိုတယ်။ ဥပမာ - ဘီးအခြေအနေတွေ။ ဘီးတွေက ပန်းပါးပြီးတော့ သံစကာပေါ်နေတာ၊ ဘရိတ်က မမိတာမျိုး၊ မီးမလင်းတာမျိုး၊ Wiper အလုပ်မလုပ်တာမျိုး စသည်ဖြင့် ဒီလိုဟာမျိုးတွေလည်း စစ်ဖို့ လိုမယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ အဲဒီလိုမျိုး တွေ့ခဲ့ရင် ချို့ယွင်းချက် တွေ့ခဲ့ရင် ကာယကံရှင် ဖြစ်တဲ့ ယာဉ်မောင်းနဲ့ ယာဉ်လိုင်စင် သိမ်းရုံနဲ့ မရပါဘူး။ ဒီယာဉ်ကို ဂိတ်ကနေ Pass လုပ်လိုက်တဲ့ လိုင်းတာဝန်ခံမှာလည်း တာဝန်ရှိပါတယ်။ ယာဉ်ပိုင်ရှင်မှာလည်း တာဝန်ရှိပါတယ်။ နောက်ပြီးတော့ Mobile Team အနေနဲ့ စစ်မှာ ဖြစ်တဲ့အတွက်ကြောင့် အဲဒီ Mobile Team တွေက လွတ်ပေးလိုက်တဲ့ အတွက် ဒီ Mobile Team မှာလည်း တာဝန်ရှိမှာ ဖြစ်ပါတယ်။ စောစောကပဲ ဒေါက်တာပွင့်ဆန်း ပြောသွားပါတယ်။ ဒုတိယဝန်ကြီး စီးပွားကူးသန်းကနေ Mobile Team လုပ်လိုက်တာ ဒါလည်း ကျွန်တော် မေးတဲ့ မေးခွန်းနဲ့ ပတ်သက်ပါတယ်။ အဲဒါ နောက်ပိုင်းမှာ အများကြီး မိလာတာဖြစ်ပါတယ်။

အလားတူပဲ က.ည.န ကတော့ အဓိကဖြစ်ပါလိမ့်မယ်။ Focal Agency ပေါ့။ သူက ဦးဆောင်ပြီးတော့ ဌာနဆိုင်ရာပေါင်းစုံပါတဲ့ ပူးပေါင်းအဖွဲ့နဲ့ စစ်မယ်ဆိုရင်တော့ ပိုပြီးတော့ ကောင်းသွားမယ်လို့ ထင်ပါတယ်။ ကျွန်တော် မေးခွန်းတက်သွားပြီး နောက်ပိုင်းမှာလည်း လုပ်တယ်ဆိုတဲ့ အထောက်အထားတွေလည်း ကြားသိရပါတယ်။ အခု မှန်လုံယာဉ်တွေကိုကြည့်ရင် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုမျိုးပုံစံ သူက အုတ်နီခဲကို အပြားမထားဘဲနဲ့ ဘေးတိုက်ထောင်ထားသလို ဖြစ်ပါတယ်။ အထက်ကို မြင့်ပါတယ်။ မြင့်တော့ ရူပဗေဒသဘောတရားအရ ဒီထောင့်စွန်းနှစ်ခုကို ကြက်ခြေခက် ဆွဲလိုက်ရင် ခလယ်တည့်တည့်က Center of Gravity ဟန်ချက်ပျက်ပါတယ်။ သူက အောက်မှာ ဝမ်းခေါင်းလို့ ခေါ်တဲ့ ကုန်ထည့်တဲ့ Luggage Bale ပါတယ်။ အဲဒီ Luggage Bale ကလည်း (၃)ပေလောက် မြင့်တဲ့အတွက်ကြောင့် အဲဒီ Luggage Bale က အမြဲတမ်းမပြည့်ဘူး။ ခရီးသည်ပါတဲ့ တစ်နိုင်တစ်ဆွဲနဲ့ ဂိတ်က ပါးလိုက်တဲ့ ကုန်တော့ပါမယ်။ ဒါပေမဲ့ ဒါ အပြည့်အသိပ် မဟုတ်တဲ့ အတွက်ကြောင့် ဝိတ်က အောက်တည့်တည့်အပေါ်မှာ ရှိပါတယ်။ ဒါဖြင့်ရင် Luggage Bale ဒီမျဉ်းကြောင်းရဲ့ အထက်မှာ Center of Gravity က ပိုပြီး မြင့်သွားပါတယ်။ အဲဒါမျိုးက ပိုပြီး တိမ်းစောင်းတတ်ပါတယ်။ အထူးသဖြင့် မိုးသည်းလေထန်တဲ့နေရာမျိုးဆိုလို့ရှိရင် ဒီချိန်မှာ သိပ်သတိထားဖို့ လိုပါတယ်။ အကွေ့အကောက်တွေ လုံးလုံးလဲတတ်တဲ့သဘော ရှိပါတယ်။ ဒါလေး ကျွန်တော် တင်ပြလိုခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခု လာဖြေတဲ့ ရထားပို့ဆောင်ရေးဝန်ကြီးဌာနနဲ့တော့ တိုက်ရိုက် မပတ်သက်ပါဘူး။ ကျွန်တော့်မေးခွန်းမှာ ဒုတိယပိုင်းမှာ အာမခံလုပ်ငန်းကိစ္စ ပါ ပါတယ်။ အာမခံလုပ်ငန်း ကိစ္စ ကျွန်တော်တို့ ခရီးသည်တွေက အခု ကားလက်မှတ်ဖြတ်လိုက်ရင် (၃၀၀)ပေးရတယ်။ တစ်ခါတည်း

အာမခံပါသွားပြီးသား။ အာမခံပါတဲ့အတွက်ကြောင့် Accident ဖြစ်ရင် သေရင်ကြေရင် လျော်ပါတယ်။ အရင်ဆုံး အရေးယူနိုင်တဲ့ ဌာနကတော့ ဆောင်ရွက်နိုင်တဲ့ဌာနက အာမခံပဲ။ အဲဒီလို ကြည့်လိုက်ရင် သာမန်ကြည့်ရင် တာဝန်ကျေတာပေါ့။ ဒီဌာန ကောင်းတာပေါ့ ပြောလို့ ရပေမယ့် လူ့အသက် ဖြစ်နေပါတယ်။ သေလိုက်ပါ၊ လျော်လိုက်ပါ့မယ် ဆိုတဲ့ သဘောမဖြစ်ပါဘူး။ အဲဒီလိုလုပ်မယ့်အစား နိုင်ငံတကာ စံနှုန်းမှာတော့ Risk ပေါ့နော်။ အသက်နဲ့ပတ်သက်တဲ့ လုပ်ငန်းတွေမှာတော့ ကျွန်တော်တို့ အာမခံ အလွယ်တကူမပေးဘူးခင်ဗျား။ အာမခံထားရင် အာမခံထားတဲ့ယာဉ်ကို စစ်တယ်။ ယာဉ်နဲ့ ပတ်သက်တဲ့ တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေကို စစ်တယ်။ စံနှုန်းတွေ သူ များစွာရှိပါတယ်။ တချို့ ကျွန်တော်တို့ ကြားဖူးတာဆိုရင်၊ ကျွန်တော်တို့ မြင်ခဲ့ဖူးတာတွေဆိုရင် Private Investigator လို့ခေါ်တဲ့ ကိုယ်ပိုင် ထောက်လှမ်းရေး၊ စုံစမ်းရေးသမားတွေထားတယ်။ ထားပြီးတော့ကို ရုတ်တရက် ရှောင်တခင်စစ်တာတွေ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်တာတွေ ကျွန်တော်တို့ တွေ့ဖူးပါတယ်။ ဒါကြောင့် မို့လို့ ဒါတွေလည်း အာမခံလုပ်ငန်းတွေနဲ့ လုပ်မှဖြစ်ပါလိမ့်မယ်။ Stakeholder ထဲမှာ သူလည်း ပါတယ်လို့ ကျွန်တော်ဆိုလိုခြင်း ဖြစ်ပါတယ်။ ဒါလေးတစ်ချက်ပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တလောက ဥက္ကဋ္ဌကြီးတို့ တာဝန်ပေးလို့ AIPA CAUCUS ကျွန်တော် သွားတက်တဲ့အခါမှာ လေယာဉ်ပျံပေါ်မှာ ဘန်ကောက်ပိုစ့် လာပေးလို့ ဖတ်လိုက်ပါတယ်။ တိုက်တိုက်ဆိုင်ဆိုင် ဘာသွားတွေ့လဲဆိုတော့ အဲဒီမေးခွန်း စိတ်ဝင်စားနေတဲ့အချိန်မှာ ဘန်ကောက် တက္ကသိုလ်တစ်ခုအောက်က ကောလိပ်ငယ်တစ်ခုမှာ ဌာနမှူး Dim က အရက်မူးပြီး ကားမောင်းပါတယ်။ ကျောင်းသားအုပ်စုကို ဝင်တိုက်ပါတယ်။ အဲဒီမှာ တော်တော်လေး ရုတ်ရုတ်သဲသဲဖြစ်သွားပါတယ်။ အဲဒီအချိန်က ရုတ်ရုတ်သဲသဲဖြစ်တဲ့ကာလလည်း ဖြစ်တဲ့အတွက်ကြောင့် အဲဒီမှာ Bangkok Mass Transit Authority လို့ခေါ်တဲ့ ကျွန်တော်တို့ဆီက မ.ထ.သ ထက်တော့ မြင့်ပါတယ်။ ပို့ဆောင်ရေး လုပ်ငန်း အာဏာပိုင်အဖွဲ့ကနေ တော်တော်ကြီး ဒါ ဂယက်ရိုက်သွားပြီးတော့ ကျွန်တော်ပြောခဲ့တဲ့ စံနှုန်းတွေနဲ့ ပြန်စစ်တာ သွားတွေ့ပါတယ်။ ဒီဆရာဟာ သောက်တတ်တဲ့ဓလေ့ ရှိတယ်။ လိုင်စင်အပြီးပိတ်လိုက်။ စသည်ဖြင့် ဒီလိုလေးတွေ ကျွန်တော် သွားတွေ့တာရှိပါတယ်။

ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူတွေ လုံခြုံစိတ်ချသွားနိုင်ရေးအတွက် မတော်တဆမှုများကို ကြိုတင်ကာကွယ်နိုင်ရန် ကျွန်တော် တင်ပြခဲ့တဲ့အချက်များနဲ့ စပ်လျဉ်းပြီးတော့ သက်ဆိုင်ရာဌာနတွေ၊ အဖွဲ့အစည်းတွေ၊ လုပ်ငန်းတွေကနေပြီးတော့ မည်သို့ဆက်လက်စီမံ ဆောင်ရွက်သွားမည်ကို အများပြည်သူရဲ့အသက်နဲ့ လူမှုရေးဆုံးရှုံးနစ်နာမှုများကို ကာကွယ်နိုင်ရေးအတွက် ဦးတည်၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**လက်ပံတန်း-သာရဝေါ မီးရထားလမ်းပေါ်ရှိ ခိုင်ခံ့မှုအားနည်းနေသော တံတားအချို့အနက် အခြေအနေစိုးရိမ်ရသောတံတား(၄)စင်းအား စီမံကိန်းချပြပြင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်း က လက်ပံတန်း-သာရဝေါ မီးရထားလမ်းပေါ်ရှိ ခိုင်ခံ့မှုအားနည်းနေသော တံတားအချို့အနက် အခြေအနေ

စိုးရိမ်ရသော တံတား(၄)စင်းအား စီမံကိန်းချပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး နှင့်တကွ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ မင်္ဂလာပါခင်ဗျား။ ပဲခူးတိုင်းဒေသကြီး အမှတ်(၁၀)မဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးမြင့်ထွန်း အနေနဲ့ ဒီမေးခွန်းကို ဇွန်လ စောစောပိုင်းကတည်းက ကျွန်တော်တို့ မေးထားခဲ့တာဖြစ်ပါတယ်။

မနေ့က ကျွန်တော် သာယာဝတီ-လက်ပံတန်းက ပြန်လာခဲ့ပါတယ်။ အဲဒီမှာ ကုန်းပိုင်းပေါ့၊ ရထားလမ်းရဲ့ကုန်းပိုင်း ဇလီဖားတုံးတွေက ကွန်ကရစ်တုံးလေးတွေ တော်တော်လေး အကောင်းစားလေး တွေနဲ့ လဲထားတာလည်း တော်တော်လေး ပြီးနေတာတွေ့ရတဲ့အတွက် ကျွန်တော် တော်တော်လေး ပီတိ ဖြစ်မိပါတယ်။ နောက် ကျွန်တော်တို့ မေးထားတဲ့မေးခွန်းအပေါ်မှာ ဂရုတစိုက်ဆောင်ရွက်ပေးတဲ့ ဝန်ကြီး ဌာနကိုလည်း ကျေးဇူးအထူးတင်ကြောင်း ပြောကြားလိုပါတယ်။ အဲဒီဇလီဖားတုံးတွေ၊ ကျောက်တွေလည်း နောက် မကြာခင် ထပ်ပြီးတော့ ရောက်လာဖို့ရှိပါတယ်လို့လည်း သိရပါတယ်။ အခုလိုပဲ ဖိဖိစီးစီး ဆက်လက်ဆောင်ရွက်သွားမယ်ဆိုရင် ဒီလမ်းပိုင်းဟာ မကြာခင် ခိုင်ခိုင်ခံ့ခံ့နဲ့ ပြီးစီးသွားမယ်လို့လည်း ကျွန်တော်ထင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလမ်းဟာ ရထားလမ်းအပေါ်မှာ မှီခိုပြီးတော့မှ လက်ပံတန်းကနေ သာရဝေါကို သွားပါတယ်။ သာရဝေါရောက်ရင် ဧရာဝတီမြစ် သင်္ဘောနဲ့ဖြတ်၊ ဖြတ်ပြီးတော့ ဟိုဘက်ကို ဟင်္သာတကို သွားရတဲ့လမ်းလည်း ဖြစ်ပါတယ်။ အဲဒီတော့ စီးပွားရေးအရရော၊ လူမှုရေးအရရော၊ တချို့ လူမမာတွေ ဆေးရုံတက်ရတာတွေ ရှိပါတယ်။ အဲဒီတော့ ကျွန်တော် Power Point နဲ့ တင်ပြခွင့်ပြုပါ။

အခုတင်ပြ ထားတာက တာပေါက်တံတား၊ ဒီတာပေါက်တံတားအောက်က ဇလီဖားတုံးတွေက ပုံမှာ ကျွန်တော်တို့ ကိုယ်စားလှယ်ကြီးများလည်း ကြည့်လိုက်ရင် ဒီဇလီဖားတုံးတွေက လဲဖို့ နည်းနည်း ကျန်နေသေးတယ်။ ဒါမဖြစ်မနေလဲမှ ဖြစ်မယ်ဆိုတာ ကျွန်တော်ပြောလိုပါတယ်။ ဒီနေရာမှာ ပြည်သူတွေ မှာလည်း တာဝန်ရှိတယ်ဆိုတာ ကျွန်တော် နည်းနည်းလေးတင်ပြချင်ပါတယ်။ တော်တော်များများဟာ ခုတလော ရထားရဲ့ခေါင်မိုးပေါ်ကနေ စီးနေကြတာကို အသက်အန္တရာယ် တော်တော်လေး စိုးရိမ်ရ ပါတယ်။ အခုတော့ ကျွန်တော် မေးကြည့်တဲ့အခါမှာ မိုးတွင်းကာလ၊ မိုးတွင်းကာလမှာ ကုန်းတွင်းပိုင်းက တချို့သွားစရာမရှိဘူး။ ရထားလမ်းတစ်ခုပဲ အားကိုးနေကြတာဆိုတော့ သံလမ်းနှစ်ခုကြားမှာ အခုလိုပဲ ကျေးရွာလူထုက ပျဉ်ပြားလေးတွေခင်း၊ ခင်းပြီးတော့ အဲဒီအပေါ်က ဆိုင်ကယ်တွေ၊ လူတွေ ဖြတ်နေ ပါတယ်။ အမှန် ရထားဥပဒေအရ ဆိုရင်တော့ ဒီလိုသွားလို့မရပါဘူး။

နောက်တစ်ခါ ဒီ ရထားတွဲပေါ့။ ရထားတွဲကလည်း နှစ်တွဲလောက်ကလည်း တချို့ သက်တမ်း ကုန်သွားတဲ့ အတွက်ကြောင့်၊ ကုန်သွားတဲ့သက်တမ်းကို ပြန်လည်းမဖြည့်နိုင်သေးတဲ့ အခါကျတော့ လူတွေ သက်ဆိုင်ရာရုံပိုင်နဲ့ မီးရထားရဲတွေက ကြပ်မတ်နေတဲ့ကြားက လွတ်တာနဲ့၊ ဘူတာကို လွန်တာနဲ့ အပေါ်ကို တက်ပြီးတော့ စီးကြတယ်။ ရွာတွေမှာ အတင်းအဓမ္မ တက်စီးတဲ့အတွက်ကြောင့် ရထားရဲ့ ဟန်ချက်က မြင့်ပါတယ်။ ဟန်ချက်မြင့်တဲ့အခါမှာ အောက်က ဇလီဖားတုံး မခိုင်တဲ့အခါကျတော့ ဒီမှာ ပြုတ်ကျတာတွေ၊ ဘာတွေလည်း ရှိခဲ့ဖူးပါတယ်။ နောက် သံဘောင်ရှိတဲ့တံတားအဝင်တွေမှာလည်း

ခေါင်းနဲ့တိုက်ပြီးတော့ သေကျေတာတွေ ရှိခဲ့ဖူးပါတယ်။ အဲဒီတော့ ကျွန်တော်တို့ လမ်းဘေးဈေးသည်တွေကလည်း အထူးသဖြင့် ခမုံဆိပ်တို့၊ ဇီးဖြူကုန်းတို့၊ ညောင်ပိုင်းတို့မှာ ရထားလမ်းဘေးမှာ ဈေးဆိုင်တွေက ဆိုင်ခန်း(၂၀၀)၊ (၃၀၀)လောက်ရှိပြီးတော့ (၁)မိုင်လောက်ရှည်တဲ့အနေအထားတွေလည်း ရှိပါတယ်။ အဲဒီမှာ အိမ်တွေပါ ဖြစ်လာပြီးတော့မှ စားကြွင်း၊ စားကျန်တွေကြောင့် ကြွက်တွေဟာ အဲဒီရထားလမ်းဘေးအောက် ခိုတာတွေလည်း ကြားခဲ့ရတဲ့အတွက်ကြောင့် သက်ဆိုင်ရာက တစ်ဖြည်းဖြည်း စည်းရုံးပြီးတော့ ဖယ်သွားမယ်လို့ ကြားပါတယ်။ ဘာဖြစ်လို့တုန်းဆိုတော့ ဒီမှာ နှစ်(၁၀၀)လောက်ဆိုတော့ တော်တော်လေး လုပ်ရမယ့် အနေအထားတွေလည်း ရှိပါတယ်။

တာပေါက်တံတားကတော့ ဇလီဖားတုံး အကောင်းတစ်ခုမှ မတွေ့ပါဘူး။ ဒါကြောင့်မို့လို့ ဒါလေး အမြန်လဲပေးလိုက်ရင် ပြည်သူအတွက် နည်းနည်းအဆင်ပြေမယ်လို့ ထင်ပါတယ်။ အခုတစ်ခုကတော့ ကညင်ဩတံတားပါ။ သူလည်း ခုနက တာပေါက်တံတားလိုပါပဲ။ အခြေအနေကတော့ အမြန်ဆုံးလဲလှယ်ဖို့လိုမယ်လို့ ကျွန်တော် တင်ပြလိုပါတယ်။

ပိုးတုံးကြီးတံတားပါ ခင်ဗျား။ ဒီမှာ ပိုးတုံးကြီးတံတားကို ကျွန်တော်တို့ တင်ပြချင်တာက တချို့နေရာမှာ သံလမ်းလေးတွေက နည်းနည်းတောင် ကွေးချင်လာတယ်။ ဆိုတော့ အဆက်နဲ့အဆက်နဲ့ အမြန်ပြင်လို့ရတာ မှန်ပေမယ့်လည်း တစ်ပြိုင်နက်တည်းပြင်မယ်ဆိုလို့ရှိရင် အောက်က ကွန်ကရစ်ဇလီဖားတုံးတွေနဲ့ လဲဖို့လိုမယ်လို့ ကျွန်တော်ပြောချင်ပါတယ်။ ဒါက ကညင်ဩတံတားဖြစ်ပါတယ်။ ကညင်ဩတံတားကတော့ တချို့နေရာမှာ ဇလီဖားတုံးတွေက ချောင်ရုံမကပါဘူး။ နဲနဲလေးကျဲပြီးတော့ ပြုတ်ထွက်နေတာတွေ တွေ့ပါတယ်။ ဒီပျဥ်ပြားတွေကလည်း နေ့စဥ်နဲ့အမျှ သွားတဲ့ ဆိုင်ကယ်တွေရဲ့ အခြေအနေကို အခု မိုးတွင်းမှာဆိုလို့ရှိရင် ရေက တော်တော်လေးနက်နေပါပြီ။ ဒါတွေလည်း တချို့နမော်နမဲ့စီးပြီး ချော်ကျတာတွေ၊ ပြုတ်ကျတာတွေ ရှိခဲ့ဖူးတယ်လို့ ဒေသခံ ပြည်သူလူထုက ပြောပါတယ်။ ဒါ ခမုံဆိပ်တံတားပါ။ အဲဒီမှာ သံဘောင်နဲ့တိုက်ပြီးတော့ သေကျေတဲ့ အဖြစ်အပျက်လေးတွေ ရှိခဲ့ပါတယ်။ ထိုင်ရင်တော့ လွတ်တယ်။ တစ်ခါတလေ ယောင်ပြီးတော့ ထတာတို့၊ ဖြစ်သလို စီးမယ်ဆိုလို့ရှိရင် တိုက်မိတာတွေ၊ ဘာတွေရှိပါတယ်။ အခုတလောတော့ သိပ်မရှိတော့လည်းပဲ သူလည်း ဇလီဖားတုံးတွေ နည်းနည်းဆွေးနေတဲ့ အနေအထားလေးတွေ ရှိတယ်လို့ ကျွန်တော်ပြောချင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးချင်တဲ့မေးခွန်းကတော့ ဒီတံတားတွေကို ဘယ်အချိန်လောက်မှာ စီမံကိန်းချပြီးတော့ ပြုပြင်ပေးမလဲ။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံပြည်သူလူထု ကိုယ်စားလေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

လက်ပံတန်း-သာရဝေါ ရထားလမ်းပိုင်းရှိ ပြုပြင်ရန် လိုအပ်သောတံတားများ (ဂ)




လက်ပံတန်း-သာရဝေါ ရထားလမ်းပိုင်းရှိ ပြုပြင်ရန် လိုအပ်သောတံတားများ (ဂ-၁)



**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၀။**

**ဦးချန်မောင် (ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော် ဦးစွာပထမ ဧရာဝတီတိုင်းဒေသကြီး အမှတ်(၆)မဲဆန္ဒနယ်မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီ ရဲ့ ရန်ကုန်-နေပြည်တော်-မန္တလေး အဝေးပြေးကားလမ်းမကြီး ရဲ့ ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များ၊ ၎င်းတို့ကို ကြီးကြပ်တာဝန်ပေးတဲ့ ယာဉ်လိုင်းတာဝန်ရှိသူ များရဲ့ လူပုဂ္ဂိုလ်ပိုင်းဆိုင်ရာ အထောက်အထား စစ်ဆေးကြပ်မတ်မှုများ မည်ကဲ့သို့စီမံဆောင်ရွက်သွား မည်ကိုသိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ပတ်သက်တဲ့မေးခွန်းကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးရဲ့ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးချန်မောင် မှ ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ် ခင်ဗျား။

လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့မေးခွန်းမှာ မေးခွန်းငယ်(၇)ခု ရှိနေကြောင်း ကျွန်တော်တို့ တွေ့ရှိရပါတယ်။ မေးခွန်းငယ်တစ်ခုချင်းအလိုက် ကျွန်တော် ဆက်ပြီးတော့ ဖြေကြားသွား ပါမယ်။ မေးခွန်းငယ်(၁) နဲ့ ပတ်သက်ပြီးတော့ ယာဉ်မောင်းနဲ့ အရန်ယာဉ်မောင်းတို့ရဲ့ ယာဉ်မောင်း ကျွမ်းကျင်မှုနဲ့အတွေ့အကြုံ (Competency) ကို စစ်ဆေးခြင်း ရှိ/မရှိ မေးထားတာ ရှိပါတယ်။ ရထား ပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရဲ့ ရည်မှန်းချက်တာဝန်ဖြစ်တဲ့ (Road Safety) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကို အကောင်အထည်ဖော်နိုင်ရေးအတွက် ယာဉ်မောင်းများ၊ အရန်ယာဉ်မောင်းများနဲ့ ယာဉ်နောက်လိုက်များကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရန်နဲ့ ကျွမ်းကျင်တဲ့ ယာဉ်မောင်းများဖြစ်စေဖို့အတွက် ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေ နှင့် ၁၉၈၉ ခုနှစ်၊ မော်တော်ယာဉ်နည်းဥပဒေများ၊ လမ်းညွှန်၊ လမ်းအမှတ်အသားများ၊ လမ်းပေါ်ဆေးရေး အမှတ်အသား၊ အမိန့်၊ ညွှန်ကြားချက်များ၊ ယာဉ်မောင်းသူများ လက်စွဲစာစောင်၊ မော်တော်ယာဉ် အန္တရာယ်ဖြစ်မှု လျှော့နည်းကျဆင်းရေး စာတမ်း၊ လမ်းအသုံးပြုသူများ လက်စွဲစာအုပ်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စံပြအမေး/အဖြေ စာအုပ်တို့နဲ့ ထုတ်ပြန်ပြီးတော့ လိုက်နာဆောင်ရွက်လျက်ရှိပါတယ်။

ယာဉ်မောင်းနဲ့ အရန်ယာဉ်မောင်းတို့ရဲ့ ယာဉ်မောင်းကျွမ်းကျင်မှုနဲ့ အတွေ့အကြုံကို စစ်ဆေး ခြင်းနဲ့ ပတ်သက်ပြီးတော့ နိုင်ငံတကာမှာရှိတဲ့ ယာဉ်မောင်းလိုင်စင် ထုတ်ပေးခြင်းစနစ်ကို လေ့လာပြီး အရည်အချင်းပြည့်ဝတဲ့ ယာဉ်မောင်းကောင်းများကိုသာ ယာဉ်မောင်းလိုင်စင် ထုတ်ပေးရန်အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဗွီဒီယိုများပြပြီး ကြည့်ရှုစေခြင်း၊ ယာဉ်စည်းကမ်း၊ လမ်း စည်းကမ်း ရေးဖြေ ဖြေဆိုစေခြင်းကို ယခင်မေးခွန်း (၂၀)ကနေပြီးတော့ (၅၀)အထိသို့ တိုးမြှင့်စစ်ဆေး ခြင်းကို ၁-၄-၂၀၁၄ ရက်နေ့မှစ၍ စတင်ဆောင်ရွက်လျက်ရှိခြင်း၊ ယခုအခါမှာ ခရီးသည်ပို့ဆောင်ရေး ယာဉ်များကို မောင်းနှင်ရတဲ့ (ဃ)လိုင်စင်နဲ့ (င)လိုင်စင် ယာဉ်မောင်းလိုင်စင် ဖြေဆိုသူတွေကို မေးခွန်း အရေအတွက် ယခင် (၅၀)ကနေပြီးတော့ (၁၀၀)အထိ တိုးမြှင့်ပြီးဖြေဆိုစေခြင်းများ ဆောင်ရွက်လျက် ရှိပါတယ်။ ခရီးသည်တင်ယာဉ်မောင်းများနဲ့ ယာဉ်မောင်းလိုင်စင် ကိုင်ဆောင်သူအားလုံးရဲ့ ပညာ အရည်အချင်းကို စစ်တမ်းကောက်ယူခြင်း ဆိုတဲ့ဟာကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။

မော်တော်ယာဉ်လိုင်း၊ အသင်းများတွင် မောင်းနှင်နေတဲ့ (င)ယာဉ်မောင်းလိုင်စင် ကိုင်ဆောင်တဲ့ ခရီးသည်တင်ယာဉ်မောင်းများကို လက်ရှိစစ်ဆေးနေသည့်စနစ်နဲ့ ပြန်လည်စစ်ဆေးမှုခံယူစေခြင်း၊ ခရီးသည်တင်ယာဉ်ဘတ်စ်နဲ့ လက်တွေ့ ယာဉ်မောင်းကျွမ်းကျင်မှု ပြန်လည်စစ်ဆေးပြီး အောင်မြင်၊ ကျရှုံးစာရင်းကိုလည်း သက်ဆိုင်ရာ အစိုးရအဖွဲ့နှင့် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်း ရေးကြီးကြပ်မှုကော်မတီသို့ လိုအပ်သလို ကြီးကြပ်ဆောင်ရွက်နိုင်ရန် အကြောင်းကြားမှုများ ပြုလုပ်ထားရှိကြောင်း တင်ပြအပ်ပါတယ်။

မေးခွန်းငယ်(၂)ဖြစ်တဲ့ လိုင်စင်နှင့် အမှုဖြစ်ပွားမှုမှတ်တမ်း၊ အရေးယူထားမှုမှတ်တမ်းများ စစ်ဆေးခြင်း၊ ကွန်ပျူတာမှတ်တမ်းထားရှိ၍ လိုအပ်သော အရေးယူမှုပြုခြင်း ရှိ/မရှိ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လစဉ်ပေးပို့တဲ့ ယာဉ်တိုက်ခိုက်မှုစာရင်းအရ လည်းကောင်း၊ ထူးခြားဖြစ်စဉ်များအရ လည်းကောင်း ယာဉ်မတော်တဆမှု ဖြစ်စေတဲ့ ယာဉ်မောင်းလိုင်စင်များကို ပြစ်မှုအမျိုးအစားအလိုက် ရုပ်သိမ်းကာလကို ရာဇသတ်ကြီး ပုဒ်မ ၂၇၉ မဆင်မခြင်မောင်းမှုအတွက် (၁)နှစ်၊ ပုဒ်မ ၃၃၇ သာမန်ဒဏ်ရာရရှိစေမှုအတွက် (၂)နှစ်၊ ပုဒ်မ ၃၃၈ အပြင်းအထန်ဒဏ်ရာရရှိစေမှု နှစ်ဦးအထိအတွက် (၃)နှစ်၊ ပုဒ်မ ၃၃၈ အပြင်းအထန်ဒဏ်ရာရရှိမှု သုံးဦးနှင့်အထက်အတွက်(၄)နှစ်၊ ပုဒ်မ ၃၀၄(က) လူသေမှုနှစ်ဦးအထိအတွက် (၅)နှစ်နဲ့ ပုဒ်မ ၃၀၄(က) လူသေမှုသုံးဦးနှင့်အထက်အတွက် ရာသက်ပန်၊ ပုဒ်မ ၂၇၉၊ ၃၃၇၊ ၃၃၈၊ ၃၀၄(က)အရ ပြစ်မှုကျူးလွန်တဲ့ ယာဉ်မောင်းများက ယာဉ်မောင်းလိုင်စင်မရှိကြောင်း ထွက်ဆိုသော်လည်း စိစစ်ဖော်ထုတ်၍ ယာဉ်မောင်းလိုင်စင် ကိုင်ဆောင်သူဖြစ်ကြောင်း ပေါ်ပေါက်ခြင်းအတွက် ရာသက်ပန်ကာလအထိ ပြင်ဆင်သတ်မှတ်ပြီးတော့ အရေးယူဆောင်ရွက်လျက်ရှိပါတယ်။

ယာဉ်မတော်တဆမှုဖြစ်စေတဲ့ ယာဉ်မောင်းလိုင်စင်များအား ပြစ်မှုအမျိုးအစားအလိုက် ပိတ်သိမ်းထားသော ကာလအတွင်းမှာ ယာဉ်မောင်းလိုင်စင် မိတ္တူလျှောက်ထားခြင်း၊ အသစ်ထပ်မံလျှောက်ထားခြင်း မပြုလုပ်နိုင်ရေးအတွက်လည်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန လက်အောက်ရှိတဲ့ ရုံးများအားလုံးမှာ ကွန်ပျူတာစာရင်း ရေးသွင်းထားရှိ၍ မပျောက်မပျက် ဖိုင်ဖွင့်လှစ်ထားရှိကာ အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ ပိတ်သိမ်းစာရင်းကို ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့တို့သို့လည်း လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရန် ပေးပို့လျက်ရှိပါတယ်။ နောင်တွင်လည်း ဆက်လက်ပေးပို့သွားမှာ ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

မေးခွန်းငယ်(၃)ဖြစ်တဲ့ ယာဉ်မောင်း၊ အရန်ယာဉ်မောင်းတို့ရဲ့ ကိုယ်၊ စိတ် ကျန်းမာမှု စစ်ဆေးခြင်း ရှိ/မရှိ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ယာဉ်မောင်းလိုင်စင် ထုတ်ပေးရန်အတွက် အမြင်အာရုံစစ်ဆေးခြင်း၊ ကိုယ်လက်အင်္ဂါသန်စွမ်းမှု စစ်ဆေးခြင်း၊ ယာဉ်မောင်းလိုင်စင် ဖြေဆိုသူတို့ရဲ့ စိတ်အခြေအနေ စစ်ဆေးခြင်း (Psychological Test) နှင့် အရက်သောက်တတ်မှု စစ်ဆေးခြင်း (Abusing Alcohol Test) တို့ကိုလည်း စစ်ဆေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

မေးခွန်းငယ်(၄)ဖြစ်တဲ့ သောက်စားမူးယစ်မှုအခြေအနေ စစ်ဆေးခြင်း ရှိ/မရှိ မေးခွန်းနဲ့ ပတ်သက်ပြီး ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များအား သောက်စားမူးယစ်မှုအခြေအနေ စစ်ဆေးခြင်းကို ပူးပေါင်းစစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးခဲ့ရာ ၁၅-၅-၂၀၁၄ ရက်နေ့ကနေ ၃-၇-၂၀၁၄ ရက်နေ့အထိ

ယာဉ်စီးရေ(၂၈၉၆၃)စီးရှိပြီးတော့ ယာဉ်မောင်းနှင်စဉ် အရက်သေစာသောက်စားထားတဲ့ ယာဉ်မောင်းများ မတွေ့ရှိရကြောင်း တင်ပြအပ်ပါတယ်။

မေးခွန်းငယ်(၅)ဖြစ်တဲ့ အဲဒီကိစ္စတွေအားလုံး ပြည့်စုံကြောင်း ဆိုင်ရာယာဉ်လိုင်း၊ ပိုင်ရှင်တို့၏ တာဝန်ယူထောက်ခံချက် ရယူမှတ်တမ်းထားရှိခြင်း ရှိ/မရှိ မေးခွန်းနှင့် ပတ်သက်ပြီးတော့ သက်ဆိုင်ရာ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့မှ ယာဉ်လိုင်းပြေးဆွဲခွင့် ခွင့်ပြုမိန့်ထုတ်ပေးတဲ့အခါမှာ ယာဉ်လိုင်းတာဝန်ခံများ၊ ယာဉ်ပိုင်ရှင်များ လိုက်နာရမည့် စည်းကမ်းချက်များမှာ သတ်မှတ်ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်နောက်လိုက်လက်မှတ် ရထားသူများကိုသာ ယာဉ်မောင်းနှင်ခွင့်၊ ယာဉ်လိုက်ခွင့်ပြုရန်နှင့် ယာဉ်မောင်းမှ သတ်မှတ်မိုင်နှုန်းထက် ကျော်လွန်မောင်းနှင်ခြင်းနဲ့ အရက်သေစာ သောက်စားခြင်း မပြုရန်အတွက် ထိန်းသိမ်းကြပ်မတ်ဖို့ ဆိုတဲ့ ကိစ္စတစ်ခု ကျွန်တော်တို့ အဲဒီခွင့်ပြုမိန့်ထဲမှာ ထည့်သွင်းပြီးတော့ ဖော်ပြစေခဲ့ပါတယ်။

အဲဒီခရီးသည်တင်ယာဉ် မထွက်ခွာမီမှာလည်း ပြေးဆွဲမည့်ယာဉ်နှင့် ခရီးသည်များ ခရီးသည် လမ်းကြောင်းတစ်လျှောက် အန္တရာယ်ကင်းရှင်းပြီးတော့ လုံခြုံမှု၊ စိတ်ချမှုဖြစ်စေရန်အတွက် ယာဉ်ကြံ့ခိုင်မှု စစ်ဆေးခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်မှုနဲ့ ပုဂ္ဂလိက ယာဉ်လိုင်းများမှ မော်တော်ယာဉ် စစ်ဆေးရေးအဖွဲ့များကို တာဝန်ပေးခန့်အပ်ဖို့အတွက် ခရီးစဉ်တိုင်းမှာ စစ်ဆေးပြီးမှ ထွက်ခွာခွင့်ပြုစေရေး လက်ရှိအားဖြင့် ကျွန်တော်တို့ ဝန်ထမ်းများက ဆောင်ရွက်နေပါတယ်။ အခု ကိုယ်စားလှယ်ကြီးပြောတဲ့ ပုဂ္ဂလိကယာဉ်လိုင်းများမှ တာဝန်ယူဆောင်ရွက်ပြီးတော့ စစ်ဆေးစေဖို့ ကိစ္စကို ကျွန်တော်တို့ ဆက်လက်ပြီးတော့ ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

မေးခွန်းငယ်(၆)ဖြစ်တဲ့ ဖောက်ဖျက်မှုရှိပါက ကာယကံရှင်ယာဉ်မောင်း၊ အရန်ယာဉ်မောင်းကို သာမက ယာဉ်လိုင်းအသင်းမှ တာဝန်ရှိသူများကိုပါ လိုအပ်သလိုအရေးယူခြင်း၊ တရားဥပဒေလမ်းကြောင်း၊ စီမံခန့်ခွဲမှုလမ်းကြောင်းအရ လိုအပ်သလို အရေးယူခြင်း ရှိ/မရှိ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ယာဉ်လိုင်း တာဝန်ရှိသူများအနေဖြင့် မိမိယာဉ်လိုင်းတွင် မောင်းနှင်လိုက်ပါသော ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား သတ်မှတ်စည်းကမ်းလိုက်နာမှု မရှိရင် သက်ဆိုင်ရာ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့များက ယာဉ်လိုင်းကို သတိပေးခြင်း၊ မှတ်တမ်းတင်ခြင်း၊ လိုအပ်ပါက ယာဉ်လိုင်းပြေးဆွဲခွင့် ယာယီဖြစ်စေ၊ အမြဲတမ်းဖြစ်စေ ရပ်ဆိုင်းခြင်းများ ပြုလုပ်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

မေးခွန်းငယ်(၇)ဖြစ်တဲ့ ဌာနတာဝန်ရှိသူများသာမက အာမခံအဖွဲ့အစည်းကပါ ယာဉ်၊ စက်၊ လူပုဂ္ဂိုလ်ဆိုင်ရာ အထောက်အထားများရယူ စစ်ဆေးခြင်းပြုလုပ်ဖို့ လိုအပ်မယ်လို့ ဖော်ပြထားချက်နှင့် ပတ်သက်ပြီးတော့ မြန်မာ့အာမခံလုပ်ငန်းအနေနဲ့ အာမခံကုမ္ပဏီများနှင့် ပူးပေါင်းပြီးတော့ ခရီးသွားပြည်သူများ၏ အသက်နှင့် လူမှုရေး ဆုံးရှုံးနစ်နာမှုများကို ကာကွယ်ဖို့အတွက် ယခင်က ရိုးရိုးခရီးသွား အာမခံကြေး (၁၀၀)ကျပ် တစ်မျိုးတည်းရှိရာကနေ ယခုအခါ အထူးခရီးသွား အာမခံကြေး(၃၀၀)ကျပ် နှုန်းကိုပါ ထပ်မံသတ်မှတ်ပြီးတော့ နှစ်မျိုးနှစ်စား ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အလားတူပဲ ယာဉ်များအတွက်လည်း အလုံးစုံအာမခံ ထားရှိရေးကိုပါ ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ကျွန်တော် ဆက်လက်ပြီးတော့ ပဲခူးတိုင်းဒေသကြီး အမှတ်(၁၀)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွန်း ရဲ့ လက်ပံတန်း-သာရဝေါ မီးရထားလမ်းပေါ်မှာရှိတဲ့ ခိုင်ခံ့မှု

အားနည်းတဲ့ တံတားအချို့အနက် အခြေအနေ စိုးရိမ်ရတဲ့ တာပေါက်တံတား၊ ပိုးတုံးတံတား၊ ခမုံဆိပ် တံတားနဲ့ ကညင်ဩတံတားတို့ကို စီမံကိန်းချ ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းလာခြင်းနဲ့ ပတ်သက်ပြီးတော့ မြန်မာ့မီးရထား၊ မြို့ပြအင်ဂျင်နီယာဌာနမှ တံတားများကို စစ်ဆေးရာမှာ (၄၀)ပေနဲ့ အောက် တံတားတွေကို သက်ဆိုင်ရာတိုင်း၊ မြို့ပြအင်ဂျင်နီယာမှူးက တစ်နှစ်မှာ သာမန်အားဖြင့် နှစ်ကြိမ် စစ်ဆေးပြုပြင်ပေးလျက်ရှိပါတယ်။ အင်ဂျင်နီယာမှူးတံတား ဆိုပြီးတော့ အထူးဖွဲ့ထားတာ တစ်ဖွဲ့ ရှိပါတယ်။ အဲဒီအထူးအဖွဲ့ကတော့ ပေ(၆၀)နဲ့အထက်ရှိတဲ့တံတားတွေကို လမ်းပိုင်းအလိုက် စစ်ဆေးခြင်း ကို အစီအစဉ်ရေးဆွဲပြီးတော့ သာမန်အားဖြင့် တစ်နှစ်မှာတစ်ကြိမ် စစ်ဆေးပြီးတော့ ဆောင်ရွက်လျက် ရှိပါတယ်။

အဲဒီလို စစ်ဆေးတဲ့အချိန်မှာ လိုအပ်လို့ရှိရင်တော့ တံတားတွေကို မြှောက်မပြီးတော့ စစ်ဆေးခြင်း၊ တံတားသံဘောင်ပျက်စီးမှုနှင့် တံတားကမ်းကပ်ခုံ ရေလည်တိုင်ပျက်စီးမှုများကို မှတ်တမ်းတင်ပြီးတော့ အကြီးစားနှင့် အသေးစားပြုပြင်ရန် လိုအပ်ချက်များကို ရုံးချုပ်တင်ပြီးတော့ ရုံးချုပ်မှာရှိတဲ့ အထွေထွေ မန်နေဂျာ(မြို့ပြ)ထံသို့ နှစ်စဉ် အစီရင်ခံစာတင်ပြီးတော့ ရုံးချုပ်မှ လိုအပ်သော ဘဏ္ဍာငွေများရရှိအောင် ဆောင်ရွက်ပေးခြင်း၊ ပြုပြင်ခြင်းအစီအမံတွေကို စိစစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ယခု လွှတ်တော် ကိုယ်စားလှယ်ကြီး ဆွေးနွေးသွားတဲ့ တာပေါက်တံတား၊ ပိုးတုံးတံတား၊ ခမုံဆိပ်တံတား၊ ကညင်ဩ တံတားတွေကိုတော့ ကျွန်တော်တို့ ၂၀၁၄ ခုနှစ်၊ မတ်လမှာ စစ်ဆေးခဲ့တဲ့အခါမှာတော့ တာပေါက်တံတား နှင့် ပိုးတုံးတံတား (၂)စင်းကတော့ အန္တရာယ်တော့ မကြီးပါဘူး။ သို့သော်လည်း အသေးစားပြုပြင်ရန် လိုအပ်ချက်တွေ တွေ့ရပါတယ်။ အဲဒီတံတားနှစ်စင်းကို ပြင်ဆင်ရေးကိစ္စနဲ့ ပတ်သက်ပြီးတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ပြုပြင်ရန် လျာထားဆောင်ရွက်လျက်ရှိခဲ့ပါတယ်။

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်အတွင်းမှာရှိတဲ့ လက်ပံတန်း-သာရဝေါ ရထားလမ်း ပေါ်မှာ တံတားအစင်း(၂၀)ကျော်ဟာ ၁၉၀၃ ခုနှစ်ကတည်းက စတင်တည်ဆောက်ထားခဲ့တာ ဖြစ်ပါတယ်။ ယခု နှစ်ပေါင်း(၁၀၀)ကျော်နေပြီ ဖြစ်ပါတယ်။ ဒီတံတားအနေနဲ့က လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ တံတား(၄)စင်းနဲ့ ပတ်သက်ပြီးတော့ တာပေါက်တံတားဟာ အလျား(၃၅၇)ပေ ရှိပါတယ်။ အဲဒီတံတား ရေလည်တိုင်အမှတ်(၂)ရဲ့သံဘောင်အထိုင်အနည်းငယ် ပျက်စီးနေတာကို ကျွန်တော်တို့ အခုန စစ်ဆေးချိန်က တွေ့ရှိခဲ့ပါတယ်။ အဲဒီတွေ့ရှိချက်ကိုလည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ပြုပြင်ရန်အတွက် ဘဏ္ဍာငွေ ခွင့်ပြုချက်ရရှိပြီး ဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် ကျွန်တော်တို့ ရေကျ သွားမယ့် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလအကုန်မှာ အခုနက ချို့ယွင်းချက်ကို ပြုပြင်သွားမှာ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ တစ်ပါတည်းပဲ တံတားဇလီဖားများမှာလည်း လဲလှယ်ဖို့အတွက် (၃)နှစ်ခန့်ကြာနေပြီ ဖြစ်တဲ့အပြင် အချို့မှာ ဆွေးမြေ့နေတာ တွေ့ရှိရပါတယ်။ အဲဒီအတွက်ကြောင့် တံတားဇလီဖား လဲလှယ်ခြင်း ကိုလည်း ဒီ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလအကုန်မှာ အပြီးဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ် ပါတယ်။

ဒုတိယတံတားတစ်ခုဖြစ်တဲ့ ပိုးတုံးတံတားဟာ အလျား(၄၅၄)ပေ ရှိပါတယ်။ အောက်ခြေ ရေလည်တိုင်အမှတ် (၅၊ ၆၊ ၇) တို့ရဲ့ အုတ်ခုံတွေ ပွန်းစားနေတာကို ကျွန်တော်တို့ စစ်ဆေးတွေ့ရှိရ ပါတယ်။ အဲဒီချို့ယွင်းချက်များကို ဒီ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ပြုပြင်ဖို့အတွက် ဘဏ္ဍာငွေ ခွင့်ပြုချက် ရရှိပြီးဖြစ်ပါတယ်။ ယခု မိုးတွင်းကာလ ရေရှိနေတဲ့အတွက်ကြောင့် ရေနည်းသွားတဲ့

နွေရာသီမှာ ပြုပြင်ဖို့အတွက် စီစဉ်ထားရှိပြီး ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်၊ မတ်လအလယ်မှာ အပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တစ်ပါတည်းပဲ အဲဒီမှာရှိတဲ့ ဇလီဖားတွေက ကျွန်တော်တို့ လဲလှယ်ခဲ့သည်မှာ (၃)နှစ်ခန့်ကြာနေပြီ ဖြစ်တဲ့အတွက်ကြောင့် အချို့ ဆွေးမြေ့နေပါတယ်။ တံတားဇလီဖားလဲလှယ်ခြင်းကိုလည်း ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလအတွင်းမှာ ပြီးအောင်ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြပါတယ်။

တတိယတံတားတစ်ခုဖြစ်တဲ့ ခမုံဆိပ်တံတားက အလျား(၆၀၀)ပေ ရှိပါတယ်။ တံတား အဝင်/အထွက် ရထားလမ်းတာဘောင်မှာ ခုန လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အတိုင်း ဈေးသည်တွေ ဈေးရောင်းနေတာ ရှိပါတယ်။ ရထားလမ်းတာဘောင်ကို မေးတင်ပြီးတော့ အိမ်တချို့ ဆောက်ထားတဲ့အတွက်ကြောင့် အန္တရာယ်မဖြစ်စေရေးအတွက် ရထားကို တစ်ဘီးချင်း လိမ့်ရုံသာ စက်သတ်ပြီး မောင်းနှင်သွားလာနေရပါတယ်။ အဲဒီတံတားရဲ့ ကြံ့ခိုင်မှုကတော့ အန္တရာယ်ရှိလောက်တဲ့ အနေအထားမျိုး မရှိပါဘူး။ သို့သော်လည်း ဈေးသည်များနှင့် အိမ်များ ဖယ်ရှားပေးပါက မိုင်နှုန်းတိုးမြှင့်ပြီးတော့ ပြေးဆွဲနိုင်မှာ ဖြစ်ပါတယ်။ အဲဒီအိမ်တွေ ဖယ်ရှားပေးရေးကိစ္စကိုလည်း မြန်မာ့မီးရထားမှ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီးတော့ ဆောင်ရွက်သွားပါမယ်။ တံတား ရေလည်တိုင်များ၊ ကမ်းကပ်ခုံနှင့် တံတားသံဘောင်များမှာ ကောင်းမွန်မှုရှိပေမယ့် တံတားဇလီဖားတွေ လဲလှယ်ခဲ့တာက (၃)နှစ်ကျော်၊ (၄)နှစ်ခန့် ကြာပြီဖြစ်ပါတယ်။ တချို့က ဆွေးမြေ့နေတာ တွေ့ရတဲ့အတွက်ကြောင့် တံတားဇလီဖား လဲလှယ်ခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလအကုန်မှာ အပြီးလဲလှယ်ရန် စီစဉ်ထားရှိပါကြောင်း တင်ပြအပ်ပါတယ်။

စတုတ္ထတံတားဖြစ်တဲ့ ကညင်သြတံတားကတော့ အလျား(၁၆၀)ပေ ရှိပါတယ်။ တံတား ရေလယ်တိုင်၊ ကမ်းကပ်ခုံ၊ တံတားသံဘောင်တွေ ကောင်းမွန်မှုရှိပေမယ့် တံတားဇလီဖားများ လဲလှယ်ဖို့က ကျွန်တော်တို့ လဲပြီးတော (၃)နှစ်ကျော်၊ (၄)နှစ်ခန့် ကြာနေပြီဖြစ်တဲ့အတွက် အချို့က ဆွေးမြေ့နေပါသဖြင့် တံတားဇလီဖားလဲလှယ်ခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလအကုန်မှာ အပြီးလဲလှယ်ဖို့ စီစဉ်ထားရှိကြောင်း တင်ပြအပ်ပါတယ်။

အဲဒီတံတားများဟာ ၂၀၁၄-၂၀၁၅ ခုနှစ်ဘဏ္ဍာရေးနှစ်မှာ ဘဏ္ဍာနှစ်ခွင့်ပြုချက် ပြုပြင်ပြီးတဲ့အချိန်မှာတောင်မှ တံတားပေါ်မှာ တစ်နာရီ(၂၅)မိုင်နှုန်းနဲ့ ရထားပြေးဆွဲလို့ရှိရင် တံတားများမှာ အန္တရာယ်မရှိနိုင် ဟု ဆိုပေမယ့် အဲဒီတံတားအပေါ်မှာ တစ်ရက်မှာ အစုန်၊ အဆန် ရထား(၆)စီးသာ ဖြတ်သန်းပါတယ်။ ကျန်တဲ့အချိန်မှာ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားသလို ကျေးရွာများက လုပ်သားပြည်သူများ လမ်းလျှောက်၍လည်းကောင်း၊ ဆိုင်ကယ်စီး၍လည်းကောင်း ဖြတ်သန်းသွားလာနေတာလေးတွေ ရှိနေပါတယ်။ အဲဒီဟာကိုတော့ မတော်တဆမှုမဖြစ်စေရေးအတွက် တံတားပေါ်မှာ ဖြတ်သန်းသွားတဲ့ ရထားကိုတော့ ကျွန်တော်တို့ တံတားရဲ့ခံနိုင်ရည် ဖြစ်တဲ့ (၂၅)မိုင်အပြည့် မဟုတ်ဘဲနဲ့ မိုင်တစ်ခု လျှော့ချကန့်သတ်ပြီးတော့ ပြေးဆွဲသွားရဦးမှာဖြစ်ကြောင်း ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၀၀ နာရီတွင်ခေတ္တရပ်နားပြီး ၁၁း၁၅ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းမယ့် မေးခွန်းများဟာ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဟုမ္မလင်း ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံအား စံကိုက်ဆေးရုံအဖြစ် ဖွဲ့စည်းပုံ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ချစ်လွင်က ဟုမ္မလင်း ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံအား စံကိုက်ဆေးရုံအဖြစ် ဖွဲ့စည်းပုံ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးအောင်ချစ်လွင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြတဲ့ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ချစ်လွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဟုမ္မလင်း ခုတင်(၁၀၀)ဆံ့ပြည်သူ့ဆေးရုံအား စံကိုက်ဆေးရုံအဖြစ် ဖွဲ့စည်းပုံတိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ်ဖြစ်တဲ့ ဟုမ္မလင်းပြည်သူ့ဆေးရုံဟာ (၂၅)ခုတင်ဆံ့ဆေးရုံဖြစ်ပြီး တပ်မတော်အစိုးရလက်ထက် ၂၀၀၂ ခုနှစ်မှာ ခုတင်(၁၀၀)ဆံ့ပြည်သူ့ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးခဲ့ပါတယ်။ ခုတင်(၁၀၀)ဆံ့ပြည်သူ့ဆေးရုံကို ၂၀၀၄ ခုနှစ်မှာ စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၀၈ ခုနှစ်မှာ ခုတင်(၁၀၀)ဆံ့ပြည်သူ့ဆေးရုံကို ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ခုတင်(၁၀၀)ဆံ့ပြည်သူ့ဆေးရုံဆိုပေမယ့် လူနာဆောင်ဟာ (၂၈)ခုတင်ဆံ့ အဆောင်(၂)ဆောင်သာ ရှိတဲ့အတွက် ကျားလူနာဆောင်နဲ့ မလူနာဆောင် ဆိုပြီးတော့မှ ခွဲခြားပြီး ကုသခဲ့ရပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ လူနာဆောင်(၂)ဆောင် ဆောက်လုပ်ရန် ရံပုံငွေ ခွဲဝေခွင့်ပြုတဲ့အတွက် အခုချိန်မှာ လူနာဆောင် (၄)ဆောင်ရှိပြီး ဖျားနာဆောင်၊ ခွဲစိတ်လူနာဆောင်၊ သားဖွားဆောင်၊ အရိုးနဲ့ မျက်စိလူနာဆောင် အဖြစ် လူနာအလိုက် ခွဲခြားကုသပေးနေတာကို တွေ့မြင်ရပါတယ်။

အခုလို လူနာအမျိုးအစားအလိုက် အဆောင်ခွဲဝေလိုက်တဲ့အတွက် လူနာဆောင် (၄)ဆောင်၊ ပြင်ပလူနာဌာန၊ ခွဲစိတ်ခန်း ပေါင်းလိုက်ရင် အဆောင်(၆)ဆောင်မှာ နေ့စဉ် တာဝန်ခွဲဝေ ချထားရပါတယ်။ ဒီလို တာဝန်ခွဲဝေ ချထားရတဲ့နေရာမှာ သူနာပြုဆရာမများဟာ လက်ရှိအင်အားနဲ့ လုံလောက်မှုမရှိခြင်းကိုလည်း မြင်တွေ့ရပါတယ်။ ဟုမ္မလင်းဆေးရုံကို ၂၀၀၂ ခုနှစ်မှာ စတင် အဆင့်တိုးမြှင့်ပေးခဲ့တဲ့အတွက်ကြောင့်မို့ ဖွဲ့စည်းပုံဟာ စနစ်ဟောင်းဖြစ်နေတဲ့အတွက်ကြောင့် စံကိုက်ဆေးရုံအဖြစ် ဖွဲ့စည်းပုံတိုးမြှင့်ခွင့်ပြုပါက ကုသပေးတဲ့ ဆေးပညာရှင်များနဲ့ ကုသခံနေတဲ့ ဝေဒနာရှင် လူနာများအကြား ပိုမိုအဆင်ပြေချောမွေ့နိုင်မှာဖြစ်တယ်လို့ ယူဆမိပါတယ်။

ဒါကြောင့် လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဟုမ္မလင်းခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံအား စံကိုက်ဆေးရုံအဖြစ် ဖွဲ့စည်းပုံတိုးမြှင့် ဖွင့်လှစ်ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိ ကို မိဘပြည်သူများကိုယ်စား သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**တီးတိန်မြို့နယ်၊ မွာလ်ဘင်းကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးခမ်ဆွင်းမုန် က တီးတိန်မြို့နယ်၊ မွာလ်ဘင်းကျေးလက် ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးခမ်ဆွင်းမုန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ကြွရောက်လာကြတဲ့ ပြည်ထောင်စုဒုတိယဝန်ကြီးနဲ့ ဧည့်သည်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) ဦးခမ်ဆွင်းမုန် ၏ မေးခွန်း မေးမြန်းမှုကတော့ မွာလ်ဘင်းကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း ဖြစ်ပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ တီးတိန်မြို့နယ်၊ မွာလ်ဘင်းကျေးလက်ကျန်းမာရေး ဌာနသည် ၁၉၆၂ ခုနှစ်တွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ဖွင့်လှစ်ပြီး ၁၉၇၅ ခုနှစ်တွင် ကျေးလက် ကျန်းမာရေးဌာနအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးခဲ့တဲ့အတွက် သက်တမ်း(၅၂)နှစ်ကြာမြင့်ခဲ့ပြီး ဖြစ်ပါတယ်။ မွာလ်ဘင်းကျေးရွာသည် ယခုအခါ ဖွံ့ဖြိုးတိုးတက်လာပြီးတော့ အိမ်ခြေ(၃၀၀)၊ လူဦးရေအားဖြင့် (၁၈၀၀) ခန့်နေထိုင်ပြီး အစိုးရအထက်တန်းကျောင်း(ခွဲ)၊ စာတိုက်၊ ကိုယ့်အားကိုယ်ကိုး တယ်လီဖုန်းများရှိတဲ့အပြင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ကောင်းမွန်ပြီးတော့ ဝမ်းစာဖူလုံတဲ့ ရွာတစ်ရွာ ဖြစ်ခဲ့ပါတယ်။ ကလေးမြို့မှ တီးတိန်မြို့နယ်၊ မဏိပူရမြို့ အနောက်ဘက်ခြမ်းကျေးရွာများ၊ ဖလမ်းမြို့နယ်၊ ရိဒ်ခေါလ်ဒါရ် မြို့နယ်(ခွဲ)များသို့ ဆက်သွယ်သော ကားလမ်းဖြတ်သန်းသည့် ကျေးရွာဖြစ်သည့်အတွက် ကူးသန်း ရောင်းဝယ်ရေးလုပ်ငန်းမှာလည်း အထိုက်အလျောက် တိုးတက်လာသော ကျေးရွာဖြစ်ပါတယ်။ တိုက်နယ် ဆေးရုံအဆင့် တိုးမြှင့်ဖွင့်လှစ်ပေးပါက လိုအပ်သော မြေနေရာ ရရှိပြီး ဖြစ်တဲ့အတွက် အဆောက်အဦ များကိုလည်း ရပ်ရွာပြည်သူများမှ တာဝန်ယူဆောက်လုပ်ထိန်းသိမ်းနိုင်မှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မွာလ်ဘင်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာန တိုက်နယ်ဆေးရုံ အဆင့်တိုးမြှင့်ပေးနိုင်ရေးအတွက် တီးတိန်မြို့နယ် ကော်မတီ(၃)ရပ်၏ အစည်းအဝေး ဆုံးဖြတ်ချက်နဲ့ မြို့နယ်ဆေးရုံအုပ်ကြီး ထောက်ခံချက်ဖြင့် ချင်းပြည်နယ်အစိုးရသို့ တင်ပြခဲ့ပြီးလည်း ဖြစ်ပါတယ်။ မွာလ်ဘင်းကျေးရွာအား တိုက်နယ်ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးပါက တီးတိန်မြို့နယ်အတွင်း ရှိ ကျေးရွာ(၂၆)ရွာနဲ့ ဖလမ်းမြို့နယ်မှ ကျေးရွာ(၁၃)ရွာခန့် အကျိုးပြုနိုင်မှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ချင်းပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုများကြောင့်သော်လည်းကောင်း၊ လူနေမှု အဆင့်အတန်း နိမ့်ကျမှုနဲ့ ဆင်းရဲနွမ်းပါးမှုများကြောင့်သော်လည်းကောင်း အထူးကိစ္စတစ်ရပ်အဖြစ် စဉ်းစားဆောင်ရွက်ပေးပြီး မွာလ်ဘင်းကျေးလက်ကျန်းမာရေးဌာန(ခွဲ)အား တိုက်နယ်ဆေးရုံအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုပါရန် တင်ပြလိုပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းလိုတာ ကတော့ မွာလ်ဘင်းကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဆင့် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ အစီအစဉ် ရှိပါက မည်သည့်အချိန်တွင် ဖွင့်လှစ်ပေးမည်ကို သိရှိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်။

**စားသောက်ကုန်ပစ္စည်းများတွင် ကျယ်ပြန့်စွာ အသုံးပြုလျက်ရှိသော အဝတ်အထည်ဆိုးဆေးများ၊ အချိုတု (ပါဝါသကြား)နှင့် အနံ့တုများကို ကန့်သတ်ပိတ်ပင် တားမြစ်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့် က စားသောက်ကုန်ပစ္စည်းများတွင် ကျယ်ပြန့်စွာ အသုံးပြုလျက်ရှိသော အဝတ်အထည်ဆိုးဆေးများ၊ အချိုတု (ပါဝါသကြား)နှင့် အနံ့တုများကို ကန့်သတ်ပိတ်ပင် တားမြစ်ရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးအောင်ကြည်ညွှန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကြည်ညွှန့် ဖြစ်ပါတယ်။ ကျွန်တော် မေးလိုတဲ့ မေးခွန်းကတော့ စားသောက်ကုန်ပစ္စည်းများမှာ ကျယ်ပြန့်စွာ အသုံးပြုနေတဲ့ ကျန်းမာရေးနဲ့ လူ့သက်တမ်းကို ခြိမ်းခြောက်နေတဲ့ အဝတ်အထည် ဆိုးဆေးများ၊ အချိုတု (ပါဝါသကြား) များနဲ့ အနံ့တုများကိစ္စကို မေးမြန်းလိုခြင်း ဖြစ်ပါတယ်။ မေးမြန်းတဲ့အခါမှာ Power Point တချို့ကို အသုံးပြုဖို့ လေးစားစွာ တင်ပြအပ်ပါတယ်။

အခုချိန်မှာ ကျွန်တော်တို့ အစားအသောက်များကို တာရှည်ခံရအောင်၊ အရောင်လှအောင်၊ နောက် အနံ့မျိုးစုံရရှိအောင် စားသုံးရန်မသင့်တဲ့ ဓာတုဗေဒပစ္စည်းတွေကို တွင်ကျယ်စွာ အသုံးပြုလာကြတဲ့အတွက် ကင်ဆာ၊ သွေးတိုး၊ ဆီးချို ၊ သွေးချို မှအစ ရောဂါမျိုးစုံ ရရှိပြီးတော့ လူ့သက်တမ်းကို ခြိမ်းခြောက်ခံနေရတဲ့ အနေအထားကို ရောက်နေပါတယ်။ အထူးသဖြင့် မူလတန်းအရွယ် ကျောင်းသားလူငယ်များ နေ့စဉ် စားသုံးမှီဝဲနေကြရတဲ့ မုန့်မျိုးတွေမှာ အမျိုးသားကျန်းမာရေးနဲ့ ကြံ့ခိုင်ရေးကို ထိုးနှက်တိုက်ခိုက်ခံနေရတဲ့ အနေအထားမျိုးကို တွေ့ရတာ ဖြစ်ပါတယ်။

ဒီနေရာမှာ ပထမဆုံး ကျွန်တော် ဆိုးဆေးများနဲ့ ပတ်သတ်ပြီးတော့ တင်ပြလိုပါတယ်။ ကျွန်တော်တို့ အခုဆိုလို့ရှိရင် တစ်နိုင်ငံလုံးမှာ နေရာအနှံ့မှာ အဝတ်အထည် ဆိုးဆေးတွေကို တစ်ထုပ်ကို (၅၀)နဲ့ အဝတ်အထည်ဆိုးဆေးတွေဟာ ဝယ်လို့ရနေတာ ဖြစ်တဲ့အတွက်ကြောင့် လွယ်လွယ်ကူကူ ဝယ်လို့ရနေတဲ့အတွက် သာမာန် သီးနှံရောင်းတဲ့သူတွေနဲ့ မုန့်ပဲသရေစာ လုပ်တဲ့သူများပင် ဝယ်ယူပြီးတော့ အသုံးပြုနေတာ တွေ့ရပါတယ်။ ဒီလိုဆိုးဆေးတွေဟာ တစ်ထုပ်ကို (၅၀)နဲ့ပဲ ဝယ်လို့ရပါတယ်။ ဒါဟာ ကျွန်တော်တို့ အရောင်မျိုးစုံ အမျိုးမျိုးသွင်းထားတဲ့ ဆိုးဆေးတွေပဲ ဖြစ်ပါတယ်။ ဒီလိုဆိုးဆေးတွေကို လွယ်လွယ်ကူကူ ရနေတဲ့အတွက် အစားအသောက်နဲ့ ပတ်သတ်ပြီးတော့ အစားအသောက်နဲ့ ဆေးဝါး ကြီးကြပ်ရေးအဖွဲ့ကလည်း မုန့်မျိုးစုံတွေမှာ အကုန်လုံးဟာ နောက်ဆုံးပိတ် ကျွန်တော်တို့ အချိုရည်ဗူးတွေ၊ နောက် ကလေးတွေ စားတဲ့ မုန့်မျိုးစုံတွေ၊ နောက် ယိုမျိုးစုံတွေ ဒါတွေမှာ သုံးနေတော့ အမည်အများကြီးမှာ သုံးနေတာဖြစ်တော့ ဈေးကွက်ထဲကို ရောက်နေတဲ့အခါမှာ တစ်မည်ချင်း တစ်မည်ချင်းကို လိုက်ပြီးတော့ စုံစမ်းစစ်ဆေးဖို့ဆိုတာ အခါအားလျော်စွာ လုပ်နိုင်တဲ့သဘောမျိုးပဲ ဖြစ်တဲ့အတွက်ကြောင့် ဆန်စဉ်ရာ ကျည်ပွေ့လိုက်တဲ့ အနေအထားကို ရောက်နေတော့ ထိရောက်မှု အားနည်းနေတယ်။ မြေပြင်မှာ အခက်အခဲတွေ အများကြီးရှိနေတယ်ဆိုတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ ဒါ ဆိုးဆေးတွေနဲ့ ပတ်သတ်လို့ ဖြစ်ပါတယ်။

နောက်တစ်ခုက ဒီဆိုးဆေးတွေရဲ့ အနေအထားမျိုးက လုံးဝပိတ်လိုက်မယ် ဆိုပြန်တော့လည်း အဝတ်အထည် ဆိုးတဲ့နေရာမှာ သုံးနေတာဖြစ်တဲ့အတွက် လုံးဝပိတ်ဖို့ဆိုတာလည်း ဖြစ်နိုင်ခြေရှိမှာ မဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဆေးလောကမှာ ဒိုင်ယာစီပင် လိုဆေးမျိုးဟာ ကုသတဲ့နေရာမှာအသုံးဝင်သလို အလွဲသုံးတဲ့အခါမှာ မူးယစ်ဆေးဝါးတွေလို အသုံးပြုတဲ့အခါမျိုးတွေမှာ မလိုလားအပ်တဲ့ ပြဿနာမျိုးတွေ ဖြစ်တဲ့အတွက် နိုင်ငံတော်က ဒိုင်ယာစီပင် ကို ကန့်သတ်ကုန်ပစ္စည်းအဖြစ် ကြေငြာထိန်းချုပ်ထားပြီးတော့ ထိန်းသိမ်းသွားတာ လက်တွေ့မှာ အတော်လေး ထိရောက်တာ တွေ့ရ

ပါတယ်။ ဒါကြောင့်မို့လို့ အဝတ်အထည် ဆိုးဆေးတွေကို ကျွန်တော် ကန့်သတ်ကုန်ပစ္စည်းများအဖြစ် ကြေညာထိန်းချုပ်ခြင်းအားဖြင့် လက်တွေ့မှာ အကာအကွယ်ပြုနိုင်မယ်လို့ ယူဆပါတယ်။

နောက် ဒုတိယကတော့ အဲဒါတွေဆိုရင် ဆိုးဆေးတွေကို သုံးထားတဲ့ စားသောက်ကုန် ပစ္စည်းတွေ ဖြစ်ပါတယ်။ နေ့စဉ် ကျွန်တော်တို့ ကလေးသရေစာတွေကနေစပြီးတော့ မီးဖိုချောင်ထဲအထိ ကျွန်တော်တို့ ငရုတ်သီးတွေ၊ နောက်ပြီးတော့ ခရမ်းချဉ်သီးဆော့ပ်တွေ အဲဒီလို နေရာအများစုမှာ ကျွန်တော်တို့ ဆိုးဆေးတွေဟာ အကုန်လုံး အသုံးချနေတာ တွေ့ရပါတယ်။ ဒီလိုအန္တရာယ်တွေအတွက် ဆိုးဆေးကို ကျွန်တော်တို့ ကန့်သတ်ကုန်ပစ္စည်း အနေအထားနဲ့ ထိန်းသိမ်းလိုက်လို့ လွယ်လွယ်ကူကူ ဝယ်ယူလို့မရအောင်များ ထိန်းချုပ်နိုင်မယ်ဆိုရင် အရင်းအမြစ်ကို ထိန်းချုပ်နိုင်မယ်လို့ကျွန်တော်တို့ ယူဆပါတယ်။

နောက်တစ်ခုကတော့ အချိုတုတွေပါပဲ။ ဒီအချိုတုတွေ (ပါဝါသကြား) တွေနဲ့ ပတ်သတ်ပြီး တော့ တကယ်တော့ ဒီအချိုတုတွေဟာ ရိုးရိုးအချိုတွေထက်ဆိုရင် အဆပေါင်း(၂၀၀) ပိုပြီးတော့ ချိုတယ် လို့ ဆိုပါတယ်။ နောက် ဈေးနှုန်းကလည်း အင်မတန်ပဲ သက်သာပါတယ်။ အဲဒီလို သက်သာတဲ့အတွက် ကြောင့် အချိုတုတွေကို အများဆုံးသုံးလာပါတယ်။

အထူးသဖြင့် လူကြီးတွေဟာစားလိုက်ရင် ဒီပါဝါသကြားရဲ့ အရသာကို သိတဲ့အတွက်ကြောင့် မို့လို့ လူကြီးတွေစားတဲ့ အစားအသောက်မှာ သိပ်မသုံးသော်လည်းပဲ ကလေးသူငယ်စားတဲ့ မုန့်ပဲသရေစာ များမှာ ပိုပြီးတော့ သုံးလာနေတာဖြစ်လို့ ကျွန်တော်တို့ နေ့စဉ်နဲ့အမျှ လူငယ်တွေဟာ အဆိပ်တွေကို စားသုံးနေရသလို ဖြစ်နေတဲ့အခြေအနေမျိုးကို တွေ့နေရပါတယ်။ အထူးသဖြင့်ဆိုရင် ကျွန်တော်တို့ ကျန်းမာရေးကျွမ်းကျင်တဲ့ လုပ်သက်ရင့် ဆရာဝန်ကြီးများနဲ့ တွေ့တဲ့အခါမှာ အခုနောက်ပိုင်းမှာဆိုရင် ကျွန်တော်တို့ ဆီးချို၊ သွေးချိုတွေဟာ ပိုပြီးတော့ များပြားလာတယ်လို့ ဆိုပါတယ်။ ဒါ ကလေးတွေ စားနေတဲ့ ရေခဲထုပ် လို့ခေါ်တဲ့ ရောင်စုံ တကယ်တော့ လူသတ်လက်နက်တွေလိုကို ဖြစ်နေပါတယ်။ ကလေးတွေ အမြဲတမ်းစားသုံးနေရတဲ့ အနေအထားမျိုးတွေ ရှိပါတယ်။ နောက်တစ်ခုကတော့ အနံ့ အတုတွေ ဖြစ်ပါတယ်။ အဲဒီတော့ အနံ့အတုတွေက ဓာတုဗေဒနဲ့ ဖော်စပ်ထားတဲ့ အနံ့အတုတွေဟာ အခုဆိုရင် လက်မလည်အောင် ရောင်းရတဲ့ ဈေးကွက်တွေလို ဖြစ်နေပါတယ်။ ဈေးကွက်ကြီးတစ်ခုလို ဖြစ်နေပါတယ်။

မုန့်ပဲသရေစာတွေသာမက ဒီနေ့အခါမှာဆိုရင် စားသုံးဆီများကိုပင်တောင်မှ နှမ်းဆီအနံ့၊ ပဲဆီအနံ့တွေ ထည့်ပြီးတော့ စားအုန်းဆီတွေ အကြော်ခံဆီတွေ အများသိပြီးဖြစ်တဲ့ တရုတ်ပြည်ကလာတဲ့ ပြန်ကြော်ဆီတွေနဲ့ အလွန်ဈေးသက်သာတဲ့ မြောင်းဆီတွေကို တစ်ထုပ်ကို (၂၅၀) (၃၀၀)လောက်သာ ပေးရတဲ့ ကျွန်တော်တို့ ဒီ အနံ့တွေကို မျိုးစုံထည့်ပြီးတဲ့အခါကျတော့ ထောင်နဲ့ချီပြီးတော့ အမြတ်တင် ရောင်းချနေတာကို တွေ့ရပါတယ်။ ဒါအတွက် နှလုံး၊ သွေးတိုး၊ ဆီးချို၊ သွေးချိုရောဂါတွေနဲ့ သေဆုံးမှုဟာ ကြောက်ခမန်းလိလိ တိုးတက်လာတယ်လို့ ကျန်းမာရေးပညာပေးစာစောင်တွေမှာ တွေ့နေရပါတယ်။ အဲဒီတော့ တချို့ဆိုရင် ဒီအချိုတုတွေ ဒီအနံ့တုတွေနဲ့ တခြား မရှိမဖြစ်သုံးရန် လိုအပ်တဲ့ ပစ္စည်းများ မဟုတ်တဲ့ ဒီ(၂)မျိုးဟာဖြင့်ရင် ကျွန်တော်တို့ မူးယစ်ဆေးဝါးကဲ့သို့ သတ်မှတ်ပြီးတော့ ပိတ်ပင်တားမြစ် ခြင်းအားဖြင့် အဆင်ပြေနိုင်မလားလို့ ကျွန်တော်တို့ သုံးသပ်ပါတယ်။ ဒါတွေဟာ ကျွန်တော်တို့ ဒီအချိုတု တွေ၊ နောက်ပြီးတော့ အရောင်တင်ထားတဲ့ အရောင်ဆိုးဆေးတွေ၊ နောက် အနံ့မျိုးစုံနဲ့ ကလေးတွေကို

ရောင်းချနေတဲ့ အနေအထားမျိုးဖြစ်ပါတယ်။ ဒါဟာ နုနယ်တဲ့ကလေးတွေကို နေ့စဥ်နဲ့အမျှ စားသုံးနေရတဲ့ ဆိုးဝါးတဲ့အနေအထားမျိုးတွေ ရောက်နေတာ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ အနံ့အတုတွေ ဖြစ်ပါတယ်။ ဒီလို အနံ့အတုတွေဆိုရင် နောက်ပိုင်းမှာ ဘယ်လောက်ထိလဲဆိုရင် တစ်ပိဿာကို (၂၀၀၀)ကျပ်တန် ရောနှောဆီတို့၊ (၂၅၀၀) ရောနှောဆီတို့ (၃၀၀၀)တန်ရောနှောဆီတို့ ဒါတွေ ကျွန်တော်တို့ ဈေးကွက်ထဲမှာရောက်နေပြီ ဖြစ်ပါတယ်။ တကယ်တမ်း ကျွန်တော်တို့ လေ့လာကြည့်တဲ့အခါမှာ ကျွန်တော်တို့ဗမာပြည်မှာ လက်ရှိအခြေအနေဆိုရင် နှမ်း(၁)တင်းဟာ (၄၀၀၀၀)ကျော်လောက် ကျွန်တော်တို့ ဈေးရှိပါတယ်။ အဲဒီတော့ နှမ်း(၁)တင်းဟာ ဆီ (၆)ပိဿာ ထွက်ပါတယ်။ ဒါကြောင့် သာမန်ဈေးကွက်တိုင်းမှာဆိုရင် ကျွန်တော်တို့ ဆီ(၁)ပိဿာဟာ (၆၀၀၀) နဲ့ (၆၀၀၀)အထက်လောက်မှာပဲ ရှိပါတယ်။

အဲဒီတော့ အခု ဈေးကွက်ထဲမှာ ဘာဖြစ်လာလဲဆိုတော့ ကျွန်တော်တို့ ပြန်ကြော်ဆီတွေ တရုတ်ကလာတဲ့ မြောင်းဆီတွေ အဲဒီလိုဆီတွေကို ကျွန်တော်တို့က လိုအပ်တဲ့ အရောင်တွေထည့်လိုက်တဲ့ ပြီးတော့ အဲဒီမှာ လိုအပ်တဲ့အနံ့၊ နှမ်းဆီဆိုရင် နှမ်းဆီအနံ့၊ ပဲဆီဆိုရင် ပဲဆီအနံ့ ထည့်ပြီးတော့ ကျွန်တော်တို့ ရောင်းချနေတဲ့ အနေအထားမျိုးရှိပါတယ်။ ဒါကြောင့် တစ်ပိဿာကို (၂၀၀၀) (၃၀၀၀) နဲ့ရောင်းချနေတဲ့ အနေအထားမျိုးတွေ တွေ့ရပါတယ်။ အဲဒီတော့ ဒီနေရာမှာ ဒီအနံ့အတုတွေရဲ့ အနေအထားမျိုးဟာ ပြန်ပြီးကြည့်လိုက်တဲ့အခါမှာ အခုဆိုရင် (၂၅၀) (၃၀၀)လောက်နဲ့ ဝယ်လို့ရတဲ့အတွက် ဘယ်လိုနေရာမျိုး မဆို စားသောက်ကုန်ပစ္စည်းအမျိုးမျိုးမှာ လိုချင်တဲ့အနံ့တွေကို ကျွန်တော်တို့ ဓာတုဗေဒပစ္စည်း အနေအထားနဲ့ ထည့်နေတာတွေ့ရပါတယ်။ အခု လောလောဆယ် ကျန်းမာရေးဌာနအနေအထားနဲ့ ဆိုရင်ရော၊ နောက်ပြီးတော့ ကျွန်တော်တို့ မကြာသေးခင်ကပဲ အတည်ပြုပြီးတော့ ထုတ်လိုက်ပြီးသား ဖြစ်တဲ့ ကျွန်တော်တို့ စားသုံးသူ အခွင့်အရေးကာကွယ်တဲ့ ဥပဒေကတော့ ဒါ ရှိပါတယ်။ အဲဒီတော့ ဒီကနေပြီး FTT ကနေပြီး တစ်ခုချင်း တစ်ခုချင်း ဆီတစ်မျိုးတည်းကိုတောင်မှ နေ့စဥ်နဲ့အမျှ ဈေးကွက် ထဲမှာ ဒီဆီတွေဟာ အတုလား၊ အစစ်လား ဆိုတာကို စဥ်းစားဖို့ဆောင်ရွက်ဖို့ဆိုရင် အင်မတန်မှ အရာကျယ် ပါတယ်။

အဲဒီတော့ အခြေခံမြေပြင်ရဲ့ အနေအထားမျိုးမှာဆိုရင် တစ်နည်းအားဖြင့် ထိန်းချုပ်တဲ့ အနေအထားမျိုးနဲ့ အခြားနေရာမှာ တိုက်ရိုက်အသုံးပြုလို့မရ ပြုစရာလည်းမလိုအပ်တဲ့ ကျွန်တော်တို့ ဒီ အနံ့တုနဲ့ ပါဝါသကြားလိုဟာမျိုးတွေမှာ မူးယစ်ဆေးဝါးကဲ့သို့ ပိတ်ပင်တားမြစ်ထားတဲ့ပစ္စည်းများ အဖြစ် ကန့်သတ်ပေးခြင်းအားဖြင့် လက်တွေ့အနေအထားမျိုးမှာ ဘယ်လို အကျိုးသက်ရောက်မှု ပိုပြီးရှိမလဲ လက်တွေ့ဘယ်လို ထိန်းသိမ်းနိုင်မလဲဆိုတာကြောင့်မို့ ကျွန်တော် ဥက္ကဋ္ဌကြီးကနေတစ်ဆင့် မေးချင်တဲ့မေးခွန်းက စားသောက် ကုန်ပစ္စည်းများမှာ ကျယ်ပြန့်စွာသုံးလျက်ရှိတဲ့ အဝတ်အထည် ဆိုးဆေးများကို ကန့်သတ်ကုန်စည်အဖြစ် သတ်မှတ်ထိန်းချုပ်ရန် အစီအစဥ် ရှိ/မရှိ နဲ့ အချိုတုနဲ့ အနံ့တုတို့ကို မူးယစ်ဆေးဝါးကဲ့သို့ အန္တရာယ်ပေးနိုင်တဲ့ပစ္စည်းများအဖြစ် ပိတ်ပင်တားဆီးရန် အစီအစဥ် ရှိ/မရှိ ကို အများပြည်သူရဲ့အကျိုးငှာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၀။**

**ဒေါက်တာသန်းအောင် (ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၁၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး၏ မေးခွန်းအား ကျွန်တော့်အနေဖြင့် ပြန်လည်ရှင်းလင်း တင်ပြသွားပါမယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ် ခုတင်(၁၀၀)ဆံ့ပြည်သူ့ဆေးရုံကြီး လက်ရှိ ဖွဲ့စည်းပုံကို စံကိုက်ဖွဲ့စည်းပုံသို့ ပြင်ဆင်ရန်အတွက် အဆိုပြုတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ၂၃-၅-၂၀၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဖွဲ့စည်းပုံ စိစစ်ရေးအဖွဲ့မှ ကျင်းပပြုလုပ်ခဲ့တဲ့ အစည်းအဝေးအမှတ်စဉ်(၄/၂၀၁၄)မှာ သဘောတူညီမှု ရရှိခဲ့ပြီး ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြပြီး ခွင့်ပြုမိန့်ရရှိပါက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဆက်လက်ဆောင်ရွက်ပြီး လိုအပ်သည့်အမိန့်များကို ထုတ်ပြန်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယမေးခွန်းဖြစ်တဲ့ ချင်းပြည်နယ် အမှတ်(၅)မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးမေးခွန်းအား ဆက်လက်ရှင်းလင်း တင်ပြသွားပါမယ်။ ချင်းပြည်နယ်၊ တီးတိန်မြို့နယ်တွင် ခုတင်(၁၀၀)ဆံ့ ဆေးရုံတစ်ရုံ၊ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ(၃)ရုံ။ တင်ပြပါ တိုက်နယ်ဆေးရုံများကတော့ တုတ်လှိုင်းတိုက်နယ်၊ လွိုင်တီးတိုက်နယ်၊ ထွီးထန်တိုက်နယ် စုစုပေါင်း ဆေးရုံ(၄)ရုံရှိပြီး ကျေးလက်ကျန်းမာရေးဌာန(၁၆)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ(၆၂)ခု၊ ဖွဲ့စည်းထား ရှိခဲ့ပြီး ဖြစ်ပါတယ်။ တိုက်နယ်ဆေးရုံအဖြစ် နှစ်စဉ်တိုးမြှင့်ဖွင့်လှစ်နိုင်ရန်အတွက် ချင်းပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဘဏ္ဍာနှစ်အလိုက် လျာထားဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပထမဦးစားပေး လျာထားချက်ဖြစ်တဲ့ မင်းတပ်မြို့နယ်၊ မကွီအိမ်နူးကျေးလက်ကျန်းမာရေး ဌာနအား တိုက်နယ်ဆေးရုံအဖြစ် ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅၏ ဘဏ္ဍာရေးနှစ်တွင် ချင်းပြည်နယ်အတွင်းရှိ ကျေးလက်ကျန်းမာရေးဌာနများအနက်မှ လူဦးရေအကျိုးပြု ဧရိယာအများဆုံး ဖြစ်ခြင်း၊ သွားရေးလာရေး ခက်ခဲမှုကြောင့် ဆေးရုံနဲ့ အလှမ်းကွာဝေးခြင်းတို့ကို အခြေခံလျက် ထန်တလန်မြို့နယ်၊ နှာရိမ်းကျေးလက် ကျန်းမာရေးဌာန၊ ပလက်ဝမြို့နယ်၊ မီးဇာကျေးလက် ကျန်းမာရေး ဌာန၊ မတူပီမြို့နယ်၊ လုံငိုးကျေးလက် ကျန်းမာရေးဌာနများကို လျာထားဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ရာ ချင်းပြည်နယ်အတွင်းရှိ ကျေးလက်ကျန်းမာရေးဌာနများအား တိုက်နယ်ဆေးရုံ အဖြစ် တိုးချဲ့ဖွင့်လှစ်နိုင်ရန် အကျိုးပြုဧရိယာ၊ လူဦးရေ၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေများအပေါ် မူတည်လျက် လျာထားဆောင်ရွက်လျက်ရှိပြီး တီးတိန်မြို့နယ်၊ မွာလ်ဘဲင်းကျေးလက်ကျန်းမာရေးဌာန

အား တိုက်နယ်ဆေးရုံအဖြစ် တိုးချဲ့ဖွင့်လှစ်ရန် လောလောဆယ် အစီအစဉ် မရှိသေးသော်လည်း ကျန်းမာရေးဌာန ဖွံ့ဖြိုးတိုးတက်ရေး နှစ်အလိုက်စီမံကိန်းအရ ဦးစားပေးအစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး အမှတ်(၄)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး မေးမြန်းချက်ကို ကျွန်တော့်အနေနဲ့ ဆက်လက်တင်ပြသွားပါမယ်။ ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန အနေဖြင့် အဝတ်အထည်ဆိုးဆေးများ အသုံးပြုခြင်းသည် လူ့ကျန်းမာရေးကို အန္တရာယ်ရှိစေသည့်အတွက် ကျန်းမာရေး ဝန်ကြီးဌာနမှ ခွင့်မပြုပါကြောင်းနဲ့ စစ်ဆေးတွေ့ရှိလျှင် အရေးယူဆောင်ရွက်လျက်ရှိခြင်း၊ အများပြည်သူကို အသိပေးကြေညာခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

ခွင့်မပြုဆိုးဆေးများ အသုံးပြုခြင်းကို စျေးကွက်ထောက်လှမ်းရေး စောင့်ကြည့်ခြင်း (Market Surveillance) အဖြစ် နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်လျက်ရှိပြီး၊ အချိုတု (Artifical Sweeteners) နှင့် အနံ့တု (Artifical Flavor) များသည် အစားအသောက် ထပ်ဖြည့်ပစ္စည်း (Food Additives) များဖြစ်ပါတယ်။ အချိုတု (Artifical Sweeteners) များသည် ဆီးချို၊ သွေးချိုရောဂါရှင်များ ရောဂါထိန်းချုပ်ရန် သကြားအစားထိုးပစ္စည်းအဖြစ် အသုံးပြုရသော ကျန်းမာရေးဆိုင်ရာမှာလည်း အသုံးဝင်မှုရှိကြောင်း၊ (Food Additives) များသည် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကိစ္စများနှင့် စံချိန်စံညွှန်းများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကမ္ဘာ့ကုလသမဂ္ဂ၊ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) တို့နှင့် ပူးပေါင်းဆောင်ရွက် တည်ထောင်ထားသော (Codex Committee for Food Additives-CCFA) မှ တာဝန်ယူဆောင်ရွက်လျက် ရှိပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံတကာ အသိအမှတ်ပြု (General Standard on Food Additives) စာရင်းဝင် အချိုတုနဲ့ အနံ့တုများကို မြန်မာနိုင်ငံတစ်ခုတည်းမှ ပိတ်ပင်တားဆီးရန် မဖြစ်နိုင်သေးပါကြောင်း၊ နည်းလမ်းများ မှန်ကန်စွာ အသုံးပြုရေးကို တိုက်တွန်းဆောင်ရွက်သွားရန်သာ ရှိပါကြောင်း ပြန်လည်ရှင်းလင်း တင်ပြလိုပါတယ်။ တင်ပြပါကိစ္စနဲ့ ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း ၂၀၁၄ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့တွင် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကို ၂၀၁၄ ပြည်ထောင်စုလွှတ်တော်အမှတ်(၁၀)ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် မြို့တော်စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများ၊ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးရေးအဖွဲ့များမှ ဟောပြောပွဲများ ကျင်းပခြင်း၊ စျေးများ၊ ကုန်တိုက်များကို ကြည့်ရှုစစ်ဆေးခြင်းများနှင့် စားသုံးသူ ဘေးအန္တရာယ် မကျရောက်စေရန်အတွက် ပူးပေါင်းဆောင်ရွက်လျက် ရှိပါတယ်။

မြန်မာနိုင်ငံအနေဖြင့် စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် စားသုံးသူပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့အကြား ပူးပေါင်းဆောင်ရွက်၍ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေနဲ့အညီ လုပ်ဆောင်ရန် လိုအပ်ပါတယ်။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အနေဖြင့် စားသုံးရန်မသင့်သော အစားအသောက်ပစ္စည်းများ စစ်ဆေးသိမ်းဆည်း ဖျက်ဆီးရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး

ဈေးများ၊ စားသောက်ဆိုင်များတွင် ရောင်းချလျက်ရှိသော ငပိ၊ မှျစ်၊ လက်ဖက်၊ ငရုတ်သီးမှုန့်၊ နနွင်းမှုန့် တို့အပြင် ပုစွန်၊ သားငါးများတွင် ခွင့်မပြုဆိုးဆေး အသုံးပြုမှု ရှိ/မရှိ မျက်မြင်စစ်ဆေးခြင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနသို့ ပေးပို့စစ်ဆေးခြင်းများကို ဆောင်ရွက်ခဲ့ရာ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ၂၀၁၁-၂၀၁၃ ခုနှစ်တွင် စားသုံးသူပစ္စည်းများကို စစ်ဆေးမှုအကြိမ် (၁၃)ကြိမ် စစ်ဆေးခဲ့ပြီး ခွင့်မပြုဆိုးဆေးများပါဝင်သည့် စားသုံးရန်မသင့်သော ငါးပိ(၇၈၆.၂၀)ပိဿာ၊ အသင့်စား ငါးပိထောင်းဘူး(၁၇၇)ဘူး။ လက်ဖက် (၁၇၄.၅၅)ပိဿာ၊ နနွင်းမှုန့် (၂၅.၃) ပိဿာ၊ ငရုတ်မှုန့် (၇၅.၆)ပိသာနှင့် ကြက်သား(၆၂.၄၂)ပိဿာ၊ ပုစွန်ချဥ်(၅)ပိဿာ၊ မှျစ်(၈.၅)ပိဿာတို့ကို စစ်ဆေး သိမ်းဆည်း ဖျက်ဆီးရေးအဖွဲ့ဖြင့် အများပြည်သူအရှေ့တွင် ဥပဒေအရ သိမ်းဆည်းဖျက်ဆီးခဲ့ပြီး ပညာပေးခြင်း (၁၃)ကြိမ်၊ ခွင့်မပြုဆိုးဆေး၊ ခွင့်မပြုဓာတုဆေး အသုံးပြုသူများအား သတိပေးခြင်း (၁၂)ကြိမ်နှင့် သတ်မှတ်ထားသော ဒဏ်ကြေးငွေ ထမ်းဆောင်ခြင်းအပြင် ပြစ်ဒဏ်အား လုပ်ငန်းရှင်(၃)ဦးအား အရေးယူဆောင်ရွက်ခဲ့ပါတယ်။

အလားတူစွာပဲ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အနေဖြင့် မုန့်ဖိုများ၊ စားကုန်ပစ္စည်းများ ထုတ်လုပ်သိုလှောင် ဖြန့်ဖြူးရောင်းချခြင်းနှင့် စပ်လျဥ်းသည့် လုပ်ငန်းများကို ကြီးကြပ်၍ ဈေးအတွင်း စားသုံးဆီရောင်းချသော ဆိုင်များမှ ဆီနမူနာများရယူလျက် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးအဖွဲ့သို့ ပေးပို့စစ်ဆေးလျက် ကျန်းမာရေးနှင့်ညီညွတ်သော ဆေးများကိုသာ ရောင်းချစေလျက် တင်ပြပါ အရောင်ဆိုးဆေးများ၊ ဆေးဝါးအတုများ၊ အချိုတု၊ အနံ့တုများပါဝင်သော စားသုံးကုန်ပစ္စည်းများ ဈေးကွက်တွင် တရားမဝင်ဖြန့်ဖြူးရောင်းချခြင်းကိုလည်း စည်ပင်သာယာရေးကော်မတီ၊ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းနှင့် သက်ဆိုင်ရာ ကျန်းမာရေးဌာန၊ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ ကွင်းဆင်းဖျက်ဆီးဆောင်ရွက်လျက် ရှိပါတယ်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အနေဖြင့်လည်း ဈေးများအတွင်း ရောင်းချလျက်ရှိတဲ့ စားသောက်ကုန်များ၊ ဥပမာ - လက်ဖက်၊ လက်ဖက်ဆီ၊ ဆီ၊ ပုစွန်ခြောက်၊ ငရုတ်သီးမှုန့်၊ ငရုတ်ဆီ၊ ပဲနီလေး၊ ပဲဝါလေး၊ ပုစွန်ချဥ်၊ ငါးချဥ် တို့ကို အစားအသောက် နမူနာများ ကောက်ယူ၍ ခွင့်မပြုဆိုးဆေးများပါဝင်မှု ရှိ/မရှိ။ စားသုံးရန် သင့်၊ မသင့်ကို သိရှိရန်အတွက် ကျန်းမာရေးဌာန ဓာတ်ခွဲခန်းသို့ စစ်ဆေးအဖြေထုတ်ခြင်းများ ပြုလုပ်လျက်ရှိပါတယ်။ ခွင့်မပြုဆိုးဆေးများ ပါဝင်ခြင်း၊ စားသုံးရန် မသင့်သော စားသောက်ကုန်ပစ္စည်းများဖြစ်ခြင်းနှင့် ကျန်းမာရေးနှင့် မညီညွတ်သော စားသောက်ကုန်များ ရောင်းချခြင်းကို စစ်ဆေးတွေ့ရှိပါက စားသောက်ကုန်ပစ္စည်းများကို တာဝန်ရှိပုဂ္ဂိုလ်များရှေ့တွင် သိမ်းဆည်းဖျက်သိမ်းခြင်း၊ ကျန်းမာရေး အသိပညာပေးခြင်းနှင့် ပညာပေးကာလ ကျော်လွန်ပါက ရောင်းချသောဆိုင်အား ပိတ်သိမ်းခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ စက်ရုံများတွင်လည်း ထုတ်လုပ်သော စားသောက်ကုန်များကို နမူနာယူ၍ ခွင့်မပြု ဆိုးဆေးများ ပါဝင်ခြင်း ရှိ/မရှိ၊ သန့်ရှင်း၍ ကောင်းမွန်သော ထုတ်ကုန်များ ဖြစ်၊ မဖြစ်ကို ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး (FTA)မှ ဓာတ်ခွဲခန်းများကိုပို့၍ စစ်ဆေးခြင်းများကို ဆောင်ရွက်ပြီး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ကျန်းမာရေးဌာန အနေဖြင့်လည်း စားသောက်ကုန်ပစ္စည်းများ ကျယ်ပြန့်စွာ အသုံးပြုလျက်ရှိတဲ့ အဝတ်အထည်ဆိုးဆေးများကို ကန့်သတ်ကုန်ပစ္စည်းအဖြစ် သတ်မှတ်ထိန်းချုပ်ရန်နှင့် အချိုတု၊ အနံ့တုများကို အန္တရာယ်ပေးသောပစ္စည်းများ အနေဖြင့် ပိတ်ပင်တားဆီးနိုင်ရန်အတွက် သက်ဆိုင်ရာ

ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးလျက်ရှိပါကြောင်း ပြန်လည်ရှင်းလင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို နေလယ်စာ သုံးဆောင်ဖို့ (၁)နာရီ ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၀၅ နာရီတွင် ခေတ္တရပ်နားပြီး ၁၁း၂၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ နေ့လယ်ပိုင်း အစည်းအဝေး ခွင့်ပန်သူ(၉)ယောက်ရှိပါတယ်။ ဦးမြအုန်း၊ ကချင်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးဘရန်ရှောင်၊ ကချင်(၃)၊ သတ္တုနှင့် သယံဇာတရေးရာကော်မတီ အစည်းအဝေး၊ ဦးစောတော်ပလဲ၊ ကရင်(၇)၊ ငှင်းအတိုင်း။ ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်း(၃)၊ ငှင်းအတိုင်း။ ဦးသိန်းလှိုင်၊ စစ်ကိုင်း(၈)၊ ငှင်းအတိုင်း။ ဦးမောင်စိန်၊ တနင်္သာရီ(၅)၊ ငှင်းအတိုင်း။ ဦးလှဆွေ၊ မကွေး(၁၂)၊ ငှင်းအတိုင်း။ ဦးမင်းလွန်းအောင်၊ မွန်(၃)၊ ငှင်းအတိုင်း။ ဦးစောအုန်း၊ မွန်(၉)၊ ငှင်းအတိုင်း ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် နေလယ်ပိုင်း ခွင့်ပန်ကြားချက်များအပေါ် လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

**ဦးဖိုးဇော်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး အစီအစဉ်အရ နိုင်ငံတော်မှဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်စီမံကိန်း၌ တိုင်းဒေသကြီးနှင့် ပြည်နယ် အလိုက် ခွဲဝေချထားပေးသော ရန်ပုံငွေကို မျှတညီညွတ်စွာ ရရှိနိုင်ရေး ပြန်လည်စီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဖိုးဇော် တင်သွင်းထားတဲ့ ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအစီအစဉ်အရ နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်စီမံကိန်း၌ တိုင်းဒေသကြီး နှင့် ပြည်နယ်အလိုက် ခွဲဝေချထားပေးသော ရန်ပုံငွေကို မျှတညီညွတ်စွာ ရရှိနိုင်ရေး ပြန်လည်စီမံ ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသန်းမြင့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၁၈။**

**ဦးသန်းမြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင် များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသန်းမြင့် ဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေးမှာကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)က ဦးဖိုးဇော် တင်သွင်းသွားတဲ့ ကျေးလက် ဒေသ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး အစီအစဉ်အရ နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင် စီမံကိန်း၌ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ခွဲဝေချထားပေးသော ရန်ပုံငွေကို မျှတညီညွတ်စွာ ရရှိ နိုင်ရေး ပြန်လည်စီမံဆောင်ရွက်ပေးပါရန်ဆိုတဲ့ အဆိုကို ကျွန်တော် သုံးသပ်ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

မြစိမ်းရောင်စီမံကိန်းကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက ဦးစီးပြီးတော့ ကျေးလက်ဒေသများအတွက် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရမှာ ဖြစ်တယ်လို့ ဆို ပါတယ်။ ကျေးရွာများအတွက်ကတော့ ဒီဝန်ကြီးဌာနဟာ (Focal Ministry) ဖြစ်တယ်လို့ ဆိုထားပါတယ်။ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးအတွက် စီမံကိန်းဧရိယာကို နိုင်ငံတစ်ဝှမ်းလုံးမှာ ရှိတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်(၁၄)ခု၊ ပြည်နယ်ခွဲ(၂)ခု အပါအဝင် ခရိုင်ပေါင်း(၆၀)အနက်က (၄၇)ခရိုင်၊ မြို့နယ်ပေါင်း(၃၃၀)အနက်က (၁၃၀)မြို့နယ်၊ မြို့နယ်ခွဲ(၈)ခု၊ ကျေးရွာပေါင်း(၆၄၉၁၇)ခု ရှိတဲ့အနက်က ကျေးရွာ(၁၁၅၀)၊ နေပြည်တော်ကောင်စီနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဒေသ(၁)ခု၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ(၅)ခုတို့ကို စီမံကိန်းနယ်မြေအဖြစ် သတ်မှတ်ထားတာကို တွေ့ရှိရပါတယ်။ ကျေးလက် ဒေသမှာနေတဲ့ ဆင်းရဲနွမ်းပါးတဲ့ အိမ်ထောင်စုပေါင်းဟာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ဆိုရင် (၁၉၉၆၇၈၃) ရှိတဲ့အနက်ကနေပြီးတော့ စီမံကိန်းကဏ္ဍအတွက်ကို (၃.၃)သိန်းကို ရွေးချယ်ပြီးတော့

ရှေ့ပြေးစမ်းသပ် အကောင်အထည်ဖော်ပြီး၊ ၂၀၁၅ ခုနှစ်မှာ ဆင်းရဲမှုလျှော့ချနှုန်းတို့ဟာ (၃၂)ရာခိုင်နှုန်း ကနေပြီးတော့ (၁၆)ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရန် ရည်မှန်းဆောင်ရွက်ခြင်း ဖြစ်တယ်ဆိုတာကို ဖော်ပြထားပါတယ်။

၂၀၁၄-၁၅ ဟာ ဘဏ္ဍာရေးနှစ် (၁)နှစ်ပဲ ဒီစီမံကိန်းကို ဆောင်ရွက်မယ်လို့ ပထမစမ်းသပ် နှစ်ကို သတ်မှတ်ထားတာကို ဆိုထားပါတယ်။ အကျိုးခံစားရမယ့်သူများကတော့ ကျေးလက်ဒေသမှာရှိတဲ့ အိမ်ထောင်စု (၃.၃)သိန်း အနက်က လူဦးရေပေါင်း(၁.၈၃)သန်းအတွက် စတင်အကောင်အထည်ဖော် စမ်းသပ်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ရန်ပုံငွေပမာဏမှာ ကျေးရွာ(၁)ရွာကို ကျပ်သိန်းပေါင်း(၃၀၀) နှုန်းဖြင့် စုစုပေါင်းကျပ်(၃၄.၅)ဘီလီယံ လျာထားအသုံးပြုသွားမှာဖြစ်တယ် ဆိုပြီးတော့ ဒီ စီမံကိန်း ကျေးရွာရဲ့ စာအုပ်ထဲမှာ အသေးစိတ်ဖော်ပြထားတာကို တွေ့ရှိရပါတယ်။ ဆောင်ရွက်မယ့်လုပ်ငန်းစဉ် များမှာကတော့ ဒီလုပ်ငန်းများအဖြစ်နဲ့ မွေးမြူရေး၊ ရေလုပ်ငန်း၊ စိုက်ပျိုးရေး၊ မီးလင်းရေး၊ ကျေးရွာ ကုန်ထုတ်လုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်ကြောင်းကို ဖော်ပြထားတာကို ခုနက ပြတဲ့စာအုပ်မှာ အတိအလင်း ဖော်ညွှန်းထားပါတယ်။

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့မှာ နေပြည်တော်မှာ ကျင်းပတဲ့ သမ္မတကြီးကိုယ်တိုင် ဦးစီးဆောင်ရွက်ပြီးတော့ အမျိုးသားအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်အလုပ်ရုံ ဆွေးနွေးပွဲမှာ ရရှိတဲ့ ဆက်လက်ဆောင်ရွက်မယ့် လုပ်ငန်းစဉ်များအရ အကောင်အထည်ဖော် ဆောင်ရွက် ခြင်းဖြစ်ကြောင်းကိုလည်း ရှင်းလင်းပြောကြားတာ သိရှိရပါတယ်။ အဓိကရည်မှန်းချက်ဟာ စီမံကိန်း ကျေးရွာများရှိ ကျေးရွာပြည်သူများအတွက် ရည်ရွယ်ချက်အနေနဲ့ အချက်(၄)ချက်ကို အကျဉ်းချုံးပြီး ဖော်ပြရမယ်ဆိုရင် မိသားစုဝင်ငွေ တိုးစေရန်၊ စားနပ်ရိက္ခာ ဖူလုံစေရန်၊ ကျေးလက် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးစေရန်နှင့် မမျှော်မှန်းနိုင်သော ဘေးအန္တရာယ်များ ကျရောက်ပါက တုံ့ပြန်မှုအားကောင်းသော လူ့အဖွဲ့အစည်း ပေါ်ပေါက်လာစေရန် ဟု အလွန်ကောင်းသော ရည်ရွယ်ချက်၊ ရည်မှန်းချက်တွေ ဖော်ဆောင်ပြီး ရေးဆွဲထားတာကို တွေ့ရှိရပါတယ်။

၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့မှာ ကျွန်တော်တို့လွှတ်တော်ထဲက I-15 မှာ ကျွန်တော်တို့ရဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး လွှတ်တော်ကော်မတီနဲ့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုး ရေးဝန်ကြီးဌာနကို ခေါ်ယူပြီးတော့ ဒီ မြစိမ်းရောင်စီမံကိန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ တွေ့ဆုံ ဆွေးနွေးမှု ပြုလုပ်ခဲ့ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက ရှင်းလင်းပြောကြားချက်မှာ ၂၀၁၄-၁၅ ဘဏ္ဍာနှစ်ကို ကျွန်တော်တို့ ပထမနှစ်အဖြစ် စမ်းသပ်ဆောင်ရွက်နိုင်ရန် တရုတ်နိုင်ငံမှ ချေးငွေ ယွမ်သန်း(၁၀၀)ရရှိခြင်းကြောင့် ဒီမြစိမ်းရောင်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း ဖြစ်ကြောင်း သိရှိရပါတယ်။ နောင်လာမယ့် နှစ်များအတွက်မှာဆိုရင် မြစိမ်းရောင်ကျေးရွာ စီမံကိန်း ဆက်လက်အကောင်အထည်ဖော်နိုင်ဖို့ဆိုတာ ပံ့ပိုးငွေများရရှိရေး၊ ခိုင်မာမှုရှိဖို့ လိုမှာပဲဖြစ်ပါတယ်။ ပြန်လည်ပေးဆပ်ရန် မလိုသော စဉ်ဆက်မပြတ် လည်ပတ်သော အရင်းမပျောက် မတည်ရန်ပုံငွေကို ဖွံ့ဖြိုးမှုအားနည်းနေသေးတဲ့ ကျွန်တော်တို့ရဲ့ နိုင်ငံတော်ဘတ်ဂျက်က နေ့စဉ်ထုတ်ပေး နိုင်အား ရှိ/မရှိ ဆိုတာကိုလည်းပဲ တွက်ဆထားဖို့ လိုမှာဖြစ်ပါတယ်။

ယခုရှေ့ပြေးစမ်းသပ်တဲ့ ပထမနှစ်မှာပင်လျှင် ဒီ ပြည်ပချေးငွေ အကူအညီရယူပြီးမှ ဆောင်ရွက်တာဖြစ်တဲ့အတွက် အကယ်၍များ နောင်လာမယ့်နှစ်များမှာ ပြည်ပချေးငွေ အကူအညီမရဘူး

ဖြစ်ခဲ့လို့ရှိရင် ဒီ မြစိမ်းရောင်ကျေးရွာစီမံကိန်းဟာ ရပ်တံ့သွားတာမျိုး မဖြစ်ရလေအောင် ကျေးရွာများက ပြန်လည်ပေးဆပ်ရန်မလိုတဲ့ အရင်းမပျောက် မတည်ငွေရရှိရေး၊ ကျန်နေသေးတဲ့ ကျေးရွာများအတွက် မည်သို့ဖန်တီးဆောင်ရွက်ပေးရမယ် ဆိုတာကို ကြိုတင်ပြီးတော့ စဉ်းစားထားရမှာလည်း ဖြစ်ပါတယ်။

မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ဖို့အတွက် ကျေးရွာများကို ရွေးချယ်ခြင်းနဲ့ သက်ဆိုင်ရာ အစိတ်အပိုင်းကို ဖော်ပြထားတဲ့နေရာမှာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့က ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ရွေးချယ်ပေးသော ကျေးရွာများရဲ့အမည်စာရင်းကို ပြည်နယ်/တိုင်းအဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီက မြစိမ်းရောင်စီမံကိန်းဗဟိုကော်မတီကို တင်ပြပြီး အတည်ပြုသတ်မှတ်ချက် တောင်းခံရပါတယ်။ ဗဟိုကော်မတီက သတ်မှတ်ပေးချက်များနဲ့ ပတ်သက်ပြီးတော့ ဒီစာအုပ်ငယ်လေးမှာလည်း အသေးစိတ် ညွှန်ကြားရေးသားထားကို တွေ့ရှိရပါတယ်။ ဒီ ဗဟိုကော်မတီက သတ်မှတ်တဲ့ တိုင်းဒေသကြီး/ပြည်နယ်အချို့ကို ကျွန်တော် အနည်းငယ်တင်ပြရမယ်ဆိုရင် စစ်ကိုင်းတိုင်းဒေသကြီး၊ ခရိုင်(၂)ခု၊ မြို့နယ်(၃)မြို့နယ်နဲ့ ကျေးရွာ(၁၀၁)ရွာ။ တနင်္သာရီတိုင်းဒေသကြီး ခရိုင်(၁)ခု၊ မြို့နယ်(၂)ခု၊ ကျေးရွာ(၂၁)ရွာ။ ပဲခူးတိုင်းဒေသကြီး၊ ခရိုင်(၂)ခု၊ မြို့နယ်(၄)ခု၊ ကျေးရွာ (၁၁၆)ရွာ။ မကွေးတိုင်းဒေသကြီး၊ ခရိုင်(၂)ခု၊ မြို့နယ်(၃)ခု၊ ကျေးရွာ(၈၃)ရွာ။ မန္တလေးတိုင်းဒေသကြီး ခရိုင်(၅)ခု၊ မြို့နယ်(၁၃)ခု၊ ကျေးရွာ (၈၃)ရွာ။ မွန်ပြည်နယ်၊ ခရိုင်(၁)ခု၊ မြို့နယ်(၁၀)မြို့နယ်၊ ကျေးရွာ(၂၁)ရွာ။ အဲဒီလို ဖော်ပြထားတဲ့အတိုင်း ကျွန်တော်တို့ ပြန်လည်စိစစ်ကြည့်တဲ့နေရာမှာ အကွဲကွဲအပြားပြား ဒေသတစ်ခုနဲ့တစ်ခု မတူတာကို တွေ့ရှိနေရပါတယ်။ စီမံကိန်းကျေးရွာ သတ်မှတ်ပုံချင်းဟာလည်းပဲ ကျွန်တော် မတူညီတာကို ထောက်ပြရမယ်ဆိုရင် ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီးနဲ့ မွန်ပြည်နယ်ဟာ (၁၀)မြို့နယ်ရှိတာချင်းအတူတူပဲ ဖြစ်ပါတယ်။ ဗဟိုကော်မတီက သတ်မှတ်ပေးတဲ့ ကျေးရွာသတ်မှတ်တဲ့ နေရာမှာလည်းပဲ (၂၁)ရွာချင်း အတူတူပဲ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း မြို့နယ်များကို သတ်မှတ်ပေးတဲ့နေရာမှာ မွန်နဲ့ တနင်္သာရီဟာ မတူကွဲပြား အတော်ကိုခြားနားခဲ့ပါတယ်။ တနင်္သာရီတိုင်းဒေသကြီးထဲမှာ ထားဝယ်ခရိုင်တစ်ခုထဲမှာရှိတဲ့ ရေဖြူနဲ့ လောင်းလုံမြို့နယ် (၂)မြို့နယ်ထဲမှာပဲ ဒီ စီမံကိန်းကျေးရွာ (၂၁)ရွာလုံးကို စုပုံသတ်မှတ်ပေးခဲ့ပါတယ်။ ကျန်တဲ့ (၈)မြို့နယ်မှာတော့ ဒီလို ခံစားခွင့်မျိုးဟာ မရဘဲနဲ့ ခြားနားမှုတွေ ခံစားခွင့်မရ ဖြစ်ခဲ့ရပါတယ်။

မွန်ပြည်နယ်မှာဆိုရင် ကျွန်တော်တို့(၁၀)မြို့နယ်စလုံးကို (၁)မြို့နယ်ကို (၂)ရွာစီနဲ့ ချောင်းဆုံမြို့နယ်မှာ (၃)ရွာ သတ်မှတ်လိုက်ခြင်းအားဖြင့် မြို့နယ်(၁၀)မြို့နယ်စလုံးဟာ မျှတမှုကို ခံစားခွင့် ရရှိခဲ့ကြပါတယ်။ အခြားသော တိုင်းဒေသကြီးနဲ့ ပြည်နယ်များကို လေ့လာကြည့်မယ်ဆိုရင်လည်းပဲ မကွေးတိုင်းမှာ ခရိုင်(၁)ခု၊ မြို့နယ်(၃)မြို့နယ်ထဲမှာ ကျေးရွာပေါင်း(၈၃)ရွာကို စီမံဆောင်ရွက်ပေးထားပြီး၊ မန္တလေးတိုင်းမှာဆိုရင် မြို့နယ်(၁၃)မြို့နယ်မှာ (၈၃)ရွာ၊ (၈၃)ရွာချင်းအတူတူ ခွဲဝေချထားပေးတာကို တွေ့ရှိရပါတယ်။ အဲဒီလို ကွဲပြားခြားနားမှုတွေကြောင့် တင်ပြရမယ်ဆိုရင် ကျွန်တော်တို့ မွန်ပြည်နယ်မှာ ကဲ့သို့ပဲ မြို့နယ်ကို အခြေခံပြီး ကျေးရွာများကို အချိုးကျ ခွဲဝေသတ်မှတ်ပေးမယ်ဆိုရင် နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ မြို့နယ်(၃၃၀)လုံးဟာ မြစိမ်းရောင်ကျေးရွာ(၁၁၅၀)ကို အချိုးကျမျှတစွာဖြင့်နဲ့ ပြန်တွက်ကြည့်မယ်ဆိုရင် မြို့နယ်(၃၃၀)မှာ တစ်မြို့နယ်ကို (၃)မြို့နယ် သို့မဟုတ် (၄)မြို့နယ် သတ်မှတ်ပေးလိုက်မယ်ဆိုပါက အချိုးကျမျှတစွာ ခံစားကြရမှာပဲ ဖြစ်ပါတယ်။

၂၀၁၄-၂၀၁၅ နှစ်ဟာ ပထမနှစ် အစကောင်းပါမှ ဒုတိယနှစ်၊ တတိယနှစ်အတွက် အနှောင်း သေချာမှာပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ခါးသီးသော ခေတ်စနစ်ပေါင်းများစွာကို ခံစားဖြတ်သန်း လာခဲ့ပြီး ဖြစ်ပါတယ်။ ဒီကနေ့ဆိုရင် ဒီမိုကရေစီစနစ်နဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်လာအောင် ဆောင်ရွက်ချီတက်နေကြပြီ ဖြစ်ပါတယ်။ မြေစမ်းခရမ်းပျိုးရင်းနဲ့ (၄)နှစ်သက်တမ်းအတွင်းကို ရောက်ရှိ နေပါပြီ။ မျိုးစေ့မှန်မှ အပင်သန်မှာ ဖြစ်ပါတယ်။ ရေလောင်း ပေါင်းသင် အစာကျွေးတာဟာ ပေါက်ပွား လာသော ပျိုးပင်ကလေးတိုင်းကို မျှတစွာ ပြုစုပျိုးထောင်ပါမှ အခက်အလက် ဝေဆာပြီး အဆီအနှစ် ပြည့်ဝတဲ့ ချိုမြိန်သောအသီးကို စားသုံးရမှာပဲ ဖြစ်ပါတယ်။ မျှတမှုမရှိဘဲ တစ်နေရာတည်းမှာ စုပုံပြီး အစာ ကျွေးနေရင်တော့ ဘေးပတ်လည် ချုံနွယ်တွေက ငါ့ဝမ်းပူဆာ မနေသာ ဖြစ်လာကြမှာပဲ အသေအချာ ဖြစ်ပါတယ်။

ဒါကြောင့် ရှေ့ပြေးစမ်းသပ်တဲ့ ပထမနေ့မှာကတည်းကိုက ငါ့ဝမ်းပူဆာ မနေသာ ဖြစ်မသွားဖို့ အတွက် အထူးပင်ကြပ်မတ်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင် အထည်ဖော်ဆောင်ရွက်ဖို့ ရေးဆွဲထားတဲ့ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ဖွဲ့စည်း ဆောင်ရွက်ရမှာဖြစ်တဲ့ ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ တိုင်းနဲ့ ပြည်နယ် ဗဟိုအဆင့် (၅)ဆင့် ဖွဲ့စည်းပြီးတော့ အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့၊ ကြီးကြပ်ရေးအဖွဲ့၊ ဘဏ္ဍာရေးကော်မတီများရဲ့ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ခံစားခွင့်များနှင့် လုပ်နည်းသတ်မှတ်ခြင်းများကို စည်းကမ်းတိကျစွာနဲ့ ရေးဆွဲထားတာ ဒီစာအုပ်ထဲမှာ ကျွန်တော် အသေအချာ လေ့လာတွေ့ရှိခဲ့ရပါတယ်။ သို့ပါသော်လည်း ဝမ်းမဝ မျှတမညီဘဲနဲ့ ပြည့်အရေးကိုတော့ ပြိုင်တူချီလို့ မရနိုင်ပါဘူး။ ပြီးခဲ့တဲ့ ဇွန်လ ဒုတိယပတ်ထဲမှာ စီမံကိန်း ကျေးရွာများ ရှိတဲ့ မြို့နယ်များကို စီမံကိန်းဆောင်ရွက်ဖို့ ပြန်လည်ပေးဆပ်ရန်မလိုသော အရင်းမပျောက် မတည်ငွေများ ပေးပို့ထားပြီး ဖြစ်တယ်လို့ သိရှိရပါတယ်။ ကျေးရွာများကို ထုတ်မပေးသေးဘူး ဆိုရင်တော့ တစ်နိုင်ငံလုံး မှာရှိတဲ့ မြို့နယ်(၃၃၀)စလုံး မျှဝေခံစားနိုင်အောင် ပြန်လည်ပြင်ဆင်ဖို့ အလှမ်းမီသေးတယ်လို့ ယူဆမိ ပါတယ်။ ဒီမိုကရေစီစနစ်ဖြင့် လျှောက်လှမ်းတဲ့နေရာမှာ အတတ်နိုင်ဆုံး ကျွန်တော်တို့ Top Down စနစ် ကိုတော့ ပြင်နိုင်သလောက်ပြင်ပြီး Bottom Up စနစ်ကို ကျင့်သုံးနိုင်မှသာလျှင် မျှတသော ဒီမိုကရေစီ စနစ်ကို ဖော်ဆောင်ရာရောက်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ အဆိုရှင် ဦးဖိုးဇော် တင်ပြခဲ့တဲ့ မြစိမ်းရောင်စီမံကိန်း ကျေးရွာသတ်မှတ် ခြင်းဟာ ပေါ့သေးသေးစီမံကိန်း မဟုတ်တဲ့အတွက် မြို့နယ်(၃၃၀)စလုံးကို အခြေမခံဘဲ စီမံကိန်း အကောင်အထည်ဖော်ဖို့ ဆောင်ရွက်နေခြင်းသည် ဇူလိုင်လ ၃ ရက်နေ့က ကျွန်တော်တို့ လွှတ်တော်ထဲမှာ ကရင်ပြည်နယ်က ရှားဘူးဖော့ ဆွေးနွေးတင်ပြသွားခဲ့သလိုပဲ မျှတမှုမရှိခြင်းဟာ ဘာကြောင့်လဲ ဘာကြောင့်လဲ လို့ မေးမြန်းရင်းနဲ့ ဦးဖိုးဇော် ရဲ့ တင်ပြဆွေးနွေးခဲ့တဲ့ မြစိမ်းရောင်စီမံကိန်း၌ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ခွဲဝေချထားပေးသော ရန်ပုံငွေကို မျှတညီညွတ်စွာ ရရှိနိုင်ရေး ပြန်လည်စီမံဆောင်ရွက်ပေးနိုင်ပါရန် ဆိုတဲ့ အဆိုကို သုံးသပ်ခြင်းနဲ့ ထောက်ခံပါကြောင်း ဆွေးနွေး တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဝင်းနိုင်ရှိန် ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၀း၁၈။**

**ဦးဝင်းနိုင်ရှိန်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာပါစေလို့ ဦးစွာနှုတ်ခွန်းဆက် ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) ဦးဝင်းနိုင်ရှိန် ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)က ဦးဖိုးဇော် တင်သွင်းခဲ့တဲ့ ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အစီအစဉ်အရ နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်စီမံကိန်း၌ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခွဲဝေချထားသော ရန်ပုံငွေကို မျှတညီညွတ်စွာ ရရှိနိုင်ရေး ပြန်လည်စီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံအကြံပြု တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဆိုကို ဆွေးနွေးရတဲ့ရည်ရွယ်ချက်ကတော့ မြစိမ်းရောင်ကျေးရွာစီမံကိန်းရဲ့ ရည်ရွယ်ချက်ဟာ အင်မတန်မှ ကျွန်တော်တို့ ကျေးလက်နေပြည်သူလူထု ဆင်းရဲနွမ်းပါးတဲ့ မိသားစု၊ အိမ်ထောင်စုတွေအတွက် အလွန်အရေးကြီးတဲ့ အဆိုဖြစ်ပါတယ်။ ပြည်သူလူထုက ရွေးချယ်ထားတဲ့ ပြည်သူ့ကိုယ်စားလှယ် တစ်ယောက်အနေနဲ့ မိမိတို့ သက်ဆိုင်ရာ မဲဆန္ဒနယ်မှာ ရှိတဲ့ ဆင်းရဲနွမ်းပါးနေတဲ့ ပြည်သူလူထုကို အကျိုးခံစားခွင့်ရရှိအောင် တိုက်တွန်းအကြံပြုရမယ့် တာဝန်လည်း ရှိတဲ့အတွက်ကြောင့် ဒီအဆိုကို ဆွေးနွေးရခြင်း ဖြစ်ပါတယ်။ ဒီစီမံကိန်းဟာ ကျွန်တော်တို့နိုင်ငံမှာ ဆင်းရဲမှုအများဆုံးဖြစ်နေတဲ့ ကျေးရွာအုပ်စုတွေကို ပြုပြင်ထိန်းကျောင်းပြီးတော့ ကူညီဆောင်ရွက်ပေးတဲ့ စီမံကိန်း ဖြစ်တယ်။

မြစိမ်းရောင်စီမံကိန်းရဲ့ မဟာဗျူဟာမူဘောင် အကောင်အထည်ဖော်ရေးလက်ဆွဲ ဒါတွေကို လေ့လာတဲ့အခါမှာ ပြည်တွင်းပြည်ပ ပညာရှင်များနဲ့ နိုင်ငံတော်သမ္မတကြီး ကိုယ်တိုင်ဦးစီးပြီးတော့ (၈)ကြိမ်တိုင်တိုင် အစည်းအဝေးများ ထိုင်ပြီးတော့ ချမှတ်ထားတာ ဖြစ်တဲ့အတွက်ကြောင့် ဒီစီမံကိန်း မူဘောင်မှာ သတ်မှတ်ထားတဲ့ အကောင်အထည်ဖော်ရေးအဖွဲ့၊ လုပ်ငန်းကြီးကြပ်ရေးကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ နောက်တစ်ခါ ဒီချေးငွေနဲ့ ပတ်သတ်ပြီးတော့ ပြန်လည်ရရှိမှု၊ ဆုံးရှုံးမှု Rate ကိုလည်း တွက်ချက်ထားတဲ့ အစီအမံတွေဟာ အင်မတန်မှ ပြည့်ဝတဲ့အတွက်ကြောင့် မဟာဗျူဟာမူဘောင်အနေနဲ့ အားနည်းချက် အင်မတန်နည်းတဲ့ စီမံကိန်းတစ်ခု ဖြစ်တာကိုလည်း တွေ့ရှိရပါတယ်။ ၂၀၁၃-၂၀၁၄ နဲ့ ပြည်ထောင်စုလွှတ်တော်ရဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ရန်ပုံငွေပြီးရင် ဒါ ဒုတိယအကြိမ် နိုင်ငံနဲ့ နိုင်ငံသားတွေအတွက် အကျိုးရှိတဲ့ စီမံကိန်းတစ်ခု ဖြစ်ပါတယ်။ သို့သော် ဒီ International Standard နဲ့ တွက်တဲ့အခါမှာ ဆင်းရဲမှုနှုန်းက တစ်နှစ်မှာ ဝင်ငွေ(၃)သိန်းအောက်ရရှိတာကို ဆင်းရဲတယ်လို့ ခေါ်တယ်။ ဒါကတော့ သူရဲ့စနစ်အရ တွက်ထားတာ ဖြစ်ပါတယ်။

သို့သော် တကယ့်မြေပြင်အခြေအနေမှာ တစ်နေ့ကို (၂၀၀၀) (၃၀၀၀) ရပြီးတော့ တစ်လမှာ (၆၀၀၀၀)လောက်ရပြီး တစ်နှစ်မှာ (၇၀၀၀၀၀)ကျော်နေသော်လည်းပဲ ဆင်းရဲနွမ်းပါးနေတဲ့ ကျွန်တော်တို့ နိုင်ငံသားတွေ အများကြီးရှိနေတာကိုလည်း အများကြီးတွေ့ရမှာ ဖြစ်ပါတယ်။ အဲဒီလိုပဲ ကျေးလက်ဒေသမှာရှိတဲ့ပုဂ္ဂိုလ်တွေ၊ မိသားစုတွေ၊ ဆင်းရဲနွမ်းပါးသလို မြို့ပေါ်မှာရှိနေသော လက်လုပ်လက်စား အခြေခံလူတန်းစားတွေမှာလည်း ဆင်းရဲမှုမျိုးစုံ ကြုံတွေ့နေရတာကို အလျဉ်းသင့်လို့ ကျွန်တော့်အနေနဲ့ တင်ပြခြင်း ဖြစ်ပါတယ်။

ဥပမာ - ခေါင်းရွက်ဗျက်ထိုး ဈေးသည်တစ်ယောက် က ဒီကနေ့ သူ့မိသားစု တစ်ခုလုံး ရပ်တည်ဖို့အတွက် ငွေ(၁၀၀၀၀)ကို ငွေတိုး (၃၀)နဲ့ နေ့ပြန်တိုး(၃၀) လတိုး၊ ရက်တိုး စတဲ့ အတိုးကြီးစွာနဲ့ လည်ပတ်ပြီးတော့ မိသားစုကို တာဝန်ထမ်းဆောင်ခဲ့ရတာ လက်တွေ့ပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ ခုလို နိုင်ငံတော်ရဲ့စီမံကိန်းထဲကနေ အဲဒီမိသားစုတွေကို (၁၀၀၀၀) (၂၀၀၀၀) ဆိုတဲ့ ငွေကြေးကူညီ ချေးပေး ပြီးတော့ သူ့မိသားစုဘဝကို ဆောင်ရွက်စေခြင်းဖြင့်ပင်လျှင် များစွာ ဒီစီမံကိန်းမှာ ပါတဲ့အတိုင်း ပြား(၅၀) ကနေ (၁)ကျပ်ခွဲထက်မပိုသော အတိုးနှုန်းနဲ့ ဆောင်ရွက်ပေးနိုင်မယ်ဆိုရင် ဒီလိုလဲ မိသားစုတွေ အများကြီး ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီစီမံချက်မှာပါတဲ့အတိုင်း စီမံကိန်းအကြောင်းအရာတွေ မှာတော့ ကျွန်တော်တို့နိုင်ငံမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ် (၁၄)ခုပါတယ်။ ပြည်နယ်ခွဲလည်း အကုန် အပြည့် စီမံကိန်းဧရိယာအဖြစ် သတ်မှတ်ထားတာ တွေ့ရပါတယ်။ အဲဒီတော့ ကျေးရွာပေါင်း (၆၄၉၁၇) ရွာမှာ အနည်းဆုံး (၂၅)ရာခိုင်နှုန်းလောက် ဆင်းရဲတဲ့ကျေးရွာလို့ သတ်မှတ်ရင် ကျေးရွာပေါင်း(၁၆၀၀၀) ရှိပါတယ်။ အဲဒီတော့ ဒီကနေ့ အကောင်အထည်ဖော်တဲ့ မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနက (၁၁၅၀)၊ ကျွန်တော်တို့ ဒီနှစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ သုံးသွားမယ့် ဒီ (၃၄.၅)ဘီလီယံက ကျွန်တော်တို့ (၁၁၅၀)ရွာပဲ ရမှာဖြစ်ပါတယ်။ ကျေးရွာတစ်ခုကို ကျေးရွာကို ဗဟိုပြုတဲ့စနစ်ကို သုံးထားတယ်လို့ပဲ ကျွန်တော့်အနေနဲ့ ထင်မြင်မိပါတယ်။ အဲဒီတော့ (၁၆၀၀၀) မှာ ကျွန်တော်တို့ (၁၁၅၀) ဆိုတော့ (၇.၈)လောက် ဒါ စီမံကိန်းဘဏ္ဍာနှစ် ပြီးတဲ့အခါမှာ ဆင်းရဲနွမ်းပါးမှု လျော့ကျသွားမယ်လို့ ယူဆလို့ရပါတယ်။ အဲဒီတော့ ထောင်စုနှစ်(၂၀၁၅) မှာ (၁၆)ရာခိုင်နှုန်း လျော့ကျဖို့ ဆိုတာကတော့ ဒါကတော့ နောက်ထပ် ဒီ ရန်ပုံငွေကို ဖြည့်စွက်ပေးနိုင်မှ ခုနကပြောတဲ့ Target ကို မီမယ်လို့လည်း ထင်မြင်မိပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော်စီမံကိန်းနဲ့ပတ်သတ်တဲ့ ခွဲဝေတာတွေနဲ့ပတ်သတ်လို့ ပြည်နယ်နဲ့ တိုင်း အကုန်လုံးကို သုံးထားတဲ့အခါမှာ ဒီစီမံကိန်းမှာ တွေ့ရှိတဲ့အခါမှာ ခရိုင်(၄၇)ရိုင်၊ မြို့နယ်ပေါင်း (၁၃၀)၊ အဲဒီတော့ ကျွန်တော်တို့နိုင်ငံမှာ လက်ရှိရှိတဲ့ ခရိုင်(၆၀)၊ မြို့နယ်(၃၃၀)နဲ့ ကြည့်ရင်တော့ ဒီ Figure ဟာ တော်တော်အဆင်သင့်တဲ့ Figure ဖြစ်ပါတယ်။ သို့သော် တကယ်တမ်း စီမံကိန်းဧရိယာမှာ သတ်မှတ်လိုက်တဲ့အခါမှာ ခုနလိုမျိုး ဥပမာအားဖြင့် ကျွန်တော်တို့ နှစ်ခရိုင်သုံးတယ်။ သို့သော် တစ်ခရိုင် မှာ ကျေးရွာအုပ်စု(၁၀၀)ရရင် ခရိုင်တစ်ခုက (၉၈)ခုယူပြီးတော့ ကျန်တဲ့ခရိုင်ရဲ့ မြို့နယ်တစ်ခုက ရွာ(၂)ရွာပဲ ဆိုရင်လည်း ဒါ မျှတညီညွတ်တာ မရှိဘူးလို့ ထင်ပါတယ်။ ဒါကြောင့်လည်း အဆိုရှင်က ဒါကို ထောက်ပြဆွေးနွေးတယ်လို့ ကျွန်တော်တို့ မြင်မိပါတယ်။

နောက်တစ်ခါ ကျွန်တော်တို့ စီမံကိန်းဧရိယာ ရွေးချယ်မှုဆိုတာ အရေးကြီးပါတယ်။ Pilot Project လို့ ပြောသော်လည်းပဲ ကျွန်တော့်အနေနဲ့ အကြံပြုတင်ပြချင်တာကတော့ မြို့နယ်(၃၃၀)ကို အခြေမခံနိုင်ရင်တောင်မှ ခရိုင်(၆၀)လုံးကို အခြေခံရင် ပိုမိုပြီးတော့ မျှတသင့်တော်မယ်လို့ ထင်ပါတယ်။ ခုတော့ ကျွန်တော်တို့ လက်ရှိ ဒီ ၂၀၁၄-၂၀၁၅ မှာ အကောင်အထည်ဖော် ဆောင်ရွက်သွားမယ့် အစီအစဉ် အရဆိုရင်တော့ မြစိမ်းရောင်စီမံကိန်းနဲ့ ချေးငွေနဲ့ ထိတွေ့ရတဲ့ ထိတွေ့ခွင့်မရတဲ့ မြို့နယ်တွေ၊ ကျေးရွာတွေ များနေတာကို တွေ့ရပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ဒီဟာနဲ့ပတ်သတ်ပြီးတော့ Power Point နဲ့ အနည်းငယ် ဥက္ကဋ္ဌကြီးက ရှင်းလင်းခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။

အခု ဒီဟာဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့ ဆင်းရဲနွမ်းပါးမှု Poverty Map လို့ခေါ်တဲ့ အများဆုံး ဒေသတွေဟာ ဒါ အနီရောင်တွေဟာ အများဆုံး ပြည်နယ်တွေ၊ ဒေသတွေ ဖြစ်ပါတယ်။ ဒုတိယအဆင့် ရာခိုင်နှုန်း တော်တော်များတဲ့ဒေသတွေ ဒါ ကျွန်တော်တို့ သူ့အရောင်အလိုက် ခွဲခြားထားခြင်း ဖြစ်ပါတယ် ခင်ဗျား။ ယနေ့ စီမံကိန်းမှာ ရန်ပုံငွေခွဲဝေတဲ့အပိုင်းကို ကြည့်ရင်တော့ အဲဒီလိုများပြားနေတဲ့ ဒေသတွေမှာ သုံးစွဲထားတဲ့ ရန်ပုံငွေနဲ့ ဒီဒေသရဲ့ ခွဲဝေထားတဲ့ စီမံကိန်းဧရိယာနဲ့ အနည်းငယ်လွဲချော်မှုမျိုးလည်း ရှိနေတယ်လို့ သုံးသပ်မိပါတယ်။ ဒီနေ့ ကျွန်တော်တို့ တိုင်းဒေသကြီး/ပြည်နယ်အလိုက် Population Density လူဦးရေသိပ်သည်းမှုဇယားပဲ ဖြစ်ပါတယ်။ တိုင်းနဲ့ပြည်နယ်တွေရဲ့ အကျယ်အဝန်း၊ လူဦးရေ အနည်းအများကို ကျွန်တော် ကြိုးစဉ်ငယ်လိုက် စဉ်ထားတာ ဖြစ်ပါတယ်။

ဒီဟာကတော့ ကျွန်တော်တို့ လူဦးရေနဲ့ ဧရိယာကို အခြေပြုပြီးတော့ ဒီကနေ့ ကျွန်တော်တို့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံချက်အရ မြစိမ်းရောင်စီမံကိန်း လုပ်သွားမယ့်၊ ဆောင်ရွက်သွားမယ့် ကျွန်တော်တို့ တိုင်း၊ ခရိုင်၊ မြို့နယ်များကို ကျွန်တော် ဒါ တင်ပြထားခြင်းပဲ ဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ မူလရှိတဲ့ခရိုင် ဒီဘက်မှာ စီမံကိန်းဧရိယာအဖြစ် သတ်မှတ်ဆောင်ရွက်မယ့် ခရိုင် ဒီလို ကျွန်တော် ရှင်းလင်းထားပါတယ်။ ပြီးရင်တစ်ဖက်က ကျွန်တော်တို့ စီမံကိန်းအတွက် ရရှိထားတဲ့ ရန်ပုံငွေ။ သူကတော့ လွယ်ပါတယ်။ ကျေးရွာကို သိလိုက်တာနဲ့ သုံးစွဲသွားမယ့် ငွေကြေးပမာဏ ကျွန်တော်တို့ ဒီမှာ တစ်ခါတည်း ဖော်ပြထားပြီးသား ဖြစ်ပါတယ်။ အဲဒီတော့ ဒီကနေ့ ဒီထဲမှာ လေ့လာလိုက်တဲ့အခါမှာ အများဆုံး ကျွန်တော်တို့ ပြည်နယ်ထဲမှာဆိုရင် ကျွန်တော်တို့ ရှမ်းပြည်နယ်ဟာ ဆိုလို့ရှိရင် (၇.၈) ဘီလီယံလောက် သုံးစွဲသွားမှာ ဖြစ်ပါတယ်။

ဒုတိယအနေနဲ့ ရခိုင်ပြည်နယ် (၁.၈)ဘီလီယံလောက် သုံးစွဲပါမယ်။ ကချင်ပြည်နယ်ကတော့ (၁.၂)၊ ကရင်ပြည်နယ်က (၁.၀၈) သုံးစွဲမှာ ဖြစ်ပါတယ်။ ကျန်တဲ့ ချင်းပြည်နယ်နဲ့ မွန်ပြည်နယ်ကတော့ (၀.၇၂)နဲ့ (၀.၆၃) ဒီလောက်ပဲ သုံးစွဲထားတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ တိုင်းတွေထဲမှာ လေ့လာကြည့်တဲ့အခါမှာ ကျွန်တော်တို့ ဧရာဝတီတိုင်းဟာ မူလရှိတဲ့ (၆)ခရိုင်၊ (၂၄)မြို့နဲ့ ကျွန်တော်တို့ဒီမှာ (၆)ခရိုင်၊ (၂၄)မြို့နယ်၊ မြို့နယ်ခွဲ(၃)ခု၊ ကျေးရွာပေါင်း(၂၀၉)ခု သတ်မှတ်ဧရိယာအဖြစ် သတ်မှတ်ပြီးတော့ သူ့မှာ သုံးစွဲသွားမယ့် ပမာဏကတော့ သန်းပေါင်း(၆၂၇၀) ဖြစ်တဲ့အတွက်ကြောင့် (၆.၂၇)ဘီလီယံ သုံးစွဲသွားမှာ ဖြစ်ပါတယ်။ ဒုတိယအများဆုံးကတော့ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး ဖြစ်ပါတယ်။ (၃.၄) သုံးစွဲမှာ ဖြစ်ပါတယ်။

သို့သော် ဒီနေရာမှာ ပဲခူးတိုင်းမှာ ဆိုရင်တော့ ကျွန်တော်တို့ ပဲခူးတိုင်းက (၄)ခရိုင် ရှိပါတယ်။ ဒီထဲမှာ (၂)ခရိုင် သုံးစွဲပါတယ်။ မြို့နယ်(၄)မြို့နယ် စီမံကိန်းဧရိယာအဖြစ် သတ်မှတ်ပါတယ်။ သို့သော် ဒီအရှေ့ပိုင်းဖြစ်တဲ့ ပဲခူးတိုင်းရဲ့ ထူးခြားချက် ပဲခူးတိုင်း(အရှေ့)၊ ပဲခူးတိုင်း(အနောက်) ခွဲထားတဲ့အခါမှာ အရှေ့ခြမ်းဟာ ခေတ်အဆက်ဆက်က ဖွံ့ဖြိုးမှု နောက်ကျခဲ့တာလည်း ဒါ အားလုံးအသိ ဖြစ်ပါတယ်။ တစ်ချိန်တုန်းကကတည်းက ကျွန်တော်တို့ဒေသဟာ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခတွေနဲ့ ဆက်စပ်တဲ့ ဒေသတွေ ဖြစ်တဲ့အတွက်ကြောင့် အင်မတန်မှ ကျေးရွာနေပြည်သူလူထုတွေရဲ့ဘဝတွေက နိမ့်ကျခဲ့တယ်။ ဒီကနေ့ ဒီမှာ ပဲခူးခရိုင်မှာရှိတဲ့ ဒိုက်ဦးမြို့နယ်ရဲ့ ပနုတ် ဆိုတဲ့ ကျေးရွာတစ်ခုပဲ ကျွန်တော်တို့ ခံစားခွင့် ရရှိတယ်။

အဲဒီတော့ ကျွန်တော်တို့ တောင်ငူခရိုင် ကျွန်တော့်ရဲ့မဲဆန္ဒနယ်ဖြစ်တဲ့ တောင်ငူ၊ ရေတာရှည်မှာဆိုရင် တောင်ငူခရိုင်မှာဆိုရင် ကျေးရွာအုပ်စု(၃၇)အုပ်စု ရှိပါတယ်။ ကျေးရွာပေါင်း(၂၅၁)ရွာအနက်မှာ (၆၂)ရွာလောက် ဒါ ဆင်းရဲနွမ်းပါးပါတယ်။ အဲဒီတော့ ဒီထဲမှာ စီမံကိန်းအရ ကျွန်တော်တို့အနေနဲ့ စီမံကိန်း တစ်နှစ် တစ်နှစ်မှာ (၅)ရွာလောက်ရမယ်ဆိုရင် (၁၀)နှစ်၊ ကျွန်တော်တို့ (၅)နှစ်၊ ဒီလို စီမံကိန်း ကြိုးစားရင် ကျွန်တော်တို့ဒေသရဲ့ ဆင်းရဲနွမ်းပါးမှုဟာ ပပျောက်နိုင်ပါတယ်။ သို့သော် ဒါ ဒီကနေ့ ကျွန်တော်တို့ ပဲခူးတိုင်း(အရှေ့ခြမ်း)အနေနဲ့ မြစိမ်းရောင်နဲ့ ထိတွေ့ခွင့်မရတဲ့အတွက်ကြောင့် နောင်လာမယ့် ဘတ်ဂျက်မှာဖြစ်ဖြစ်၊ ဖြည့်စွက်ပြင်ဆင်လို့ပဲဖြစ်ဖြစ် ကျွန်တော်တို့ ပဲခူးတိုင်း(အရှေ့ခြမ်း)ကိုလည်း ဦးစားပေးဖို့ ဒါဟာလည်း ကျွန်တော်တို့ အလျဉ်းသင့်လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြဆွေးနွေးခြင်း ဖြစ်ပါတယ်။

ရေတာရှည်မြို့နယ်မှာဆိုရင် ကျွန်တော်တို့ ကျေးရွာအုပ်စု အားလုံးပေါင်း(၅၉)ခုမှာ ရပ်ကွက် (၆)ခုဖယ်ရင် ကျွန်တော်တို့ ကျန်တဲ့ဟာတွေဟာ ကျေးရွာအုပ်စုတွေဖြစ်ပြီးတော့ ကျွန်တော်တို့ ငယ်စဉ်တုန်းက အသံလွှင့်ဇာတ်လမ်းမှာ ကြားဖူးခဲ့တဲ့ သိုင်းနယ်မှ ကျားသောင်းကျန်း ဆိုတဲ့ သိုင်းဒေသ အိုးတိုင်တွေ ရှိပါတယ်။ ဒါဟာဆိုလို့ရှိရင် ကျွန်တော်တို့ ဒီကနေ့ အမြန်လမ်းမကြီးရဲ့နောက် သာဂရ၊ ကိုးပင် ဆိုတဲ့ ဒီဟာတွေနဲ့ ဆက်စပ်ပြီးတော့ အင်မတန်မှ ခေတ်အဆက်ဆက် ဖွံ့ဖြိုးမှုနောက်ကျခဲ့တဲ့ ဒေသကြီး ဖြစ်ပါတယ်။ အဲဒီတော့ ဒီလိုဒေသ (၉)ဒေသလောက်မှာ ရွာပေါင်း ကျွန်တော်တို့ ရွာ(၂၀)(၂၅) ရှိပါတယ်။ ဒီဟာလေးတွေကို ဒီလိုမျိုးထိတွေ့ပေးမယ်ဆိုရင် ခုနက ကျွန်တော်ပြောတဲ့ အချို့အိမ်ထောင်စုတွေဟာ သိန်း(၁၀)သိန်း မလိုပါဘူး။ သို့သော် (၁)သိန်း (၂)သိန်း မတည်ပေးရုံဖြင့် သူ့ရဲ့မိသားစုဘဝ တာဝန်တွေကို ဆောင်ရွက်နိုင်မယ်လို့ ဒါ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။

သို့သော် စီမံကိန်းအကောင်အထည်ဖော်ရေးလက်စွဲရဲ့ စာမျက်နှာ(၆)မှာ အပိုဒ်(၁၅)မှာ စီမံကိန်းရဲ့ ပထမဖြစ်တဲ့အတွက် စီမံကိန်းဧရိယာတွေ သတ်မှတ်ခြင်းကို တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌများက စီစဉ်သတ်မှတ် ဆောင်ရွက်မယ်လို့လည်း အတိအလင်း ဖော်ပြသွားတဲ့အတွက် ကျွန်တော်တို့အနေနဲ့ ဒီဟာနဲ့ပတ်သတ်လို့ ပြန်လည်ပြင်ဆင် ခွဲဝေချထားခြင်း မရှိရင်တောင်မှ နောင်လာမယ့် ဘတ်ဂျက် ၂၀၁၅-၂၀၁၆ သို့မဟုတ် ဖြည့်စွက်ရန်ပုံငွေများကနေပြီးတော့ ခုန ကျွန်တော့်အထက်က အဆိုရှင် ဦးသန်းမြင့် တင်ပြသလို သင့်တင့်မျှတတဲ့ ရာခိုင်နှုန်းရရှိအောင် ဆောင်ရွက်ပေးဖို့ ကျွန်တော်တို့အနေနဲ့ မေတ္တာရပ်ခံလိုပါတယ်။

ဒါကြောင့်မို့လို့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)က ဦးဖိုးဇော် တင်သွင်းထားတဲ့ နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိတဲ့ မြစိမ်းရောင်စီမံကိန်းကို တိုင်းနဲ့ ပြည်နယ်အလိုက် ခွဲဝေချထားတဲ့ ရန်ပုံငွေကို မျှတညီညွတ်စွာ ရရှိနိုင်ရေး ပြန်လည်စီမံဆောင်ရွက်ပေးပါရန် အဆိုကို လေးလေးနက်နက် ထောက်ခံတင်ပြရင်း နိဂုံးချုပ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၁၈။**

**ဦးဆလိုင်းခွဲယန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) ဦးဖိုးဇော် တင်သွင်းတဲ့ မြစိမ်းရောင် စီမံကိန်း၌ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ခွဲဝေချထားပေးသော ရန်ပုံငွေကို မျှတညီညွတ်စွာရရှိ နိုင်ရေး ပြန်လည်စီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုအပေါ် ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြစိမ်းရောင်စီမံကိန်းဟာ နိုင်ငံတော်ကချမှတ်ကျင့်သုံးသွားမယ့် ကျေးလက် ဖွံ့ဖြိုးရေးမူဝါဒနဲ့ ကိုက်ညီဆီလျော်လှပါတယ်။ သို့သော်လည်း နိုင်ငံတော်က ချမှတ်ကျင့်သုံးသွားတဲ့ ကျေးလက်မူဝါဒထဲမှာ ဖွံ့ဖြိုးရေးအထောက်အပံ့ အကူအညီများကို တတ်နိုင်သမျှ ပေါင်းစပ်စုစည်းကာ ဦးစားပေးဒေသများအတွက် အမှန်တကယ် လိုအပ်သူများအတွက် အသင့်တော်ဆုံး ကိုယ်ထူကိုယ်ထ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များ အချိန်နဲ့တစ်ပြေးညီ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ဖို့ ဆိုတဲ့ အချက်တွေ ပါပါတယ်။ ဒီနေရာမှာ ဦးစားပေးဒေသ ဆိုတဲ့အချက်နဲ့ ပတ်သက်ပြီးတော့မှ ဦးစားပေးဒေသ ရွေးချယ်မှုစနစ် မှန်ကန်ဖို့ဆိုတာ လိုမှာဖြစ်ပါတယ်။ ဦးစားပေး ဆောင်ရွက်ခြင်း မဟာဗျူဟာထဲမှာတော့ ဆင်းရဲနွမ်းပါးမှုပပျောက်ရေး အထူးအလေးပေး ဆောင်ရွက်ရန်ရှိသော ဒေသများကို ရွေးချယ်၍ဆိုပြီးမှ ရေးသားထားတာ တွေ့ရပါတယ်။ အထူးအလေးပေးမယ်၊ ဆင်းရဲမှုပပျောက်ဖို့အတွက် အင်မတန် အရေး ကြီးမယ့်နေရာကို အထူးအလေးပေးရွေးချယ်ဆိုတာကို ပါဝင်ရေးသားထားတာကို ဖော်ပြထားတာကို တွေ့ရှိရပါတယ်။ ဦးစားပေးရွေးချယ်မှုပုံစံမှာ ဖွံ့ဖြိုးရေးလိုအပ်ချက်အရ ရွေးချယ်မှုမူ၊ အကျိုးခံစားမှု အမြင့်ဆုံးကို အလေးထား ရွေးချယ်မှုမူ၊ အကောင်အထည်ဖော် လက်တွေ့ဆောင်ရွက်နိုင်မှု အခြေခံမူ ဆင့်ကဲဖွံ့ဖြိုးရေး ဖြစ်စဥ် မြင်သာနိုင်မှုရှိခြင်း အခြေခံမူတို့အပေါ်မှာ အခြေခံရမှာ ဖြစ်ပါတယ်။

မြစိမ်းရောင်စီမံကိန်း ကျေးရွာရွေးချယ်သတ်မှတ်မှုနဲ့ပတ်သက်လို့ ဆင်းရဲတဲ့ကျေးရွာက နံပါတ်(၁)၊ စိုက်ပျိုးရေး၊ မွေးမြူရေး အကောင်အထည်ဖော်နိုင်မှုတွေက နံပါတ်(၂)အချက်၊ ကျန်တဲ့ အချက်တွေ ပါဝင်ပါတယ်။ ဒီလိုအချက်တွေအပေါ်မှာ အဓိကဦးစားပေး ရွေးချယ်တယ်လို့ လေ့လာတွေ့ ရှိရပါတယ်။ ယခုနှစ် ရွေးချယ်ရာမှာတော့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့မှ ဖွံ့ဖြိုးရေးအထောက် အကူပြုကော်မတီများ၊ စီမံခန့်ခွဲရေးကော်မတီများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနဲ့ ညှိနှိုင်းရွေးချယ်သည်လို့ စာတမ်းထဲမှာ ဖော်ပြထားတာကို တွေ့ရပါတယ်။ သို့သော်လည်း ကျွန်တော်တို့ ကတော့ ဒီလွှတ်တော်ရောက်ကာမှ ဒီစာကိုပဲ တွေ့ရတာဖြစ်ပါတယ်။ ဒီ လွှတ်တော်ကိုယ်စားလှယ်များ အမှန်တကယ် ရွေးချယ်မှုမှာ ပါဝင်၊ မပါဝင် ဆိုတာကိုတော့ သိရှိခြင်း မရှိပါဘူး။ အဲဒီတော့ မြစိမ်းရောင် စီမံကိန်းဟာ စောစောက ကိုယ်စားလှယ်တော်ကြီးများ အသေးစိတ် ဆွေးနွေးပြီးသားဖြစ်သကဲ့သို့ ကျေးရွာပေါင်း(၁၁၅၀)မှာ ဆောင်ရွက်မယ့်စီမံကိန်း ဖြစ်ပါတယ်။ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်မယ့် ကျေးရွာများရဲ့ စာရင်းချုပ်ကိုတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များကို ဖြန့်ဝေပေးပါတယ်။ အသေးစိတ်ပါဝင်မယ့် စာအုပ်လေးကိုတော့ ကျွန်တော်တို့ သိရှိနိုင်ခွင့်မရှိပါဘူး။ ကျွန်တော့်အနေနဲ့လည်းပဲ သူငယ်ချင်းတစ်ယောက်ဆီက ဖတ်ယူရရှိတဲ့အတွက်ကြောင့်မို့လို့ ကိုယ့်မြို့နယ် က စီမံကိန်းဝင်ရွာ ဘယ်နှစ်ရွာရှိတယ်ဆိုတာ သိရှိခွင့်ရရှိခဲ့ပါတယ်။

ပြည်နယ်နဲ့တိုင်း အရေအတွက်ကိုပဲ အခြေခံပြီးမှ လုပ်တာလား။ မြို့နယ်အရေအတွက်အပေါ်မှာ အခြေခံတာလား။ မဟုတ်ရင် ကျေးရွာတစ်ခုချင်းစီရဲ့ အချက်အလက်အပေါ်မှာ အခြေခံတာလား။ တကယ်ကျတော့ ဒီအချက်အလက်တွေက ခိုင်လုံမှု၊ ကိုးစားနိုင်မှုရှိဖို့ လိုအပ်ပါတယ်။ ဆိုလိုတာကတော့ စီမံကိန်းဝင်ကျေးရွာများရဲ့ အချက်အလက် အသင့်ရရှိထားပြီလားလို့ မေးချင်ပါတယ်။ သံသယဖြစ်မိတာတော့ အမှန်ပါပဲ။ နိုင်ငံတော်မှာ ဆင်းရဲတဲ့ကျေးရွာ စာရင်းကောက်ထားတာ အသင့်ရှိနေပြီလား။ ဒီလိုရွေးချယ်တာလား။ မဟုတ်ဘူးဆိုရင်တော့ အခု သတ်မှတ်ထားတဲ့ ရွေးချယ်မှုစနစ်ကို ပြည်နယ်/တိုင်း အလိုက်လည်း နှိုင်းယှဉ်လေ့လာနိုင်ပါတယ်။ နှိုင်းယှဉ်လေ့လာမှုကိုလည်း စောစောက ကိုယ်စားလှယ်တော်များ တင်ပြခဲ့ပြီးဖြစ်တော့ ဆက်လက်မတင်ပြတော့ပါဘူး။ နေပြည်တော်မှာ (၁၃)ရွာဖြစ်ပြီးတော့မှ ကယားပြည်နယ်မှာ (၁၁)ရွာဆိုတော့ ကျွန်တော် နားမလည်နိုင်တာ အမှန်ပါ။ ကျွန်တော်တို့ ပလက်ဝမြို့နယ်မှာ စီမံကိန်းဝင်ကျေးရွာ (၆)ရွာရှိပါတယ်။ ချင်းထောက်၊ ဒူးချောင်းဝ၊ တိန်းလက်၊ ကြီးလေ၊ အောက်ပလိုင်၊ လေလ၊ မိတ်စာဝရွာတွေ ဖြစ်ပါတယ်။ ခက်ခဲတဲ့ ကျေးရွာတွေ တစ်ခုမှ မပါဝင်တာ တွေ့ရှိရပါတယ်။ ဒီနေရာတွေဟာ သွားလာရေးလွယ်ကူတယ်။ ကိုယ်ထူကိုယ်ထနဲ့ တစ်ပိုင်တစ်နိုင် လုပ်ကိုင်စားသောက်နိုင်တဲ့ ကျေးရွာတွေသာ ဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပါတယ်။ UNDP, NRC စတဲ့ INGO Project တွေ မကြာခဏ လုပ်ကိုင်ဆောင်ရွက်တဲ့နေရာတွေ ဖြစ်ပါတယ်။

ကျွန်တော်တို့ ပြည်နယ်အစိုးရ ဖွဲ့စည်းထားတဲ့ မြို့နယ်တာဝန်ခံဝန်ကြီးရဲ့ ချင်းထောက်ကျေးရွာကျတော့ ဘာစီမံကိန်းပဲလာလာ အမြဲမပါမပြီး ဖြစ်နေတာတော့ အမှန်ပါပဲ။ ဒီ(၆)ရွာအနက်မှာ ပြည်နယ်ဝန်ကြီးရဲ့ မဲဆန္ဒနယ်မှာကျတော့ (၄)ရွာပါတယ်။ ကျန်တဲ့ မဲဆန္ဒနယ်တွေမှာ (၂)ရွာသာ ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်၊ ရွေးကောက်ပွဲအတွက်များ တလွဲသုံးနေပြီလားလို့ ဆိုရတော့မှာ ဖြစ်ပါတယ်။ မြို့နယ်အတွင်းမှာ တကယ်ဆင်းရဲတဲ့ အရှေ့ဘက်ခြမ်း၊ အနောက်ဘက်ခြမ်း၊ တောင်ဘက်ခြမ်းဒေသတွေ လုံးဝမပါဝင်ပါဘူး။ ဆက်သွယ်ရေးကောင်းမွန်တဲ့ ကုလားတန်မြစ်ကြောတစ်လျှောက်လောက်သာ ပါဝင်တာကို တွေ့ရှိရပါတယ်။ ဒီ ကျန်တဲ့ဒေသတွေကတော့ ခေတ်အဆက်ဆက် ဒီလိုပဲ နစ်နာခဲ့တာအမှန်ပါပဲ။ စီမံကိန်း ပါဝင်အကောင်အထည်ဖော်သူများအားလုံးရဲ့ လိုက်နာရမယ့် ကျင့်ဝတ်ထဲမှာကျတော့ အပိုဒ် ၄၄(ဃ)မှာ လုပ်ပိုင်ခွင့်ကို အကြောင်းပြု၍လည်းကောင်း၊ ဆွေမျိုးကောင်းစားရေးကို ရှေ့ရှု၍လည်းကောင်း၊ အဂတိလိုက်စားခြင်း၊ လိမ်လည်မှုပြုခြင်းများကို ရှောင်ရှားရမည်လို့ ဖော်ပြထားပါတယ်။ အကောင်အထည်ဖော်မှုဆိုင်ရာ ဆန်းစစ်လေ့လာမှုမှာတော့ လူမျိုးဘာသာ၊ ကျား၊ မ ခွဲခြားမှုမရှိဘဲ တစ်ပြေးညီ အကျိုးခံစားခွင့်ရရန် စီစဉ်ဆောင်ရွက်ပါမည်လို့ ပါရှိပါတယ်။

မြစိမ်းရောင်ကျေးရွာစီမံကိန်းဟာ ဆင်းရဲမှုလျှော့ချရေးစီမံကိန်းရဲ့ အစီအစဉ်တစ်ခုဖြစ်တဲ့ အတွက်ကြောင့် ကျွန်တော့်အနေနဲ့ ဆောင်ရွက်ခြင်းကိုတော့ ထောက်ခံပါတယ်။ သို့သော်လည်းပဲ ဒီလိုဆောင်ရွက် တဲ့နေရာမှာ ခုတ်ရာတစ်ခြား၊ ရှရာတစ်လွဲ မဖြစ်စေလိုပါဘူး။ နိုင်ငံတော်သမ္မတကြီးရဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ်ဟာ ၂၀၁၁ ခုနှစ်၊ ဇွန်လလောက်က စတင်ခဲ့တာ ဖြစ်ပါတယ်။ အခုဆိုရင်တော့ (၂)နှစ်ကျော်သွားပြီ ဖြစ်ပါတယ်။ ကျေးရွာအဆင့်အထိ ပြည်ထောင်စုအဆင့်ဝန်ကြီးများကိုယ်တိုင် သွားရောက်ချေးငွေထုတ်ပေးတာတို့၊ မွေးမြူရေးကိစ္စ၊ သောက်သုံးရေကိစ္စ ကျွန်တော်တို့ ဆောင်ရွက်ပေးနေတာတို့လည်း တွေ့ရပါတယ်။ ဘယ်သူတွေကို တိုက်ရိုက်အကျိုးသက်ရောက်မှု ရှိသလဲဆိုတာတော့ ကျွန်တော် သက်သေပြလို့တော့ မရပါဘူး။ တရုတ်နိုင်ငံက ဒေါ်လာသန်း(၁၀၀) ချေးတယ်။ ကမန်းကတန်း ထုတ်ပေးလိုက်တော့ မြို့ထဲမှာပဲ ရောက်ကုန်တယ်။ ချေးငွေဆုံးမှာ

ကြောက်တဲ့အတွက်ကြောင့် တကယ့်ဆင်းရဲသားဆီ မရောက်ဖြစ်တာလို့ပဲ ထင်မြင်ယူဆရမှာဖြစ်ပါတယ်။ သမဝါယမချေးငွေ သန်း (၁၀၀)ရော ဘယ်လိုပုံစံနဲ့ ဆက်ပြီးမှ ဖြစ်ပေါ်နေဦးမှာလဲ။ တကယ်တော့ နိုင်ငံတော်ရဲ့ ဆင်းရဲမှုရာခိုင်နှုန်း (၂၅) ဆိုတာ ကျေးလက်ဒေသမှာ (၇၀)ရာခိုင်နှုန်း ပါဝင်နေတာ ဖြစ်ပါတယ်။ တစ်နှစ်ဝင်ငွေ (၃)သိန်း အောက်၊ တစ်လဝင်ငွေ (၃)သောင်းအောက် ဆင်းရဲသူတွေဆီ ဦးတည်ဖို့လိုအပ်ပါတယ်။

ဒါကြောင့် ဘယ်အရာတွေ ဆင်းရဲဆုံးလဲ ရွေးချယ်ထားရပါမယ်။ အဆင်းရဲဆုံးရွာထဲမှာ ဘယ်သူက ပိုပြီးမှဆင်းရဲသလဲ၊ ရွေးချယ်ရမှာပါပဲ။ နိုင်ငံတော်ရဲ့ (၂၅)ရာခိုင်နှုန်း ဆင်းရဲတယ်ဆိုရင် သန်း(၆၀)ဆိုတော့ (၁၅)သန်းလောက်ဟာ ဆင်းရဲတာ ဖြစ်ပါတယ်။ ကျေးလက်နေ(၁၀)သန်း၊ မြို့ပြနေ (၅)သန်း ဖြစ်မှာပါ။ ကျေးလက်နေဆင်းရဲသားများရဲ့ (၈၄)ရာခိုင်နှုန်းဆိုရင်တော့ အလွန်ဆင်းရဲတယ် ဆိုရမှာ ဖြစ်ပါတယ်။ သူတို့ကျတော့ တကယ်ဆိုရင် တောမှာပဲနေကြတာပါ။ ဒါကြောင့် ဆင်းရဲမှုလျှော့ချရေး အစီအစဉ်မှာ ဦးတည်ချက်ထားရမှာတော့ ကျေးလက်နေပြည်သူတွေကိုပဲ ဦးတည်ချက်ထားရမှာပါ။ အဆင်းရဲဆုံးမြို့နယ်ကို ရွေးပြီးရင် အဆင်းရဲဆုံးရွာတွေကို တန်းစီဇယားနဲ့ ရွေးဖို့လိုအပ်ပါတယ်။ တန်းစီဇယားရအောင် ပါဝင်သင့်သူတွေ ပါဝင်၊ ကျကျလည်လည် ဆွေးနွေးရမှာပါ။ ကမန်းကတန်း၊ အလောတကြီး မလုပ်သင့်ပါဘူး။ အရေးပေါ်ကိစ္စ စီမံခြင်း မဟုတ်ပါဘူး။ အသေအချာ ဆွေးနွေးပြီး အဆင်းရဲဆုံးရွာ တန်းစီဇယား ထွက်လာကာမှ အားလုံးသဘောတူညီမှုရပြီး အတည်ပြုခြင်း ဆောင်ရွက်သင့်ပါတယ်။ ဒါကြောင့် ငွေကြေးဘီလီယံများစွာကို အဆင်းရဲဆုံး၊ အဆင်းရဲပြည်သူတွေကို ကယ်တင်ဖို့ စနစ်တကျ စီမံခန့်ခွဲပြုသင့်ပါတယ်။

ယခု မြစိမ်းရောင်ကျေးရွာ စီမံကိန်းမှာ (၃၄.၅)ဘီလီယံ သုံးစွဲမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေကျတော့ (၃၃)ဘီလီယံသုံးစွဲတာ ဖြစ်ပါတယ်။ တစ်ရွာမှာ မြစိမ်းရောင်က သိန်း(၃၀၀)ဖြစ်ပြီးမှာ လွှတ်တော်ရဲ့ ကန့်သတ်ချက်က သိန်း(၅၀)ထက်မပိုရ ဖြစ်ပါတယ်။ ပြည်သူတွေဘက်ကတော့ ဘယ်လိုပုံစံကို နှစ်သက်သလဲဆိုတာ ပြည်သူတွေကို ကျွန်တော် မေးချင်ပါတယ်။

အဆိုရှင်ရဲ့အမြင်မှာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ကျေးရွာရွေးချယ်သတ်မှတ်မှုနဲ့ စပ်လျဉ်းပြီးတော့ မမျှမတဖြစ်နေတယ်လို့ ထင်မြင်ယူဆတာကြောင့် ဒီအဆိုကို တင်သွင်းရတယ်လို့ ကျွန်တော်လည်း သုံးသပ်ပါတယ်။ ကျွန်တော်လည်းပဲ ဒီလိုပဲ ထင်မြင်လို့ ဆွေးနွေးတာ ဖြစ်ပါတယ်။ တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များလည်း ဒီလိုပဲ ထင်နေကြတဲ့သဘော တွေ့ရပါတယ်။ ဒါကြောင့် မြစိမ်းရောင်စီမံကိန်းကျေးရွာ သတ်မှတ်ခြင်းနဲ့ ပတ်သက်လို့ ပါဝင်သင့်သူတွေ အားလုံးပါဝင်စေပြီးမှ ပြည်နယ်/တိုင်းဒေသ၊ မြို့နယ်၊ ကျေးရွာအဆင့်အထိ အသေအချာ ပြန်လည် စစ်ဆေးပြီး မျှမျှတတ ရွေးချယ်သင့်ပါကြောင်း အဆိုအပေါ် အလေးအနက် ထောက်ခံတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းစံမင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၁၈။**

**ဦးစိုင်းစံမင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များအားလုံးကို မင်္ဂလာပါလို့ ရှေးဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စိုင်းစံမင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ အစီအစဉ်ဖြစ်တဲ့ ၇-၇-၂၀၁၄ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖိုးဇော် တင်သွင်းသွားတဲ့ ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး အစီအစဉ်အရ နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်စီမံကိန်း၌ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ခွဲဝေချပေးထားသော ရန်ပုံငွေကို မျှတညီညွတ်စွာရရှိရေး ပြန်လည်စီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းတဲ့ အဆိုကို ထောက်ခံအကြံပြု ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ပထမဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ကျေးလက်နေပြည်သူများ၏ လူမှုစီပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် မြို့ပြ၊ ကျေးလက် ကွာဟချက် ကျဉ်းမြောင်းလာစေရန် တာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းကို စေတနာရှေ့ထားပြီး ဆောင်ရွက်ပေးတဲ့အတွက်ကြောင့် ကျေးလက်နေ ဆင်းရဲနွမ်းပါးတဲ့ ပြည်သူများကိုယ်စား သက်ဆိုင်ရာသို့ ကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပြည်နယ်/တိုင်းဒေသကြီး (၁၄)ခု၊ ပြည်နယ်ခွဲ(၂)ခု၊ ခရိုင်(၆၀)၊ မြို့နယ်(၃၃၀)နဲ့ ကျေးရွာပေါင်း(၆၄၉၁၇)ရွာရှိပြီး၊ နိုင်ငံလူဦးရေရဲ့ (၇၀)ရာခိုင်နှုန်းဟာ ကျေးလက်ဒေသများတွင် နေထိုင်ပြီး၊ ကျေးလက်လူဦးရေရဲ့ (၂၉.၂)ရာခိုင်နှုန်း၊ အိမ်ထောင်စုပေါင်း(၁၉၉၆၇၈၃)ဟာ ဆင်းရဲတဲ့လူများ ဖြစ်ကြပါတယ်။ ကျေးလက်နေ ဆင်းရဲနွမ်းပါးမှုနှုန်း လျှော့ချနိုင်ရေးအတွက် မြစိမ်းရောင်စီမံကိန်းကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့တွင် နေပြည်တော်၌ နိုင်ငံတော်သမ္မတမှ ဦးဆောင်ပြုလုပ်တဲ့ အမျိုးသားအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်အလုပ်ရုံဆွေးနွေးပွဲမှ ရရှိလာတဲ့ ဆက်လက်ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်များအရ ကျေးလက်နေ ဆင်းရဲသားပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးနှင့် မိသားစုဝင်ငွေ တိုးစေရန် ရည်မှန်း၍လည်းကောင်း၊ ဒီမြစိမ်းရောင်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။

ဤစီမံကိန်းရဲ့ ယေဘုယျရည်မှန်းချက်မှာ ထောင်စုနှစ်ပန်းတိုင် ရည်မှန်းချက်များနဲ့အညီ မြန်မာနိုင်ငံအစိုးရမှ ချမှတ်ထားသော အမျိုးသားရည်မှန်းချက်ဖြစ်သည့် ဆင်းရဲမှုနှုန်း (၃၂)ရာခိုင်နှုန်းကို ၂၀၁၅ ခုနှစ်တွင် ထက်ဝက်ဖြစ်တဲ့ (၁၆)ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရေး ဟူသော ရည်မှန်းချက်များကို အထောက်အကူပြုစေရန် ရည်ရွယ်ထားပါတယ်။ စီမံကိန်းရဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဓိက ရည်မှန်းချက်များမှာ စီမံကိန်းရွာများရှိ ပြည်သူများအတွက် (က) အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေခြင်းဖြင့် ကျေးလက်ဒေသ ဆင်းရဲမှုကို လျှော့ချရန်။ (ခ) တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံစေရန်နဲ့ အဟာရပြည့်ဝစေရန်။ (ဂ)

ကျေးလက်အခြေခံအဆောက်အအုံများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးစေရန်။ (ဃ) ကျေးလက်လူထု၏ စွမ်းဆောင်ရည် တိုးတက်စေရန်နဲ့ မမျှော်မှန်းနိုင်သော ဘေးအန္တရာယ်များ ကျရောက်ပါက တုံ့ပြန်ဆောင်ရွက်နိုင်မှု အားကောင်းလာသော လူမှုအဖွဲ့အစည်းများ ပေါ်ပေါက်လာရန် ရည်ရွယ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ၂၀၁၀ ခုနှစ်၊ ကောက်ယူခဲ့သော IHLCA Survery အချက်အလက်များအရ ကျေးလက်နေပြည်သူ(၁၂)သန်း၊ အိမ်ထောင်(၁၉၉၆၇၈၃)မှာ ဆင်းရဲပြည်သူများဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်တွင် ဖော်ပြထားသော ဆင်းရဲနွမ်းပါးမှုနှုန်း မြင့်မားပြီး ဆင်းရဲသားအရေအတွက်များပြားသည့် ခရိုင်(၄၇)ခရိုင်ရှိ မြို့နယ်(၁၃၈)မြို့နယ်တွင် စီမံကိန်းလုပ်ငန်းများအား ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။ မြစိမ်းရောင်ကျေးရွာ ရှေ့ပြေးစီမံကိန်းလက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကို ၂၀၁၄ ခုနှစ်၊ ဧပြီလမှ ၂၀၁၅ ခုနှစ်၊ မတ်လအထိ (၁)နှစ် ဆောင်ရွက်သွားမယ် ဖြစ်သောကြောင့် ယခုဆိုရင် စီမံကိန်းစပြီးကာလ (၃)လစွန်းစွန်း ရောက်ရှိနေပါပြီ။ ကျွန်တော့်ရဲ့အမြင်အရ ပြောရမယ်ဆိုရင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ခွဲဝေချထားပေးသော ရန်ပုံငွေကို မျှတညီညွတ်စွာ ရရှိနိုင်ရန်အတွက် ပြန်လည်စီမံဆောင်ရွက်ပေးနိုင်ရန်ကိစ္စမှာ ခက်ခဲမှုရှိပေမယ့်လည်း ကျန်ရှိတဲ့ ကျေးလက်နေဆင်းရဲနွမ်းပါးသည့် ကျေးရွာတောင်သူများအတွက် မျှော်လင့်ချက်များ ဖော်ဆောင်ပေးနိုင်ရန်အတွက် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်မှာ တာဝန်ရှိတယ်လို့ ခံယူမိပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်မှာ ဆင်းရဲနွမ်းပါးမှု အမြင့်ဆုံးကတော့ တိုင်းဒေသကြီးမှာထက် ပြည်နယ်တွေမှာ ပိုပြီးဆင်းရဲကြောင်း လေ့လာတွေ့ရှိရပါတယ်။ ပြည်နယ်မှာ ဆင်းရဲနွမ်းပါးမှု အမြင့်ဆုံးကတော့ ထုံးစံအတိုင်းပါပဲ။ (၇၃.၃) ရာခိုင်နှုန်းနဲ့ ချင်းပြည်နယ်က နံပါတ်(၁)မှာ ရှိပါတယ်။ အဲဒီရဲ့နောက်မှာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)က (၄၈.၄)ရာခိုင်နှုန်းနဲ့ ဒုတိယနေရာမှာ ရှိပါတယ်။ ဆက်လက်ပြီးတော့ ရခိုင်ပြည်နယ်က (၄၃.၅)ရာခိုင်နှုန်းနဲ့ တတိယနေရာမှာ ရှိပါတယ်။ ကျွန်တော်နေထိုင်တဲ့ ရှမ်းမြောက်ကတော့ (၃၇.၄)ရာခိုင်နှုန်းနဲ့ စတုတ္ထနေရာမှာ ချိတ်နေပါတယ်။ တိုင်းဒေသကြီးထဲက ဆင်းရဲနွမ်းပါးမှုအမြင့်ဆုံး ဖြစ်တဲ့ (၃၂.၆)ရာခိုင်နှုန်းရှိတဲ့ တနင်္သာရီနဲ့ (၃၂.၂)ရာခိုင်နှုန်းရှိတဲ့ ဧရာဝတီတိုင်းဒေသကြီးတို့ဟာ ပြည်နယ်မှာ ဆင်းရဲနွမ်းပါးမှု အမြင့်ဆုံးဖြစ်တဲ့ ခုနက Top One to Four ရဲ့ အောက်မှာပဲရှိတာကြောင့် ပြည်နယ်က ပို၍ ဆင်းရဲနွမ်းပါးမှုမြင့်မားကြောင်း သိသာထင်ရှားတဲ့ အညွှန်းကိန်းများ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြစိမ်းရောင်စီမံကိန်း ဆောင်ရွက်မည့် မြို့နယ်များစာရင်းချုပ်ကို လေ့လာကြည့်မယ်ဆိုရင် တိုင်းဒေသကြီးက မြို့နယ်ပေါင်း(၆၃)မြို့နယ်နဲ့ နေပြည်တော်ကောင်စီထဲက (၈)မြို့နယ်နဲ့ဆိုရင် (၇၁)မြို့နယ်ဟာ ဖွံ့ဖြိုးရေးရန်ပုံငွေ ရရှိပြီး ပြည်နယ်မှာ မြို့နယ်ပေါင်း(၅၅)မြို့နယ်နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသအတွင်းရှိ မြို့နယ်(၉)မြို့နယ်နဲ့ဆိုရင် (၆၄)မြို့နယ် ဖွံ့ဖြိုးရေးရန်ပုံငွေ ရရှိပါတယ်။ ကွာခြားချက်ကတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ကတော့ (၇)မြို့နယ် ကွာခြားချက် ရှိပါတယ်။ ဆင်းရဲနွမ်းပါးမှုနိမ့်တဲ့ တိုင်းဒေသကြီးက ဆင်းရဲနွမ်းပါးမှုမြင့်တဲ့ ပြည်နယ်ထက် ဖွံ့ဖြိုးရေးရန်ပုံငွေကို ပိုမိုရရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဆုံးအနေနဲ့ ဆင်းရဲနွမ်းပါးမှုအမြင့်ဆုံး နံပါတ်(၄)မှာရှိတဲ့ ရှမ်းမြောက်ထဲက လားရှိုးခရိုင်အကြောင်းကို အနည်းငယ် ဆွေးနွေးခွင့်ပြုပါ။ ကျွန်တော်တို့ လားရှိုးခရိုင်ဟာ မြို့နယ်ပေါင်း(၅)မြို့နယ်ရှိပါတယ်။ ၎င်းကတော့ တန့်ယန်း၊ မိုင်းရယ်၊ လားရှိုး၊ သိန္နီနဲ့ ကွန်လုံမြို့နယ်စသည်တို့ဖြစ်ပါတယ်။ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ ရရှိသွားတဲ့ မြို့နယ်ကတော့ မဟာကံထူးရှင် မိုင်းရယ်မြို့နယ်မှာရှိတဲ့ ကျေးရွာများဖြစ်ပါတယ်။ စာရင်းဇယားအရ ကျေးရွာပေါင်း(၂၉)ရွာ ရရှိတယ်လို့ သိရှိရပါတယ်။ ကျန်ရှိတဲ့ မြို့နယ်(၄)မြို့နယ်မှာ နေထိုင်ကြတဲ့ ရွာတွေက ဆင်းရဲနွမ်းပါးမှု မရှိလို့လားလို့ ပြည်သူတွေက မေးလာရင် ပြည်သူတွေရဲ့ ကိုယ်စားလှယ်ဖြစ်တဲ့ ကျွန်တော်က ပြန်လည်ဖြေရှင်းဖို့ ခက်ခဲပါတယ်။ ကျွန်တော် အကြံပြုဆွေးနွေးလိုတာတော့ မိုင်းရယ်မြို့နယ် တစ်မြို့နယ်ထဲမှာ ချပေးတဲ့ ကျေးရွာ(၂၉)ရွာကို ကျန်ရှိတဲ့ (၄)မြို့နယ်ထဲက ရွာတွေလည်း ရသင့်ရထိုက်တဲ့အကြောင်း ကျွန်တော် အကြံပြုဆွေးနွေးလိုပါတယ်။

သို့ဖြစ်ပါ၍ မြစိမ်းရောင်စီမံကိန်း ဆောင်ရွက်မည့် ကျေးရွာများစာရင်းကို မြို့နယ်တစ်ခုချင်းစီအလိုက် အခြေမခံဘဲ ဆင်းရဲနွမ်းပါးတဲ့ မြို့နယ်တိုင်းမှာရှိတဲ့ ကျေးရွာများကို စီမံကိန်းစာရင်း ထည့်သွင်းပေးနိုင်မည်ဆိုပါက ပို၍တရားမျှတပြီး ဆင်းရဲနွမ်းပါးကြတဲ့ ကျေးရွာတိုင်းလည်း အကျိုးခံစားခွင့် ထပ်တူရရှိနိုင်မည် ဖြစ်ပါသောကြောင့် ဦးဖိုးဇော် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) ၏ ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှုလျှော့ချရေး အစီအစဉ်အရ နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်စီမံကိန်း၌ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခွဲဝေချပေးထားသော ရန်ပုံငွေကို မျှတညီညွတ်စွာ ရရှိနိုင်ရေး ပြန်လည်စီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးရင်းနဲ့ နိဂုံးချုပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဦးဖိုးဇော် တင်သွင်းတဲ့ အဆိုနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေ ၁၃၉၊ နည်းဥပဒေခွဲ(င)အရ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က(၂၁)ရက်အတွင်း ပြန်လည်ဖြေရှင်း ဆွေးနွေးနိုင်တဲ့အတွက် (၂၁)ရက် စောင့်ဆိုင်းပြီးမှသာ အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ် ရယူမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ ဘန်ဒါဆရီဘီဂါဝန်မြို့တွင် ကျင်းပပြုလုပ်သော 6th AIPA Caucus အစည်းအဝေးသို့ တက်ရောက်ခဲ့သော အမျိုးသားလွှတ်တော် အပြည်ပြည်ဆိုင်ရာ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီ ခေါင်းဆောင်သော မြန်မာလွှတ်တော် ကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်ဆောင်ရွက်ချက် အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် အပြည်ပြည်ဆိုင်ရာ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီ ခေါင်းဆောင်တဲ့ မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ဘရူနိုင်းဒါရူဆလမ်

နိုင်ငံ၊ ဘန်ဒါဆရီဘီဂါဝန်မြို့တွင် ကျင်းပပြုလုပ်သော 6th AIPA Caucus အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ခရီးစဉ်ဆောင်ရွက်ချက် အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးခင်မောင်ရီ (ဥက္ကဋ္ဌ၊ အပြည်ပြည်ဆိုင်ရာ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥက္ကဋ္ဌကြီး၏ တာဝန်ပေးချက်အရ ပြည်ထောင်စုလွှတ်တော်ရဲ့ အာဆီယံပါလီမန်များဆိုင်ရာ ပူးပေါင်းကော်မတီရဲ့ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ရဲ့ အပြည်ပြည်ဆိုင်ရာ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ ဥက္ကဋ္ဌ ကျွန်တော့်အနေနဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ တာဝန်ယူပြီးတော့ ဘန်ဒါဆရီဘီဂါဝန်မြို့မှာ ကျင်းပခဲ့တဲ့ 6th AIPA Caucus အစည်းအဝေး တက်ရောက်ခဲ့တဲ့ အစီရင်ခံစာကို တင်သွင်းမှာ ဖြစ်ပါတယ်။ တင်သွင်းတဲ့နေရာမှာ အစ/အဆုံး ဖတ်ကြားခြင်း မပြုဘဲနဲ့ အချိန်ကို သက်သာသွားအောင် Power Point နဲ့ပဲ ပြမှာဖြစ်ပါတယ်။

ဒါကတော့ ကျွန်တော်တို့ 6th AIPA Caucus ကျင်းပတဲ့ရက် ဖြစ်ပါတယ်။ Caucus ကတော့ လာမယ့်ညီလာခံမှာ တင်မယ့် အစီအစဉ်တွေကို အတည်ပြုတဲ့ အစည်းအဝေးဖြစ်ပါတယ်။ ယနေ့အထိ (၆)ကြိမ် ကျင်းပခဲ့ဖူးပါတယ်။ ပထမ၊ ဒုတိယ၊ တတိယနဲ့ စတုတ္ထအကြိမ်များကိုတော့ မြန်မာနိုင်ငံက တက်ရောက်နိုင်ခဲ့ခြင်း မရှိဘဲနဲ့ ပဥ္စမအကြိမ် ဗီယက်နမ်၊ Da Latt မှာ ကျင်းပခဲ့တုန်းက ကျွန်တော် ခေါင်းဆောင်ပြီး လွှတ်တော်ကိုယ်စားလှယ်(၃)ဦး ပါဝင်တက်ခဲ့ပါတယ်။ ဒီနှစ်ကတော့ 6th AIPA Caucus ဖြစ်ပါတယ်။ ဒါကတော့ ဒီ အစီရင်ခံစာရဲ့ ခေါင်းစဉ်ပဲ ဖြစ်ပါတယ်။ အစည်းအဝေးဖိတ်ကြားတာကတော့ ဘရူနိုင်းနိုင်ငံရဲ့ လွှတ်တော်လို့ခေါ်ရမယ့် ဥပဒေပြုကောင်စီပေါ့၊ သူတို့က Legislative Council လို့ပဲ ခေါ်ပါတယ်။ အဲဒီကောင်စီဥက္ကဋ္ဌဖြစ်တဲ့ Pehin Dato ISA BIN IBRAHAM ကနေပြီးတော့ ပြည်ထောင်စုလွှတ်တော် နာယကထံကို MP (၃)ယောက်ပေါ့၊ လွှတ်တော်ကိုယ်စားလှယ် (၃)ယောက်နဲ့ အတွင်းရေးမှူး ဝန်ထမ်း(၁)ဦး လွှတ်ပေးဖို့ ဖိတ်ကြားပါတယ်။ ဒါပေမဲ့ အဲဒီအချိန်ဟာ ပြည်ထောင်စုလွှတ်တော် ကျင်းပနေတဲ့အချိန် ဖြစ်တဲ့အတွက်ကြောင့် ကိုယ်စားလှယ်များလည်းလွှတ်ဖို့ ခက်တာကတစ်ကြောင်း၊ ငွေကုန်ကြေးကျ များတာကတစ်ကြောင်း ကျွန်တော်တစ်ယောက်တည်းကို တာဝန်ပေးလိုက်ခြင်း ဖြစ်ပါတယ်။

တက်ရောက်ခဲ့တဲ့ ကိုယ်စားလှယ်အဖွဲ့ကတော့ ကျွန်တော်ကပဲ အဖွဲ့ခေါင်းဆောင်ရော အဖွဲ့ဝင်ရော တာဝန်ယူပြီးတော့ ပြည်ထောင်စုလွှတ်တော် နိုင်ငံတကာဆက်ဆံရေးရုံးက လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမင်းဦး ပါဝင်လိုက်ပါပေးခဲ့ပါတယ်။ ဒီအစည်းအဝေးကို မတက်ခင် ကျွန်တော်တို့ ကြိုတင်တောင်းထားတဲ့ အစီရင်ခံစာ(၅)မျိုး ရှိပါတယ်။ ဒါဒီမှာ ပြထားတဲ့အတိုင်းပါပဲ။ မနှစ်က ပြီးခဲ့တဲ့ (၃၄)ကြိမ်မြောက် အာဆီယံညီလာခံ ကနေပြီးတော့ AIPA ညီလာခံကနေ ဆုံးဖြတ်ခဲ့တဲ့ ဆုံးဖြတ်ချက်တွေကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်တဲ့ အခြေအနေ (Status of Implementation) ကို တင်ပြရန် ဖြစ်ပါတယ်။ သူကတော့ ဒါ အစီရင်ခံစာတစ်စောင်လို့ဆိုရင် အမှန်ကတော့ များပါတယ်။ (၅)ခုရှိပါတယ်။ နိုင်ငံရေးနဲ့ လုံခြုံရေးက တစ်ခု။ စီးပွားရေးက တစ်ခု၊ နောက် လူမှုရေးနဲ့ ယဉ်ကျေးမှု က (၂)ခု၊ WAIPA လို့ခေါ်တဲ့ အမျိုးသမီးအဖွဲ့က (၁)ခုဆိုတာ ကျွန်တော် ဒီမှာ(၅)စောင် ကြိုတင်ပြင်ဆင်သွားရပါတယ်။ နောက်တစ်ခုကတော့ ပညာရေးနဲ့ ပတ်သက်တဲ့ အာဆီယံနိုင်ငံများနဲ့ ပူးပေါင်းဆောင်ရွက်နိုင်တဲ့ နိုင်ငံဆိုင်ရာ အစီရင်ခံစာ (Country Report) တစ်ခု ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ဒီဟာ

အိမ်ရှင်ဖြစ်တဲ့နိုင်ငံက တင်သွင်းခွင့်ရှိတဲ့ ခေါင်းစဉ်တစ်ရပ် ဖြစ်ပါတယ်။ အာဆီယံနိုင်ငံများအကြား ပညာရေးပူးပေါင်းဆောင်ရွက်မှုအပေါ် လိုက်လျောညီထွေရှိစေမယ့် ဥပဒေပြုရေးနဲ့ စပ်လျဉ်းတဲ့ အကြံပြုချက်အကျဉ်း ဆိုပြီး ဒီလို တောင်းပါတယ်။ ကျွန်တော်တို့က ဒီကနေ လွှတ်တော်ရုံးကတစ်ဆင့် အစိုးရအဖွဲ့ရုံးကို တင်ပြီးတော့ ကျွန်တော် ဝန်ကြီးဌာနသီးသီးတွေက လုပ်နေတဲ့ အစီအစဉ်တွေကို တောင်းပြီးမှ အစီရင်ခံစာ ရေးသွားရတာ ဖြစ်ပါတယ်။

အစည်းအဝေးတက်ခဲ့တဲ့ ရည်ရွယ်ချက်ကတော့ အားလုံးပေါင်း(၄)ခု ရှိပါတယ်။ ဒီမှာ ပထမကတော့ AIPA မှာ Terms of Reference ဆိုတာ ရှိပါတယ်။ ကျင့်ထုံးပေ့ါ၊ အဲဒါအရ ကျွန်တော် ဒီအာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးဟာ တူညီတဲ့ရည်မှန်းချက် လုပ်ငန်းနယ်ပယ်တွေအတွက် ဥပဒေပြုစုရာမှာ လိုက်လျောညီထွေရှိရေးအတွက် အကြံပြုချက်များ ထောက်ခံတင်ပြနိုင်ရန်ဆိုတဲ့ အချက်ဖြစ်ပါတယ်။ ဒါ ဘယ်မှာ တင်ရမှာလဲဆိုတော့ လာမယ့် စက်တင်ဘာလမှာကျင်းပမယ့် Laos P.D.R မှာ ကျင်းပမယ့် (၃၅)ကြိမ်မြောက်အထွေထွေညီလာခံမှာ တင်ရမှာ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ အိမ်ရှင်နိုင်ငံရဲ့ တင်ပြချက်ဖြစ်ပါတယ်။ AIPA အထွေထွေညီလာခံဆုံးဖြတ်ချက်များတွင် ဦးစားပေးကဏ္ဍအဖြစ် ဆုံးဖြတ်ချက် ချထားပြီးဖြစ်သော လုပ်ငန်းနယ်ပယ်များအနက် အိမ်ရှင်ဖြစ်သော ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ ဥပဒေပြုကောင်စီလွှတ်တော်က တင်သွင်းသည့် (Cooperation in Higher Education and Technical and Vocational Education among ASEAN Countries ခေါင်းစဉ်ကို ဆွေးနွေးအကြံပြုရန် ဖြစ်ပါတယ်။

တတိယအချက်ကတော့ အာဆီယံအသိုက်အဝန်းများရဲ့ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးအကြံပြုရန် ဖြစ်ပါတယ်။ (၄) ကတော့ AIPA အဖွဲ့ဝင်နိုင်ငံများ လွှတ်တော်များအကြားမှာ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက်ခိုင်မာစေရန်ဆိုတဲ့ အချက်ဖြစ်ပါတယ်။ ဒီအစည်းအဝေးကို တက်ရောက်ခဲ့တဲ့ နိုင်ငံတကာ ကိုယ်စားလှယ်တွေကတော့ AIPA အဖွဲ့ဝင်နိုင်ငံတွေဖြစ်တဲ့ လွှတ်တော်များ၊ မြန်မာလွှတ်တော် အပါအဝင် လွှတ်တော်များက ကိုယ်စားလှယ်တွေ ဖြစ်ပါတယ်။ ကိုယ်စားလှယ်က ကျွန်တော်တို့ မြန်မာနိုင်ငံ၊ လာအိုနိုင်ငံနဲ့ စင်ကာပူနိုင်ငံကတော့ (၁)ဦးစီ စေလွှတ်ပြီးတော့ ဖိလစ်ပိုင်နဲ့ ဗီယက်နမ်ကတော့ (၂)ဦးစီ စေလွှတ်ပါတယ်။ ကျန်(၄)နိုင်ငံ ကတော့ (၃)ဦးစီ အပြည့်လွှတ်နိုင်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ ထိုင်းနိုင်ငံကတော့ ပါလီမန်ဖျက်သိမ်းထားတဲ့အတွက်ကြောင့် သူ့ဘက်က တက်ရောက်နိုင်ခြင်း မရှိပါဘူး။

နောက် AIPA အထွေထွေအတွင်းရေးမှူးချုပ်ရုံးက အတွင်းရေးမှူးချုပ်ကိုယ်တိုင်ခေါင်းဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့တက်ပါတယ်။ နောက် ဟိုဘက်က အုပ်ချုပ်ရေးဘက်က အာဆီယံအတွင်းရေးမှူးချုပ်ရုံးက ကိုယ်စားလှယ်အဖွဲ့လည်း တက်ပါတယ်။ ဒါကြောင့်မို့လို့ (၅၃)ဦး တက်ရောက်ခဲ့ပါတယ်။ ထိုင်းနိုင်ငံ၊ လက်ရှိအစိုးရ ဆီကနေပြီးတော့ ပါလီမန်အဖွဲ့ မတက်ရောက်နိုင်ခြင်းအတွက် သူတို့က သဝဏ်လွှာလေး ပေးပို့လာတာကို အသိအမှတ်ပြုပါတယ်။ အစည်းအဝေးကျင်းပတဲ့နေ့၊ အစည်းအဝေးကတော့ (၂)ရက်တည်း ကျင်းပတာဖြစ်တဲ့အတွက်ကြောင့် တော်တော်လေးတော့ အစီအစဉ်က ပြင်းထန်ပါတယ်။

ပထမနေ့ဖြစ်တဲ့ ဇွန်လ ၁၈ ရက်နေ့ မနက်ပိုင်းမှာ ကျွန်တော်တို့ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်(၉)နိုင်ငံ ခေါင်းဆောင်တွေကနေပြီးတော့ ဘရူနိုင်းဥပဒေပြုကောင်စီ လွှတ်တော်ဥက္ကဋ္ဌ

ကနေ ပြီးတော့မှ Pehin Dato ISA BIN IBRAHAM ကို Courtesy Call ပေါ့၊ သွားရောက်တွေ့ဆုံ နှုတ်ဆက်ရပါတယ်။ ကျွန်တော်တို့ လက်ဆောင်လဲလှယ်တာတွေ လုပ်ပါတယ်။ ပြီးတော့မှ ဒီ အခမ်းအနား ကို လွှတ်တော်ဥက္ကဋ္ဌကိုယ်တိုင် ဖွင့်လှစ်ပေးပါတယ်။ ပြီးတော့မှ ဒီ Caucus ကို ဦးဆောင်ကျင်းပမယ့် သဘာပတိအဖြစ်နဲ့ ဥပဒေကောင်စီရဲ့ ရေးရာဥက္ကဋ္ဌအဆင့်လောက်ရှိတဲ့ Mohamed Moshidibin Haji Awan Dato Abdul Rahman ကို အများသဘောတူ ရွေးချယ်တင်မြှောက်ပါတယ်။ ဒုတိယဥက္ကဋ္ဌ အဖြစ် လာမယ့်နှစ်မှာ Caucus ကို လက်ခံကျင်းပရမယ့် အိမ်ရှင်နိုင်ငံဖြစ်တဲ့ ကမ္ဘောဒီယားနိုင်ငံက Mr. Nhem Thavy ကို Terms of Reference အရ လုပ်ထုံးလုပ်နည်းအရ ရွေးချယ်ရပါတယ်။ ဒီမှာ အတွင်းရေးမှူး အဖြစ်နဲ့က ကျွန်တော်တို့က AIPA အတွင်းရေးမှူးချုပ်ရုံးကနေပြီးတော့မှ Education and Publicity Director ဖြစ်တဲ့ Ms. Ria Rumata Aritonang ဆိုတာက အင်ဒိုနီးရှား အမျိုးသမီးပါ။ သူ့ကို ရွေးချယ်ပါတယ်။ ပြီးတော့မှ လုပ်တဲ့ အစီအစဥ်ကတော့ Caucus ဥက္ကဋ္ဌကစပြီး မိတ်ဆက် ပါတယ်။ ပြီးတော့ ထိုင်းနိုင်ငံက ပေးပို့တဲ့ သဝဏ်လွှာကို ဖတ်ကြားပြီး အတည်ပြုပါတယ်။ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်တွေက တစ်ဦးချင်း မိတ်ဆက်စကား ပြောကြားပေးရပါတယ်။ ပြီးတော့မှ အစည်းအဝေး အစီအစဥ် ချမှတ်ပြီး အစီအစဥ်ကို အတည်ပြုပါတယ်။ လုပ်ငန်းအဖွဲ့အဖြစ်နဲ့ ဆွေးနွေးမယ့် လုပ်ငန်းအဖွဲ့ အဖြစ်နဲ့ ဒီဥပဒေပြုကောင်စီဝင် ဖြစ်တဲ့ Haji Zulkipli Abdul Hamid ကို ရွေးချယ်တင်မြှောက်ပါတယ်။

နောက်ပြီးတော့မှ အာဆီယံပါလီမန်များရဲ့ (၃၄)ကြိမ်မြောက်အထွေထွေညီလာခံ ဆုံးဖြတ်ချက် များနဲ့ အကောင်အထည်ဖော်နိုင်ခဲ့တဲ့ Status of Implementation နဲ့ ပတ်သက်ပြီးတော့ နိုင်ငံ(၉) နိုင်ငံရဲ့ သုံးသပ်ချက်များကို ဖတ်ကြားပြီး အတည်ပြုပါတယ်။

ညနေပိုင်းဖြစ်ပါတယ်။ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ ပညာရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီး အဆင့်ရှိတဲ့ Dr. Chin Wei Keh ကနေပြီးတော့ လုပ်ငန်းအဖွဲ့ရဲ့ အတွင်းရေးမှူးအဖြစ် သူ့ကို ဆောင်ရွက် ဖို့ ရွေးချယ်တာဝန်ပေးပါတယ်။ နောက် AIPA အဖွဲ့ဝင်နိုင်ငံများက အဆင့်မြင့်ပညာရေးပေါ့၊ Higher Education သူတို့ အတိုကောက်တော့ H.E ပေါ့။ နောက် နည်းပညာနဲ့ အသက်မွေးဝမ်းကျောင်းပညာ သင်တန်းများ (Technical and Vocational Education and Training -TVET) ကျွန်တော်တို့ နိုင်ငံလည်း TVET လို့ သုံးပါတယ်။ အာဆီယံ စံ ဖြစ်ပါတယ်။ TVET နဲ့ စပ်လျဥ်းပြီးတော့ ပူးပေါင်း ဆောင်ရွက်နိုင်မယ့် အခြေအနေကို လုပ်ငန်းအဖွဲ့ရဲ့ အတွင်းရေးမှူးဖြစ်တဲ့ Dr. Chin Wei Keh ကနေ ရှင်းလင်းတင်ပြပါတယ်။ ဒါကတော့ သူတို့က ရည်ရွယ်ချက် ရှိပါတယ်။ ဘရူးနိုင်းနိုင်ငံက ၈၄ ခုနှစ်မှာ လွတ်လပ်ရေးရတာဆိုတော့ ၈၅ ခုနှစ်မှာ တက္ကသိုလ် စထောင်ပါတယ်။ တက္ကသိုလ်တွေရဲ့ အဆင့်အတန်း ကို မြင့်တင်ဖို့အတွက် သူက သူ့နိုင်ငံရဲ့ Capacity ကို တင်နိုင်ဖို့အတွက် အာဆီယံနယ်ပယ်ထဲမှာ သူက ပေါက်ပေါက်မြောက်မြောက်ဖြစ်အောင် သူလုပ်တဲ့ အစီအစဥ်တစ်ခု ဖြစ်ပါတယ်။

အာဆီယံနိုင်ငံများကြားမှာ ပညာသင်ကြားရေးကိစ္စမှာ စည်းလုံးစွာ ပူးပေါင်းဆောင်ရွက် နိုင်မှုနဲ့ စပ်လျဥ်းပြီးတော့ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးက Ms. Leena Ghosh အိန္ဒိယက ဖြစ်ပါတယ်။ သူက ရှင်းလင်းပါတယ်။ နောက်ပြီးတော့မှ တက်ရောက်လာတဲ့ ကိုယ်စားလှယ်အဖွဲ့တွေက တစ်နိုင်ငံချင်းစီက တင်ပြချက်များကို ဆွေးနွေးညှိနှိုင်းကြပြီး အတည်ပြုပါတယ်။ ဒုတိယနေ့ ဖြစ်ပါတယ်။ ဒုတိယနေ့မှာတော့ Caucus ရဲ့အစီရင်ခံစာ AIPA Caucus က ဆုံးဖြတ်ပြီးတော့ ညီလာခံတင်မယ့် အစီရင်ခံစာကို ဥပဒေပြုကောင်စီဝင် ဖြစ်တဲ့ သဘာပတိ Moshidibin Awan Dato Abdul Rahman

က တစ်ပိုဒ်ချင်း တင်ပြပြီး ကျွန်တော်တို့ စိတ်ကြိုက် ဒါကို ပြင်ဆင်ခွင့်ရပါတယ်။ သဒ္ဒါအရ၊ အင်္ဂလိပ်စာအရ၊ အဆင့်အတန်းအရ နောက်ပြီးတော့ နိုင်ငံက တင်ပြချက်အရ မှားယွင်းတာတွေ၊ ဖြည့်စွက်တာတွေ အကုန်လုံးတည်းဖြတ်ပြီးတော့ TV ပေါ်မှာပဲ ပြင်ပြီးတော့ ပြင်ဆင်ကြပါတယ်။ အဲဒါပြီးတာနဲ့ တစ်ဆက်တည်းမှာပဲ ပိတ်ပွဲအစီအစဉ် ကျင်းပပါတယ်။ ပိတ်ပွဲအစီအစဉ်ဟာ (၁၀)နာရီမှာ စပါတယ်။ မှားသွားပါတယ်။ (၁၂)ဖြစ်နေတယ်။ (၁၀)နာရီမှာ စပါတယ်။

ပထမအစီအစဉ်ကတော့ AIPA Caucus ရဲ့ ကမ္ဘောဒီးယားနိုင်ငံမှာ ၂၀၁၅ ဇူလိုင်လမှာ ကျင်းပရန် ဆိုပြီး အတည်ပြုချက် ချမှတ်လိုက်ပါတယ်။ အတည်ပြုချက်ချမှတ်ပြီးကာမှ အစည်းအဝေးပြီးမှ အစ္စလာမ်နိုင်ငံ(၃)နိုင်ငံဖြစ်တဲ့ ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှားနဲ့ စင်ကာပူ ကိုယ်စားလှယ်ကလည်း အစ္စလာမ်မစ် ဆိုတဲ့အခါကျတော့ သူတို့က လာပြီးတောင်းပန်တယ်။ အဲဒီလက သူတို့ Ramadam ဖြစ်တယ်။ အစ္စလာမ်တွေရဲ့ ဝါဝင်ဖြစ်တဲ့အတွက်ကြောင့် အဲဒီလမှာ အစည်းအဝေးလုပ်ခဲ့ရင် တစ်နေ့လုံး ထမင်းစားရမှာ မဟုတ်ဘူး။ ရေလည်း မသောက်ရဘူး ဆိုတော့ အဲဒါလေးကိုတော့ လွှဲအောင်လုပ်ပေးပါလို့ တောင်းပန်တဲ့အတွက်ကြောင့် ကမ္ဘောဒီးယားကလည်း သူ့နိုင်ငံကို ပြန်တင်ပြပြီးမှ ဖိတ်မှာဖြစ်ပါတယ်။ ဒါကတော့ ၂၀၁၅ အတွက်ပါ။

နောက် 7th AIPA Caucus ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမယ့် ကမ္ဘောဒီးယားကိုယ်စားလှယ်ဖြစ်တဲ့ လွှတ်တော်ရေးရာဥက္ကဋ္ဌ Hon: Mr. Nhem Thavy က အမှာစကား ပြောကြားပြီးတော့ နှုတ်ဆက်ပါတယ်။ ပြီးတော့မှ ကျွန်တော်တို့ အစည်းအဝေး ဆုံးဖြတ်ချက်တွေကို လာတဲ့ AIPA အဖွဲ့ကို လွှတ်တော်ကိုယ်စားလှယ်တွေက အတည်ပြုလက်မှတ်ရေးထိုးရပါတယ်။ ပြီးတော့မှ နှုတ်ခွန်းဆက်စကား ပြောကြားပြီး ပိတ်သိမ်းပါတယ်။ ဒီမှာ နေ့လယ်မှာ နားလို့မရပါဘူး။ အဲဒီနေ့မှာ ဘန်ဒါဆရီဘီဂါဝန် ရဲ့ University of Brunei Darussalam - UBD နဲ့ ITB ကို လေ့လာရေး သွားရပါတယ်။ မသွားမနေ သွားရတာ ဖြစ်ပါတယ်။ ဒီ University ဟာ သူတို့ ၈၄ ခုနှစ်မှာ လွတ်လပ်ရေး ရပြီးတော့ ၈၅ ခုနှစ်မှာ စတင်တည်ထောင်ပါတယ်။ တည်ထောင်ကာစတုန်းက ကျောင်းသား(၁၇၆)ယောက်နဲ့ လက်ခံခဲ့တာ ဖြစ်ပါတယ်။ ပိုက်ဆံချမ်းသာတဲ့ နိုင်ငံ ဆိုတဲ့အခါကျတော့ ဖြစ်တဲ့အတွက် ချက်ချင်း နေ့ချင်းညချင်း သူတို့က လိုချင်တဲ့ Factility အကုန်ဖြည့်နိုင်ပါတယ်။ သူတို့မှာတော့ သူတို့ရဲ့ တန်ဖိုးထားမှု Value က (၄)ခု ပါပဲ လူပုဂ္ဂိုလ်ပေါ့၊ ကျွမ်းကျင်မှု၊ ဆက်စပ်လျော်ကန်မှုနဲ့ ခေါင်းဆောင်မှုဆိုတဲ့ ဒီ(၄)ခုနဲ့ သူတို့က သတ်မှတ်ထားပါတယ်။

ဒီနေ့ ကျွန်တော် သွားလေ့လာတဲ့အခါမှာ Master ဘွဲ့ပေးနေပါပြီ။ Master ဆိုတာကတော့ Art and Science ပေါ့။ အသက်မွေးဝမ်းကျောင်းပညာတော့ ပါတယ်။ ဒါပေမဲ့ ဆေးနဲ့ အင်ဂျင်နီယာ မပါပါဘူးခင်ဗျ။ အဲဒီဟာမှာ သင်တန်း(၈)ခု ရှိပါတယ်။ သုတေသနလုပ်ငန်း(၉)ခု ရှိတယ်။ Service Centre (၆)ခု ရှိပါတယ်။ စီးပွားရေး၊ အနုပညာ၊ သိပ္ပံပညာ၊ ကျန်းမာရေးသိပ္ပံ၊ အာရှသင်ကြားရေး မူဝါဒဆိုင်ရာ သင်ကြားရေး၊ နောက်ပြီးတော့ ပညာရေး၊ ဇီဝမျိုးကွဲဆိုင်ရာနှင့် နည်းပညာ ပေါင်းစပ်ဆောင်ရွက်ရေး ဘာသာရပ်များ ပို့ချပါတယ်။ ထူးခြားချက်ကတော့ ဆေးပညာသိပ္ပံဆိုတာ Medical Science လို့ ခေါ်ပါတယ်။ အဲဒီကတော့ ပေးတဲ့ဘွဲ့က Tertiary ပဲ ရှိပါသေးတယ်။ ပထမဘွဲ့ပဲ ပေးပါသေးတယ်။ ပထမဘွဲ့ဆိုတာ (၄)နှစ်သင်တန်းပေါ့။ အဓိက ဘယ်အဆင့်ပေးလဲဆိုတော့ HA ကျွန်တော်တို့ ဆီက ကျန်းမာရေးမှူးအဆင့်နဲ့ Senior Nurse, Staff Nurse ကျွမ်းကျင်ဆရာမကြီးအဆင့် ပေးနိုင်ပါတယ်။ ဆရာဝန်ဘွဲ့ မရှိပါဘူး။ ဒီကနေ အောင်တဲ့လူတွေကို သူတို့က အင်တာဗျူးလုပ်ပြီး ရမှတ်နဲ့

အင်တာဗျူးအရ ဘုရင့်ရန်ပုံငွေနဲ့ အင်္ဂလန်နဲ့ အခြားဆက်စပ်တက္ကသိုလ်များကို စေလွှတ်ပြီးတော့ M.B.B.S ဘွဲ့အတွက် လိုက်စားစေပါတယ်။ U.S ဆိုရင်တော့ MD ပေါ့။ Doctor of Medicine သူတို့ ပေးပါတယ်။

ဒါကြောင့် သူတို့က ပထမအခြေခံဘွဲ့ကို မဖြစ်မနေ တက်ပြီးမှ သူက ဆရာဝန် ဖြစ်မယ့်စနစ် ဖြစ်ပါတယ်။ ခုတော့ UBD ဟာ နိုင်ငံပေါင်း(၁၇)နိုင်ငံ၊ US ပါပါတယ်။ UK ပါပါတယ်။ အဲဒီနိုင်ငံမျိုးနဲ့ တက္ကသိုလ်(၆၈)ခုနဲ့ ချိတ်ဆက်ပြီးတော့ Internship Program တို့ ကျွန်တော်တို့ Student Exchange Program တို့ လုပ်နေတာ တွေ့ရပါတယ်။ အာဆီယံနိုင်ငံထဲကဆိုရင် အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်နဲ့ ဖိလစ်ပိုင် ပါဝင်ကြောင်း ကျွန်တော်တို့ သတိထားမိခဲ့ပါတယ်။ ခရီးစဉ်မှာ အဓိကဖြစ်တဲ့ သုံးသပ်အကြံပြုချက်အပိုင်း ဖြစ်ပါတယ်။ ဘရူနိုင်းဒါရူဆလမ်နိုင်ငံဟာ ၈၄ ခုနှစ်က အင်္ဂလိပ်ကိုလိုနီ အဖြစ်က လွတ်လပ်လာတဲ့ စူလတန်ဘုရင် အုပ်ချုပ်တဲ့နိုင်ငံ Sultanate ဖြစ်ပါတယ်။ Kingdom တော့ မဟုတ်ဘူး။ သူကတော့ Kingdom လို့သုံးတယ်။ အမှန်ကတော့ Sultanate အဆင့်ပဲ ရှိပါတယ်။ ၈၄ ခုနှစ်မှာ သူက အဲဒီ လွတ်လပ်ရေး ရတဲ့နှစ်မှာပဲ အာဆီယံအသင်းရဲ့ ဆဋ္ဌမမြောက်အသင်းဝင် ဖြစ်လာပါတယ်။ ပထမ(၅)ခုကတော့ စတင်တည်ထောင်တဲ့ Founding Father လို့ ခေါ်တဲ့ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနဲ့ ထိုင်းက စတင်တည်ထောင်တဲ့ (၅)နိုင်ငံဖြစ်ပြီးတော့ သူက ဆဋ္ဌမ ဖြစ်ပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့ CLMV လို့ Cambodia, Laos, Myanmar, Vietnam မဝင် ရသေးပါဘူး။

နောက်ပြီးတော့ ဘရူနိုင်းလွှတ်တော်ဟာ အခြေခံဥပဒေပြဋ္ဌာန်းချက်အရ လွှတ်တော်ဥပဒေရှိပါတယ်။ Legislative Council လို့ခေါ်ပြီးတော့ အခြေခံဥပဒေအရ (၄၅)ဦးထက်မပိုသော လွှတ်တော်အမတ်များကို ဘုရင်က ရွေးချယ်ခန့်ထားရပါတယ်။ ခရိုင်(၄)ခု ရှိပါတယ်။ ခရိုင်(၄)ခုက ကိုယ်စားလှယ်အမတ်များကို ရွေးချယ်တင်မြှောက်ခွင့် ပြဋ္ဌာန်းထားပါတယ်။ ယနေ့ထိအောင်တော့ တစ်ခါမှ မတင်မြှောက်ရပါဘူး။ လက်ရှိအချိန်မှာ (၃၃)ဦးလုံးကို ဘုရင်က ခန့်ထားပါတယ်။ တစ်ဝက်ကတော့ ဘုရင့်ဆွေးတော်မျိုးတော်တွေ ဖြစ်ပါတယ်။ မှူးကြီး မတ်ရာ သေနာပတိ ဆိုတဲ့ မဟာရာရ်ဂျာတို့၊ ဒီရာရ်ဂျာတို့ ဘွဲ့ခံပုဂ္ဂိုလ်ကြီးများ ဖြစ်ပါတယ်။ အနောက်တိုင်းနိုင်ငံတွေက အမြဲတမ်းပြောတဲ့ ဒီမိုကရေစီစံနှုန်းနဲ့ နှိုင်းယှဉ်မယ် ဆိုရင်တော့ Non-Elected Legislative Council ရွေးချယ်တင်မြှောက်ခြင်းမခံရသော တိုက်ရိုက်ခန့်ထားတဲ့ လွှတ်တော်ဖြစ်တယ်ဆိုတာ သွားသတိထားမိမှာ ဖြစ်ပါတယ်။ ဒါ ပထမသုံးသပ်ချက် ဖြစ်ပါတယ်။

ဒုတိယ သုံးသပ်ချက်က ၂၀၁၃ ခုနှစ် ပြီးခဲ့တဲ့နှစ်က အောက်တိုဘာ ၂၂ ရက်နေ့မှာ အစ္စလာမ်ကိုရမ်ကျမ်းနဲ့ ကျမ်းပါ အဆိုမိန့်နဲ့အုပ်ချုပ်မယ် Shariah Penal Code ၂၀၁၃ ဆိုတာကို ပြဋ္ဌာန်းလိုက်ပါတယ်။ Shariah ရာဇသတ် လို့ ခေါ်တာပါ။ ဒါဟာ စပြဋ္ဌာန်းတဲ့နှစ်ကစပြီး (၆)လမှာ အာဏာတည်ရမယ်ဆိုတဲ့ အခါကျတော့ ဒီနှစ် ဧပြီ ၂၂ ရက်နေ့မှာ သူက အာဏာတည်ခဲ့ပြီ ဖြစ်ပါတယ်။ အဲဒီ (၆)လအတွင်းမှာ ဘာလုပ်သလဲဆိုတော့ သူက ဒီဥပဒေနဲ့ပတ်သက်ပြီးတော့ လိုက်ပြီးတော့ ရှင်းတယ်။ သံရုံးတွေကို အဓိကထား ရှင်းပါတယ်။ သူ့နိုင်ငံသားကတော့ အမိန့်ထုတ်ရင် နာခံရမှာပေါ့။ သံရုံးတွေကို ပညာပေးကာလအဖြစ်နဲ့ လိုက်ရှင်းပါတယ်။ နိုင်ငံထဲမှာ ဖြစ်ပွားတဲ့ပြစ်မှုအားလုံး အကျုံးဝင်ပါတယ်။ ဆိုးတာက နိုင်ငံသားဖြစ်စေ၊ နိုင်ငံသားမဟုတ်သည်ဖြစ်စေ မွတ်ဆလင် တစ်နည်းအားဖြင့် အစ္စလာမ်ဘာသာဝင် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ဗုဒ္ဓဘာသာရော၊ ခရစ်ယာန်ရောမရွေး ဒီဥပဒေနဲ့ ပြစ်မှုကို သူတို့ရဲ့ ကိုရမ်အဆိုအမိန့်အရ တစ်ပြေးညီ အမိန့်ချမှတ်မယ်လို့ ဒီလိုဆိုပါတယ်။ Citizen

သူ့နိုင်ငံသားနဲ့ PR လို့ခေါ်တဲ့ အမြဲတမ်းနေထိုင်ခွင့် ရထားတဲ့ပုဂ္ဂိုလ်ကတော့ ဘရူနိုင်းမှာမလုပ်ဘဲ တခြား နိုင်ငံမှာ သွားလုပ်ရင်လည်း ပြန်ဖမ်းပြီးတော့ အဲဒါနဲ့ပဲ စီရင်မယ်လို့ ဆိုပါတယ်။ နိုင်ငံသားမဟုတ်တဲ့ တစ်နည်းအားဖြင့် အစ္စလာမ်ဘာသာဝင် မွတ်ဆလင်မဟုတ်သူများကိုပါ အစ္စလာမ်မစ်ဘာသာရေးဥပဒေနဲ့ အရေးယူမယ်ဆိုရင်တော့ နိုင်ငံတကာစံနှုန်းနဲ့ မညီဘူးဆိုတာတော့ အားလုံး သတိထားမိမှာ ဖြစ်ပါတယ်။

အဲဒီအပြင် ခိုးမှုအတွက်ဆိုရင် လက်ဖြတ်မယ်၊ လက်ကောက်ဝတ်က ဖြတ်ရပါတယ်။ ညာဘက် လက်ကောက်ဝတ်က တုံးပေါ်တင်ပြီး ဓားနဲ့ဖြတ်တာပါတယ်။ နောက် လုယက်တဲ့ အကြမ်းဖက် လုယက်မှု ဆိုရင် Cross Cutting ပေါ့၊ ညာလက် ဘယ်ခြေဆစ် ညာတစ်ဖက် ဘယ်တစ်ဖက် လုပ်စားလို့ မရအောင် ဖြတ်တာပေါ့။ နောက် ကြိမ်ဒဏ် ကြိမ်ဒဏ်က အနိမ့်ဆုံး အချက်(၂၀)ကနေ (၁၀၀)ထိ ရှိတယ်။ (၁၀၀) ဆိုရင် သေလုမြောပါးပါပဲ။ နောက် ခေါင်းဖြတ်သတ်တယ်။ နိုင်ငံတော်သစ္စာဖောက်မှုနဲ့ အစ္စလာမ် ဘာသာရေးအပေါ်မှာ ပြစ်မှားစော်ကားတဲ့အပြစ်ဆိုရင် ဈေးရင်ပြင်မှာ ခေါင်းဖြတ်သတ်ရမှာ ဖြစ်ပါတယ်။ ကျောက်တုံးနဲ့ ပစ်ပေါက်သတ်တယ်ဆိုတာ ဒါတော့ တော်တော်ဆိုးတဲ့ကိစ္စ ဖြစ်တယ်။ ပါကစ္စတန်မှာတောင် တစ်လောကဖြစ်သွားပါတယ်။ အိမ်ထောင်ရေး ဖောက်ပြန်တဲ့ကိစ္စဆိုရင် အများအားဖြင့် အမျိုးသမီးတွေ ကိုပဲ ဒဏ်ပေးလေ့ ရှိပါတယ်။ ဈေးရင်ပြင်မှာ တိုင်တစ်တိုင် စိုက်ပေးတယ်။ သံကွင်းနဲ့ ချိတ်ပြီးတော့ ရှေ့မှာ ကျောက်တုံး ပုံပေးထားတယ်။ သွားလာသူ အကုန်လုံးက တံတွေးနဲ့ထွေးပြီး ရွံ့ရှာစွာ ကျောက်တုံးနဲ့ ပစ်ပေါက်ပြီးတော့ (၃)ရက်လောက် အပြင်းအထန်ခံစားပြီးမှ သေရတဲ့ဟာတွေ ကျွန်တော်တို့ ဒါ ဖတ်ထား ဖူးပါတယ်။ ဒီလို ကျင့်သုံးတော့မှာ ဖြစ်ပါတယ်။ ဒီလိုဈေးရင်ပြင် လူမြင်ကွင်းမှာ ဓားနဲ့ဖြတ်တာ၊ ခေါင်းဖြတ်တာတွေဟာ ယဉ်ကျေးမှုနဲ့လည်းမညီသလို လူ့အခွင့်အရေးစံနှုန်းတွေနဲ့လည်း ဆန့်ကျင်နေတဲ့ ဆိုတယ်ဆိုတာ တွေ့ရမှာဖြစ်ပါတယ်။

ဘယ်ထိအောင် ဆိုးလဲဆိုတော့ Body Claim အလောင်းပြန်တောင်းခွင့် မရှိဘူး။ ဥပမာ - ဗုဒ္ဓဘာသာဆို ပြန်ယူပြီး ကျွန်တော်တို့ သရဏဂုံ တင်ချင်မှာပေါ့။ ခရစ်ယာန် ဆိုလည်း သူ့တို့ဟာ သူတို့ သူ့နည်းသူ့ဟန်နဲ့ မြုပ်ချင်မှာပေါ့။ မရပါဘူး။ အလောင်းတောင် ပြန်မရပါဘူး။ အဲဒီအချိန်မှာ USA နဲ့ UK သံအမတ်တွေကတော့ နှုတ်ဆိတ်နေတယ်လို့ ကျွန်တော်တို့ မြန်မာသံအမတ်ကြီးက ပြောပါတယ်။ ဩစတြေးလျသံအမတ်ကတော့ နည်းနည်း ပြောချင် ဆိုချင် ရှိတယ်။ ဒီလိုရှိပါတယ်။ မြန်မာနိုင်ငံကတော့ အဲဒီမှာ နိုင်ငံသား(၅၀၀)လောက် ရှိပါတယ်။ (၅၀၀) မပြည့်တပြည့်လောက်ရှိတယ်။ သံရုံးမှတ်တမ်းအရ၊ ကျွန်တော်တို့ ဘာများလဲဆိုတော့ ဆရာဝန်များပါ ဆရာဝန်တင် (၇၀)လောက်ရှိတယ်။ အထက်တန်း သူနာပြုကြီးတွေ ရှိတယ်။ အင်ဂျင်နီယာတွေ ရှိတယ်။ ကျွမ်းကျင်သူ ဝန်ထမ်းတွေ ရှိတယ်။ သူတို့ရဲ့ မှီခိုမိသားစုကတော့ (၁၀၀)ကျော်ကျော်လောက် ဖြစ်ပါလိမ့်တယ်။ ကျန်တာကတော့ အဲဒီအိမ်တွေမှာ လုပ်တဲ့ အိမ်အကူတို့၊ နောက်ပြီးတော့ ဟိုတယ်တို့၊ ဆောက်လုပ်ရေးတို့၊ ဆေးရုံတို့ လုပ်ငန်းခွင်တွေမှာ ထမ်းဆောင်တဲ့ ဝန်ထမ်းငယ်တွေ ရှိပါတယ်။ အဲဒီတော့ ဒီလိုဟာမျိုးနဲ့ ကျင့်သုံးတဲ့နိုင်ငံမျိုးကို ကျွန်တော်တို့ နိုင်ငံက ရွှေ့ပြောင်းလုပ်သား(Migrant Worker) လွှတ်မယ်ဆိုရင် အလေးအနက် စဥ်းစားရမယ့်သဘော ရှိတယ်လို့ ကျွန်တော်တို့ မြင်ပါတယ်။

ဘာကြောင့်လဲဆိုတော့ ဒီလိုဥပဒေမျိုးနဲ့ စီရင်ခံရရင် ကိုယ့်နိုင်ငံသားလည်း အင်မတန်နစ်နာ ပါတယ်။ ကျွန်တော်တို့က (၅၀၀)ဆိုပေမယ့် ဖိလစ်ပိုင်က (၅၀၀၀၀) ရှိပါတယ်။ အဲဒီ (၅၀၀၀၀)က အပျို/ လူပျိုငယ်ငယ်လေးတွေပါပြီး သူတို့ရဲ့ ဝတ်စားဆင်ယင်မှုက လွတ်လွတ်လပ်လပ် ဝတ်ပါတယ်။ တိုတို

ကြပ်ကြပ်လေးတွေ ဝတ်တယ်။ ညနေကျ အရက်သောက်တယ်၊ ဘာညာ။ အဲဒါမျိုးဆိုရင်တော့ ဒါ သေချာတယ်။ အနိမ့်ဆုံး ကြိမ်ဒဏ်နဲ့တော့ မိကြမှာမို့ ဖိလစ်ပိုင်သံအမတ်လည်း တော်တော်လေး စိတ်ခတ်ကျပါတယ်။

6th AIPA Caucus မှာ ဗီယက်နမ်နဲ့ ဖိလစ်ပိုင်က တောင်တရုတ်ပင်လယ်ကိစ္စကို တင်ချင်တယ်။ တင်ဖို့ ကျန်ပါတယ်။ ကျွန်တော်တို့ ဖတ်ပြီးကတည်းက ကျွန်တော်တို့လည်း ညှိရပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ကျွန်တော်တို့နိုင်ငံကသမ္မတက လက်ရှိ အာဆီယံဥက္ကဋ္ဌ ဖြစ်နေပါတယ်။ ဒီတောင်တရုတ်ပင်လယ်ကိစ္စမှာ သူက (၆)နိုင်ငံလောက်နဲ့ ဖြစ်တာပေါ့။ တရုတ်-ဂျပန်၊ တရုတ်-ဗီယက်နမ်၊ တရုတ်-ဖိလစ်ပိုင်၊ တရုတ်-မလေးရှား၊ တရုတ်-ဘရူနိုင်း ထိအောင် ပါပါတယ်။ အဲဒီလိုဖြစ်တဲ့ကိစ္စမှာ စွာတာကတော့ ဖိလစ်ပိုင်နဲ့ ဗီယက်နမ်က တင်ချင်တယ်။ ကျွန်တော်တို့လည်း လာညှိတယ်။ ဗီယက်နမ်နဲ့ ကျွန်တော်တို့နဲ့လည်း ခင်တယ်။ ဒါပေမဲ့ ဒါကို သူတို့က Issue တစ်ရပ်အနေနဲ့ တင်မယ့်ကိစ္စကို ကျွန်တော်တို့က ကြိုတင်ပြီးတော့ ညှိထားရတာ ရှိပါတယ်။ ဘရူနိုင်းကတော့ လည်တယ်။ သူက Low Profile သူများ နောက်လိုက်မယ်ဆိုပြီး ခံယူထားတဲ့သဘော ရှိတယ်။ ဒါကြောင့် ကျွန်တော်တို့ အာဆီယံအလှည့်ကျ ဥက္ကဋ္ဌဖြစ်တဲ့အတွက်ကြောင့် မြန်မာနိုင်ငံ ဘာလုပ်မလဲ ဆိုတဲ့ မေးခွန်းကို တိုက်ရိုက်မဖြေဘဲနဲ့ အချင်းချင်းပဲ လှည့်ပတ်ပြီးပြောပြီး လုပ်ရပါတယ်။ မလေးရှား စည်းရုံးလို့ ရပါတယ်။ စင်ကာပူ စည်းရုံးလို့ ရပါတယ်။ အင်ဒိုနီးရှား စည်းရုံးလို့ ရပါတယ်။ ဘရူနိုင်း စည်းရုံးလို့ ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒါကို မတင်ဖြစ်ပါဘူး။ မတင်ဖြစ်ဘဲနဲ့ ဒါကို နောက်ဆုံး ဆုံးဖြတ်လိုက်တာကတော့ Executive ဖြစ်တဲ့ အုပ်ချုပ်ရေးမဏ္ဍိုင်ဖြစ်တဲ့ အာဆီယံဘက်က ဆုံးဖြတ်ချက်ကိုပဲ လိုက်နာမယ်ဆိုပြီး ဆုံးဖြတ်လိုက်ပါတယ်။ အာဆီယံကတော့ Declaration of Conduct လို့ ခေါ်တဲ့ ITLOS နိုင်ငံတကာပင်လယ်ပြင်ဥပဒေရဲ့ ကျင့်ထုံးကို ကြေညာချက်ရှိပါတယ်။ အဲဒီ ကြေညာချက်ကနေ Code of Conduct အဖြစ် လိုက်နာရမယ့် ကျင့်ထုံးအဖြစ်နဲ့ အမြန်ဆုံး ပြောင်းလဲဆောင်ရွက်ရေး ဆိုတဲ့ဟာကိုပဲ ကျွန်တော်ထောက်ခံလိုက်တော့ ပြီးသွားတဲ့သဘော ရှိပါတယ်။

အဓိက အကြံပြုချင်တဲ့ အချက်တစ်ချက် ဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်တွေရဲ့ အားသာချက် ဖြစ်ပါတယ်။ ကျွန်တော်တို့ AIPA ထဲမှာ မြန်မာနိုင်ငံလွှတ်တော် သက်တမ်းအနုဆုံး ဖြစ်ပါတယ်။ အနုဆုံးဖြစ်ပေမယ့်လည်း General Assembly အထွေထွေညီလာခံတွေရော၊ Caucus တွေရော နာယကကြီးများ ဦးဆောင်ပြီး တက်ခဲ့ပါတယ်။ မှတ်တမ်းအရ ပြန်ကြည့်ပါဆိုလို့ရှိရင် (၃၂)ကြိမ်မြောက် ကမ္ဘောဒီးယားမှာ တင်းပြည့်အဖွဲ့ဝင်အဖြစ် လက်ခံတဲ့ အခမ်းအနားမှာ ကျွန်တော်တို့ လွှတ်တော်ဥက္ကဋ္ဌကြီးက ထိုစဉ်က နာယက ဖြစ်တဲ့အတွက်ကြောင့် ကိုယ်တိုင်တက်ပါတယ်။ အလံစိုက်ထူပွဲမှာ ကိုယ်တိုင်တက်ပြီးတော့ ညီလာခံကိုလည်း အစအဆုံးတက်ခဲ့ပါတယ်။ (၃၃)ကြိမ် အင်ဒိုနီးရှားမှာတော့ ကျွန်တော်တို့ဆီက လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးညွန့်တင် ဦးဆောင်ပြီး တက်ကြပါတယ်။ (၃၄)ကြိမ်မြောက် ဘရူနိုင်းမှာ လွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ တက်ပါတယ်။ (၃၅)ကြိမ်မြောက်ကို မကြာခင်လည်း ကျင်းပမှာ ဖြစ်ပါတယ်။ အဲဒီလို နာယကတွေ ကိုယ်တိုင် ဦးဆောင်ပြီး ဆွေးနွေးပူးပေါင်းဆောင်ရွက်တဲ့အတွက်ကြောင့် AIPA အတွင်းမှာ ပေါက်ပေါက်ရောက်ရောက်ရှိပါတယ်။ ဒါ တစ်ချက်က ဝမ်းသာဖို့ ကောင်းတဲ့အချက်တစ်ချက် ဖြစ်ပါတယ်။

နောက် AIPA Secretariat မှာရှိတဲ့ အတွင်းရေးမှူးချုပ်ရုံးက အတွင်းရေးမှူးချုပ် အပါအဝင် အဲဒီအဖွဲ့နဲ့ ခင်မင်ရင်နှီးဖို့ကလည်း အင်မတန် လိုအပ်ပါတယ်။ အဲဒီမှာ လုပ်တဲ့ကိစ္စတွေ အားလုံးက ရုံးအဖွဲ့က လုပ်သွားတာဖြစ်တဲ့အတွက်ကြောင့် သူတို့နဲ့ ဆက်ဆံရေးကောင်းလို့ရှိရင် အကုန်လုံး ပြေပြေ လည်လည်နဲ့ ညှိနှိုင်းလို့ရတဲ့သဘော ရှိပါတယ်။ ကျွန်တော်တို့ကတော့ အရင်တုန်းက လုပ်ခဲ့တဲ့ SG.Mr.Cuenco နဲ့လည်း အစ်ကိုကြီး ဦးညွန့်တင် နဲ့ အင်မတန် ရင်းနှီးသလို ကျွန်တော်လည်း အခု P.O.Ram နဲ့ တော်တော်လေး ရင်းနှီးတဲ့အတွက်ကြောင့် မြန်မာနိုင်ငံကတော့ လုပ်လို့ကိုင်လို့ အဆင်ပြေ ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ရဲ့ အားသာချက်က လွှတ်တော်မှာ AIPA ဆိုင်ရာ ပူးပေါင်းကော်မတီ တစ်ရပ် ဖွဲ့ထားတာ ဖြစ်ပါတယ်။ ဒီကော်မတီတွေကိုပဲ ကိုယ်စားလှယ်အဖြစ် စေလွှတ်ခြင်းအားဖြင့် ဒီလုပ်ငန်းနယ်ပယ်ထဲမှာ ထဲထဲဝင်ဝင် ဖြစ်နေပြီးတော့ ရင်းနှီးပြီးတော့ ပေါက်ပေါက်ရောက်ရောက် ဆောင်ရွက်နိုင်တဲ့ဟာက အားသာချက်ဖြစ်တယ်လို့ ကျွန်တော့်ဘက်က တင်ပြချင်ပါတယ်။

နိဂုံးအားဖြင့်တော့ မြန်မာနိုင်ငံလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ရဲ့ အစည်းအဝေး ရည်ရွယ်ချက် လုပ်ငန်းစဉ်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းနှင့် ပွင့်လင်းစွာဆွေးနွေးနိုင်ခြင်း၊ ရင်းနှီးခင်မင်မှုကို တည်ဆောက်နိုင်ခြင်းဟာ ကျွန်တော်တို့ရခဲ့တဲ့ အကျိုးတစ်ခု ဖြစ်ပါတယ်။ နောက် နိုင်ငံတော် ရပ်တည် ချက်နဲ့ ပြည်ထောင်စုလွှတ်တော်ရဲ့ ဆောင်ရွက်ချက်၊ လွှတ်တော်ရဲ့ ဆောင်ရွက်ချက်တွေကို တင်ပြနိုင်ခွင့် ရခဲ့တယ်။ အသိအမှတ်ပြုခံရပါတယ်။ နိုင်ငံတော်နဲ့ လွှတ်တော်အပေါ် လေးစားမှုအများကြီးရတယ်။ လွှတ်တော်အပေါ်မှာ လေးစားမှုရတာကတော့ ဒီမှာ ASEAN-AIPA Interface လုပ်သွားတဲ့အချိန်မှာ လွှတ်တော်ဥက္ကဋ္ဌတွေ၊ လွှတ်တော်နာယကတွေကနေ ပြည့်စုံတဲ့အစီအစဉ်နဲ့ လုပ်ပေးနိုင်တာတွေ၊ လွှတ်တော်ရဲ့ အဆောက်အဦတွေနဲ့ စီစဉ်ထားမှုတွေ၊ ဧည့်ခံကျွေးမွေးတာတွေ၊ အစည်းအဝေး ကျင်းပ တာတွေ၊ နောက်ဆုံး Laison Officer ပေးတာကအစ ဘက်စုံ ထောင့်စုံဖြစ်တဲ့ အတွက်ကြောင့် ကျေးဇူးတတင်နဲ့ နိုင်ငံတော်ကို အထင်တကြီး၊ လွှတ်တော်ကို အထင်တကြီးရှိတယ် ဆိုတာ ကျွန်တော်တို့ တွေ့ခဲ့ရပါတယ်။ လေ့လာရေးခရီးစဉ်မှာလည်း ထဲထဲဝင်ဝင်လေ့လာ မေးမြန်းပြီး အမြင်ချင်း ဖလှယ်နိုင် ပါတယ်။ အဲဒါကြောင့် နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေးဆိုင်ရာ နားလည်မှုလည်း တည်ဆောက်နိုင်ခဲ့ ပါတယ်။

နောက် (၃၅) ကြိမ်မြောက် AIPA General Assembly နဲ့ 7th Caucus အတွက်လည်း အခြေခံကောင်းတွေ ရရှိခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ ဒါ ကျွန်တော် ဓာတ်ပုံတွေ ဖြစ်ပါတယ်။ ဒါက လွှတ်တော်ဥက္ကဋ္ဌကို Courtesy Call သွားတွေ့ရတဲ့အခမ်းအနား ဖြစ်ပါတယ်။ ဒါကတော့ ဥက္ကဋ္ဌ နဲ့ ဆွေးနွေးတာ ဖြစ်ပါတယ်။ ဒါ ဥက္ကဋ္ဌ ကနေပြီးတော့ သူတို့လွှတ်တော်ရဲ့ လက်ဆောင်ပေးတာ ဖြစ်ပါတယ်။ ကျွန်တော် နာယကဆီ လွှဲပြောင်းပေးအပ်ပြီး ဖြစ်ပါတယ်။ ဒါ ဥက္ကဋ္ဌ က မောင်းတီးပြီးတော့ အခမ်းအနား ကို ဖွင့်လှစ်ပေးတာ ဖြစ်ပါတယ်။ ဒါ လွှတ်တော်ဥက္ကဋ္ဌ က အလယ်မှာထိုင်ပြီး ဟိုဘက်က အိန္ဒိယ အမျိုးသား ကတော့ အထွေထွေအတွင်းရေးမှူးချုပ်ပဲ ဖြစ်ပါတယ်။ ဒီဘက်ကတော့ သဘာပတိလုပ်မယ့် လွှတ်တော်အမတ်ကြီး ဖြစ်ပါတယ်။

ဒါက ညီလာခံအစည်းအဝေး ကျင်းပနေပုံဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်နေတာ ဖြစ်ပါတယ်။ ဒီဘက်ကအစွန်ကပုဂ္ဂိုလ်က ကျွန်တော်နဲ့လိုက်ခဲ့တဲ့ လက်ထောက် ညွှန်ကြားရေးမှူးပဲ ဖြစ်ပါတယ်။ ဒါ စုပေါင်းအမှတ်တရဓာတ်ပုံ ဖြစ်ပါတယ်။ ဒါ ကျွန်တော်တို့

နေ့လယ်စာကို သဘာပတိက ဧည့်ခံကျွေးမွေးတဲ့ အခမ်းအနား ဖြစ်ပါတယ်။ နိုင်ငံခြား ခေါင်းဆောင်ကြီးတွေ သီးသန့်စားတဲ့ အခမ်းအနား ဖြစ်ပါတယ်။ ဒါ ညစာကို သူတို့ ဘုရင့်ရဲ့ Polo Clup မှာ ကျင်းပတာ ဖြစ်ပါတယ်။ သဘာပတိက ကျွေးတာဖြစ်ပါတယ်။ အခမ်းအနား မိန့်ခွန်းပြောတာ ဖြစ်ပါတယ်။ ဒါ ကျွန်တော်တို့ တက်ရောက်တဲ့ပုံ ဖြစ်ပါတယ်။ ကျွန်တော့်ဘေးက စင်ကာပူဖြစ်ပြီး ဟိုဘက်ကတော့ လာအို ဖြစ်ပါတယ်။

ဒါ ဒုတိယနေ့မှာ အခမ်းအနား သဘာပတိဖြစ်ပါတယ်။ ဟိုဘက်က AIPA အတွင်းရေးမှူးချုပ်၊ ဒီဘက်က သဘာပတိ၊ ဒီဘက်က ပူးတွဲသဘာပတိဖြစ်တဲ့ ကမ္ဘောဒီးယားလွှတ်တော်အမတ်၊ နောက်နှစ် အိမ်ရှင် ဖြစ်ပါတယ်။ ဒီဘက်ကတော့ အတွင်းရေးမှူး ဖြစ်ပါတယ်။ ဒါ ကျွန်တော်တို့ ဆုံးဖြတ်ချက်ကို လတ်မှတ်ထိုးရတာ ဖြစ်ပါတယ်။ ကျွန်တော်က နိုင်ငံတော်ကိုယ်စား လတ်မှတ်ထိုးခွင့်ရပါတယ်။ ဒါ ကျွန်တော်တို့ သွားလေ့လာတဲ့ တက္ကသိုလ်ဖြစ်ပါတယ်။ ကျွန်တော်နဲ့ စကားပြောတဲ့ပုဂ္ဂိုလ်က အဲဒါ မြန်မာနိုင်ငံသားပါ။ မြန်မာနိုင်ငံမှာတော့ ဒေါက်တာညီလင်း လို့ ခေါ်ပြီး ဟိုမှာတော့ ဒေါက်တာရားကွတ် ဟာဆန် လား မသိဘူး ဖြစ်နေပါတယ်။ ပါမောက္ခ ဖြစ်နေပါတယ်။ အစ္စလာမ်ဘာသာဝင်ပေါ့နော်။ သူက တော်တော်ထက်ထက်မြက်မြက် ကျွန်တော့်ကို လာနှုတ်ဆက်ပါတယ်။ ဒါ လေ့လာရေးဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့ OG ပေါ့၊ သားဖွားမီးယပ်ဌာန၊ ကိုယ်ဝန်ဆောင်တစ်ယောက်ကို လစေ့နေတဲ့အချိန်မှာ ဗိုက်ခွဲမွေးတဲ့နည်းနဲ့ သာမန်မွေးတဲ့နည်း (၂)နည်းကို သရုပ်ပြဖို့အတွက် ဒီ Simulator အရုပ်က ဒေါ်လာ (၁)သန်း တန်ပါတယ်။ သူနဲ့ တွဲချက်တဲ့ မော်နီတာကလည်း (၁)သန်း တန်တယ်။ Nurse အဆင့်ကို သူတို့ ဒီလိုသင်နိုင်တာ ပိုက်ဆံရှိတော့။ ဒါ ကျွန်တော်တို့ သာမန်မွေးမယ်၊ ဗိုက်ခွဲမွေးမယ်ဆိုလို့ရှိရင် နေရာရမယ့် အနေအထားကို သူတို့ ပြခြင်း ဖြစ်ပါတယ်။ ဒီလူနာတွေဟာ သွေးခုန်နှုန်းစမ်းလို့ရတယ်။ ညည်းတယ်၊ အော်တယ်၊ သွေးခုန်နှုန်းမြင့်သွားတယ်၊ သွေးပေါင်ကျသွားတယ် အကုန်ဖြစ်ပါတယ်။ ဘာလို့လဲဆို ကွန်ပျူတာနဲ့ သူက အထဲက ပါမောက္ခ က ထိန်းထားတာ ဖြစ်ပါတယ်။

ဒါကတော့ အရိုးကျိုးတာပေါ့ Compound Fracture ဒါ ကျွန်တော်လေ့လာခဲ့တဲ့အစီအစဉ် ဖြစ်ပါတယ်ခင်ဗျား။ ဒီအပေါ်က ဒီပတ်ထားတဲ့ဟာက တစ်ခုပြီးတစ်ခုပြောင်းသွားလို့ရတယ်။ Compound Fracture ရှိမယ်။ Simple Fracture ဖြစ်မယ်။ ဒဏ်ရာရမယ်။ သွေးလွန်တာ ဖြစ်မယ်။ အဲဒီလိုမျိုး ပြောင်းသွားလို့ ရပါတယ်။ ဒါကတော့ အကြည်ပေါ့။ အကြည်ဆိုတာ Transparent အထဲက အစာ လေပြွန်ရောဂါနဲ့ ပတ်သတ်လို့ လေ့လာထားတဲ့ဟာ ဖြစ်ပါတယ်။ ပါမောက္ခ က ရှင်းပြနေတာ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ICU ပေါ့။ အသည်းအသန်လူနာကို အထူးကြပ်မတ်ကုသဆောင်ထဲမှာ ထားတဲ့ အနေအထားမျိုး ဖြစ်ပါတယ်။ လူနာတွေ သလိပ်ကပ်ပြီး ချွဲဖောက်နေတာကအစ အသံထွက်ပါတယ်။ ဒါ မြန်မာသံအမတ်ကြီး ပဲ ဖြစ်ပါတယ်။ ဒေါ်ယဉ်ယဉ်မြင့် က ကျွန်တော်တို့ကို ဖိတ်ကြားထားပြီးတော့ သူ့အိမ်မှာ ထမင်းကျွေးပါတယ်။ အဲဒီအိမ်မှာပဲ ကျွန်တော်တို့ ဆွေးနွေးကြတာ ဖြစ်ပါတယ်။ ဒီ Syariah ကိစ္စတွေ၊ ဘာတွေ။ ဒါ ကျွန်တော့်ကို သူရေးခိုင်းလို့ ဧည့်မှတ်တမ်းလေး လတ်မှတ်ထိုးခဲ့ရတာ ဖြစ်ပါတယ်။

ဒါက Shariah တရားရုံးချုပ် ဖြစ်ပါတယ်။ Civil Law နဲ့ Criminal Law အတွက် Supreme Court ဆိုတဲ့ တရားရုံးလွှတ်တော်ချုပ် ရှိနေပေမယ့် သူ့ထက်မြင့်နေတာ Shariah တရားရုံးချုပ်ကို ဘုရင်က အဲဒီလို သတ်မှတ်ပေးထားတာ ဖြစ်ပါတယ်။ ဒီကနေပြီးတော့ စီရင်တာ ဖြစ်တယ်။ ဘာသာရေး ခေါင်းဆောင်တွေက စီရင်တဲ့ ရုံးဖြစ်ပါတယ်။ ဒါအားလုံးမျက်စိထဲမှာ မြင်ယောင်အောင် ကျွန်တော်

တင်ပြခြင်းဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ Shariah နဲ့ ပတ်သတ်လို့ အနည်းငယ်ပဲ ကျွန်တော် တင်ပြပါမယ်။ နောက် ဒုတိယ Slide လေးတစ်ခုတင်ပေးပါ။ ဒါ သူတို့ Syariah ဥပဒေ ကျင့်သုံးမှုလေး ဖြစ်ပါတယ်။ ကျွန်တော် တိုတိုလေးပဲ ရှင်းပြပါမယ်။ ပြောခဲ့သလိုပဲ အောက်တိုဘာ ၂၂ ရက်နေ့ ၂၀၁၃ မှာ စတင်ကြေညာပါတယ်။ (၆)လအကြာမှာ ဧပြီ ၂၂ ရက်က အသက်ဝင်သွားပါတယ်။ Phase One အခု ပထမအဆင့် ကျင့်သုံးနေပါတယ်။ Phase One ကို (၆)လကျင့်သုံးမှာ ဖြစ်ပါတယ်။ ဒါဟာ ကမ္ဘာပေါ်မှာ အစ္စလာမ်မစ်ဥပဒေနဲ့ ကျင့်သုံးတဲ့ စတုတ္ထမြောက်နိုင်ငံ ဖြစ်လာမှာ ဖြစ်ပါတယ်။ ပထမဆုံးနိုင်ငံကတော့ အားလုံးသိတဲ့ ဆော်ဒီအာရေဗျ တို့၊ နောက် သူ့နောက်မှာ ပါကစ္စတန် တို့၊ အာဖဂန်နစ္စတန်တို့ ဒါတွေ ကြားဖူးပါတယ်။

ဒါက ကျွန်တော်တို့ ဒီ Koran ကျမ်းကို အစ္စလာမ်ဘာသာရေးခေါင်းဆောင်ရဲ့ အဆို အမိန့်တွေကို ဒါ တင်ထားတာဖြစ်ပါတယ်။ ဒါကလည်း အလ္လာသခင်ရဲ့ အမိန့်ကို ဆိုထားတာဖြစ်ပါတယ်။ ဒီလိုပါပဲ အဲဒီတော့ ဒါဟာ သူတို့ဘာသာရေးရဲ့ အဆိုအမိန့်တွေကို ကိုးကားပြီးတော့မှ ဒါကြောင့် ဘုရင်ဟာ သူ့မှာ Obligation တာဝန်ရှိတယ်ဆိုပြီး သူက ပြဌာန်းတာဖြစ်ပါတယ်။ ဒါက ပြစ်မှုတွေဟာ ဧပြီလ ၂၂ ရက်က စပါပြီ။ ဘာစလုပ်ပြီလဲဆိုတော့ ဒဏ်ရိုက်ခြင်းနဲ့ ထောင်ဒဏ်ပေးခြင်း စပါသေးတယ်။ ဒီ(၂)ခုပဲ စပါသေးတယ်။ ဒါ (၆)လလုပ်မှာ ဖြစ်ပါတယ်။ ဒါက ဒုတိယအဆင့်မှာကျတော့ (၁၂)လဆိုတော့ ကျွန်တော်တို့ ဒီပထမအဆင့်(၆)လ ကျင့်သုံးပြီးရင် (၁၂)လမြောက်တဲ့လမှာ သူက စတင်ပြီးတော့ အသက်ဝင်မှာ ဖြစ်ပါတယ်။ သေဒဏ်ချတဲ့ ပြစ်မှုကလွဲရင် အပိုင်း(၄)၊ အခန်း(၁)(၂)(၃) မှာ ပါဝင်တဲ့ အခန်းတွေအကုန်လုံး အကျုံးဝင်ပါတယ်။ အဲဒီမှာဆိုလို့ရှိရင် (၂၄)လကြာရင်တော့ တတိယအဆင့်ဖြစ်တဲ့ သေဒဏ်ချမှတ်တဲ့ ပြစ်မှုအပါအဝင် အားလုံးကျင့်သုံးမှာ ဖြစ်ပါတယ်။ ဒါ ကျွန်တော်တို့ ခိုးယက်၊ လုယက်၊ သားမယားပြစ်မှု၊ ကာမပိုင် အဲဒါတွေဆိုရင် ဒါ Hadd လို့ခေါ်တယ်။ နောက်တစ်ခုက သေစေနိုင်တယ်။ နာကျင်စေတယ်ဆိုရင် Qisar ခေါ်တယ်။ နောက် Tazi က ဘာဖြစ်တယ်။ သူတို့ရဲ့ အပြစ်တွေ အုပ်စုခွဲ ထားတာ ဖြစ်ပါတယ်။

ဒီလိုပါပဲ ဒါ နိုင်ငံတော်အကြီးအကဲ ဆိုတာ ဘုရင် ပေါ့။ သူချမှတ်နိုင်တာ သူ့နှုတ်ဖြင့်မှတ်နိုင်တဲ့ အပြစ်တွေ ရှိထားတယ်။ ပြန်လည်ပြုစုပျိုးထောင်မယ် ဆိုတဲ့စကားလေးက သိပ်နူးညံ့ပါတယ်။ Rehad Center ပေါ့။ ထောင်လိုပါပဲ။ စောင့်ကြည့်ဖို့ကတော့ ဒါ Monitor လုပ်တဲ့ စနစ်ပါ။ ကြိမ်ဒဏ်ပါပါတယ်။ သေဒဏ်ပါပါတယ်။ မွတ်စလင် မဟုတ်တဲ့သူရော မွတ်စလင်ဟုတ်တဲ့သူမှာပါ သက်ရောက်ပါတယ်။ ဒါ မွတ်စလင်တွေအတွက် သက်သက်သတ်မှတ်တဲ့ဟာ ဖြစ်ပါတယ်။ ဘုရားရှိခိုးရန် ပျက်ကွက်ရင် အပြစ်နဲ့ ငြိပါတယ်။ Ramadhan မှာ လျှူရမယ့်အလှူ မလှူရင် အပြစ်နဲ့ ငြိပါတယ်။ သောကြာနေ့ ဘုရား မရှိခိုးရင် အပြစ်ငြိပါတယ်။ သောကြာနေ့ နေ့လယ်(၂)နာရီထိုးရင် Restaurant ပိတ်ပါတယ်ခင်ဗျား။ ညမှ ပြန်ဖွင့်ပါတယ်။ ကျွန်တော်တို့ အဲဒီမှာမှ ထမင်းမစားလိုက်ရရင် ငတ်ဖို့ပဲရှိပါတယ်။ ဘာကြောင့် လဲဆိုရင် သူတို့က အကုန်လုံးပိတ်သွားတာ ဟိုတယ်ကအစ ပိတ်ပြီးတော့ ထွက်သွားကြတာ။ ဒါသူတို့ မွတ်စလင်နဲ့ မွတ်စလင်မဟုတ်သူများအပေါ်မှာသက်ရောက်တဲ့ အပြစ်တွေဖြစ်ပါတယ်။ သူက နိုင်ငံတော် ပြင်ပမှာ ရောက်ရှိနေတဲ့ နိုင်ငံသားနဲ့ အမြဲတမ်းနေထိုင်ခွင့် PR ရတဲ့ ပုဂ္ဂိုလ်တွေ အားလုံးပါပါတယ်။

သက်သေထွက်တဲ့နည်း ဖြစ်ပါတယ်။ ဒါ အပြစ်ဒဏ်တွေ ဖြစ်ပါတယ်။ ဒါ ဝန်ခံချက် ပြစ်မှု မြောက်ဖို့အတွက် ဝန်ခံချက်က တစ်နည်း၊ သက်သေထွက်ဆိုတဲ့နည်း (၂)နည်းရှိပါတယ်။ ဒါ သက်ညှာ

နိုင်တဲ့ ကန့်သတ်ချက်ပေါ့။ သူတို့ရဲ့ Minimum Value က ဒေါ်လာ (၃၄၀) ဆိုတဲ့အခါကျတော့ ဗမာငွေ (၃၄၀၀၀၀) ကျမှ သူတို့ ခိုးမှုမြောက်တာ ဖြစ်ပါတယ်။ သူတို့ဆီမှာတော့ ဖိနပ်ခိုး၊ ထဘီခိုးအဆင့်တော့ မရှိဘူးပေါ့။ အဲဒီ ခိုးမှုဆိုတာ (၃၄၀၀၀၀)တန် ရွှေ(၄.၂၅)ဂရမ်နဲ့ညီမှ ခိုးမှုမြောက်ပါတယ်။ ဒါ ကျမ်းစာ အရ လုပ်တာဖြစ်ပါတယ်။ လက်ဆစ်တွေ ဖြတ်တာတို့ ဘာတို့ပေါ့။ လျော်ကြေးဆိုရင်လည်း အဲဒါ အနည်းဆုံး (၃၄၀)ဒေါ်လာဖြစ်ပါတယ်။ အဲဒီမှာ ဘာပါလာလဲဆိုတော့ ယဉ်ကျေးမှုမရှိသော အပြုအမူ၊ မလုံခြုံသော ဝတ်စားဆင်ယဉ်မှုဆိုတာ မွတ်စလင်အမျိုးသမီးက လက်ဖျား၊ ခြေဖျားပဲ ပေါ်ပြီးတော့ ခေါင်းကို ခြုံထားရပါတယ်။ ဟို ဖိလစ်ပိုင် ကလေးမလေးတွေကတော့ ဒီလည်ဟိုက်နဲ့ စကတ်တိုတို ဝတ်တဲ့အခါကျတော့ ဒီဟာနဲ့သွားပြီးတော့ ငြိတဲ့ကာလမှာ ငြိမှာ ဖြစ်ပါတယ်။ အဲဒါလေးတွေကို။

နောက်တစ်ခုက ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြုမူမှုဆိုတာကတော့ ယောက်ျားလျာလို မဝတ်ရဘူး။ မိန်းမလျာလို မဝတ်ရဘူး။ ယောက်ျား ယောက်ျားလိုဝတ်၊ မိန်းမ မိန်းမလိုဝတ်။ ကျွန်တော်က မေးတယ် သူတို့ ဘာသာရေးခေါင်းဆောင်ကို ကျွန်တော်တို့ ပုဆိုးဝတ်တာ ကျွန်တော်တို့ ယဉ်ကျေးမှု။ ဟာ ခင်ဗျားတို့ အဲဒါနဲ့ မဆိုင်ဘူးတဲ့။ ယောက်ျား ဒါ ခင်ဗျားတို့ယောက်ျားဝတ်စုံ ဒါ ရတယ်။ သူတို့ဆီကလူက မိန်းမလို ဝတ်လို့မရဘူး။ အဲဒီမှာပါတယ်။ (၁၈)မှာ တွေ့ပါလိမ့်မယ်။ မွတ်စလင်ဘာသာဝင်ကို ဘာသာပြောင်းရန် စည်းရုံးခြင်းဆိုတာ အဲဒါ သိပ်ကြီးတဲ့ အပြစ်ဖြစ်ပါတယ်။ ကျွန်တော်တို့ဆီမှာတော့ မြန်မာမိန်းကလေးက သူတို့ဘာသာဝင်ကိုယူရင် ဘာသာရေးကို ဇွတ်ပြောင်းဖို့ အကျပ်ကိုင်ပါတယ်။ စဥ်းစားနိုင်ရန် တင်ပြခြင်း ဖြစ်ပါတယ်။ ပြီးတော့ ဘာသာမဲ့ သူ့ဘာသူ ဘာသာမရှိတာကို အစ္စလာမ်ဘာသာထဲ မဝင်စေဘဲ တခြား ဘာသာကို စည်းရုံးရင် သေဒဏ်ဖြစ်နိုင်ပါတယ်။ (၁၈) နှစ်အောက်ကလေးကိုလည်း တခြားဘာသာ ဝင်ရန် စည်းရုံးရင် သေဒဏ်ဖြစ်နိုင်ပါတယ်။ ဆိုလိုတာကတော့ ဘာသာရေးနဲ့ပတ်သတ်ရင် Zero Tolerance ပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ တင်ပြသွားတဲ့ဟာတွေဟာ ဥက္ကဋ္ဌကြီးရဲ့ အမိန့်ရှိတဲ့အတိုင်းပဲ လွှတ်တော် ကိုယ်စားလှယ်များ သိသင့်တယ် ဆိုတဲ့အချက်များကို ကျွန်တော် အချိန်သက်သာစေရန် တင်ပြခြင်း ဖြစ်ပါတယ်။ များစွာကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် အပြည်ပြည်ဆိုင်ရာ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ရီ ခေါင်းဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ ဘန်ဒါဆရီဘီဂါဝန်မြို့တွင် ကျင်းပပြုလုပ်တဲ့ $6^{th}$ AIPA Caucus အစည်းအဝေးသို့ တက်ရောက်ခဲ့တဲ့ ခရီးစဉ်ဆောင်ရွက်ချက် အစီရင်ခံစာကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၇)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၂၈)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို ၁၁း၄၀ နာရီ အချိန်တွင် ရပ်နားပါသည်။]